| ၂၀၁၈ ခုနှစ် |

# မြန်မာနိုင်ငံ အရှေ့တောင်ပိုင်း၏
# လူသားလုံခြုံရေး အခြေအနေ



TBC
The Border Consortium

**နယ်စပ် အကူအညီပေးရေး ညွန့်ပေါင်းအဖွဲ့**
The Border Consortium

၂၀၁၈ ခုနှစ် နိုဝင်ဘာလ

# မြန်မာနိုင်ငံ အရှေ့တောင်ပိုင်း၏
# လူသားလုံခြုံရေး အခြေအနေ

အောက်ပါအဖွဲ့အစည်းများ၏ ကွင်းဆင်းလေ့လာမှုဖြင့် အစီရင်ခံစာအား ရေးသားခဲ့သည်။

နယ်လှည့်ကျောပိုးအိတ် ကျန်းမာရေးလုပ်သားအဖွဲ့
ကရင်ပြည်တွင်းဒုက္ခသည်များဆိုင်ရာ ကော်မတီ
ကရင်ဒုက္ခသည်များ နေရပ်ပြန်ရေးကော်မတီ
မွန်ပြည် လူ့အခွင့်အရေးဖောင်ဒေးရှင်း
ကရင်ကျန်းမာရေးနှင့် လူမှုဖူလုံရေးဌာန
ကရင်သဘာဝပတ်ဝန်းကျင်နှင့် လူမှုရေးဆိုင်ရာလှုပ်ရှားမှုကွန်ရက်
ကရင်လူ့အခွင့်အရေးအဖွဲ့
ကရင်ကယ်ဆယ်ရေးနှင့် ဖွံ့ဖြိုးရေးရုံး
ကရင်ငြိမ်းချမ်းရေး အထောက်အကူပြုကွန်ရက်
စိမ်းလန်းစိုပြေ ကရင်နီမြေ
ကရင်နီဒုက္ခသည် ပြန်လည်နေရာချထားရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းအဖွဲ့
ကရင်နီလူမှုဖူလုံရေးနှင့် ဖွံ့ဖြိုးရေးပင်မ
ကယားပြည်နယ်ငြိမ်းချမ်းရေး လေ့လာစောင့်ကြည့်ရေးကွန်ရက်
မွန်အမျိုးသမီးအစည်းအရုံး
ရှမ်းပြည်နယ် ဖွံ့ဖြိုးရေးဖောင်ဒေးရှင်း
တနင်္သာရီမြစ်မကြီးနှင့် ဌာနေတိုင်းရင်းသားများကွန်ရက်

**နယ်စပ် အကူအညီပေးရေး ညွန့်ပေါင်းအဖွဲ့**
၁၂/၅ ကွန်ဗင့်လမ်း၊ ဘန်ဂရက်၊ ဘန်ကောက်၊ ထိုင်း
တိုက်အမှတ် ၃၀၇၊ ၉၉(ခ)၊ မြေနုလမ်း၊ စမ်းချောင်း၊ ရန်ကုန်၊ မြန်မာ
အီးမေးလ် - tbc@theborderconsortium.org
ဝက်ဘ်ဆိုဒ် - www.theborderconsortium.org

ရှေ့မျက်နှာဖုံးဓာတ်ပုံ။ ။ ပဋိပက္ခများကြောင့်အိုးအိမ်မဲ့ခဲ့ရသူများ၊ ဖာပွန်မြို့နယ်၊ ဇွန်၊ ၂၀၁၈။

ပုံနှိပ်တိုက်။ Wanida Press

# မာတိကာ

**အစီရင်ခံစာအကျဉ်းချုပ်** ........ ၁

**၁။ မိတ်ဆက်** ........ ၃
၁.၁ လူသားလုံခြုံရေးဆိုင်ရာ အယူအဆ ........ ၄
၁.၂ မြန်မာနိုင်ငံ အရှေ့တောင်ပိုင်း၏ အနေအထား ........ ၅
၁.၃ နည်းစနစ်ပိုင်း ........ ၇

**၂။ ကာလကြာမြင့်စွာ အိုးအိမ်စွန့်ခွာနေထိုင်ရခြင်း** ........ ၉
၂.၁ ပဋိပက္ခအခြေခံ နေရပ်စွန့်ခွာရခြင်း ........ ၁၀
၂.၂ သဘာဝ ဘေးအန္တရာယ်ကြောင့် နေရပ်စွန့်ခွာရခြင်း ........ ၁၂
၂.၃ ပြန်လည်ဝင်ရောက်ရေး၊ ပြန်လည်နေရာချရေးနှင့် ပြန်လည်ပေါင်းစည်းရေး ........ ၁၄
၂.၄ ကျန်ရှိနေသေးသည့် ပြည်တွင်း နေရပ်စွန့်ခွာထွက်ပြေးရမှုများ ........ ၁၆

**၃။ စားနပ်ရိက္ခာမဖူလုံမှုနှင့် ကာလရှည် ဆင်းရဲမွဲတေမှု** ........ ၁၉
၃.၁ ပြည်တွင်း နေရပ်စွန့်ခွာသူများ၏ စခန်းများအတွင်း ဆင်းရဲမွဲတေမှုနှင့် အာဟာရအခြေအနေ ........ ၂၀
၃.၂ ပဋိပက္ခဒဏ်ခံရသော လူမှုအသိုင်းအဝိုင်းများတွင် စားနပ်ရိက္ခာလုံခြုံမှု ........ ၂၄

**၄။ နေရပ်ပြန်လည်နေထိုင်သူများ၏ အသံများ** ........ ၂၉
၄.၁ နေရပ်ပြန်လာသည့် အကြောင်းရင်းများ ........ ၃၀
၄.၂ နေရပ်ပြန်ရန်နှင့် ပြန်လည်ပေါင်းစည်းရန်အတွက် အကူအညီရရှိမှုအခြေအနေ ........ ၃၂
၄.၃ နေရပ်ပြန်ရန်နှင့် ပြန်လည်အခြေချနေထိုင်ရန် ရွေးချယ်ပိုင်ခွင့်များ ........ ၃၄
၄.၄ နေရပ်ပြန်လည်အခြေချနေထိုင်ရန် အခက်အခဲများ ........ ၃၅
၄.၅ နေရပ်ပြန်လည်အခြေချနေထိုင်ရာတွင် အောင်မြင်မှုများ ........ ၃၇
၄.၆ အခြား ဒုက္ခသည်များအတွက် သင်ခန်းစာများ ........ ၃၈
၄.၇ အာဏာပိုင်များအတွက် အကြံပြုချက်များ ........ ၄၀

**၅။ အရပ်ဘက်လူမှုအဖွဲ့အစည်းများ၏ ရှုထောင့်အမြင်** ........ ၄၃
၅.၁ အရပ်ဘက် အပစ်အခတ်ရပ်စဲရေး လေ့လာစောင့်ကြည့်ခြင်း (ကယားပြည်နယ် ငြိမ်းချမ်းရေး လေ့လာစောင့်ကြည့်ရေးကွန်ရက် ........ ၄၄
၅.၂ စစ်နှင့် ငြိမ်းချမ်းရေး (ကရင်ပြည်နယ် ငြိမ်းချမ်းရေး အထောက်အကူပြုကွန်ရက်) ........ ၄၆
၅.၃ ကရင်ရပ်ရွာလူထုများတွင် မြေပိုင်ခွင့် ရရှိရေး (ကရင် သဘာဝပတ်ဝန်းကျင်နှင့် လူမှုဆိုင်ရာ လှုပ်ရှားမှုကွန်ရက်) ........ ၄၈
၅.၄ ကရင်ရပ်ရွာလူထုများတွင် မြေယာအခွင့်အရေးကာကွယ်ခြင်း (ကရင်လူ့အခွင့်အရေးအဖွဲ့) ........ ၄၉
၅.၅ မွန်ရပ်ရွာလူထုများတွင် တရားမျှတမှု လက်လှမ်းမှီရရှိမှု (မွန်ပြည်လူ့အခွင့်အရေးဖေါင်ဒေးရှင်း) ........ ၅၁
၅.၆ ရေရှည်တည်တံ့သော စိုက်ပျိုးရေး (တနင်္သာရီမြစ်မကြီးနှင့် ဌာနေတိုင်းရင်းသားများကွန်ရက်) ........ ၅၃
၅.၇ ကယားပြည်နယ်တွင် သဘာဝအရင်းအမြစ် စီမံခန့်ခွဲမှု (စိမ်းလမ်းစိုပြေ ကရင်နီမြေ) ........ ၅၄
၅.၈ သန့်ရှင်းသောရေနှင့် ပတ်ဝန်းကျင်သန့်ရှင်းရေးရရှိမှု (နယ်လှည့်ကျောပိုးအိတ် ကျန်းမာရေး လုပ်သားအဖွဲ့) ........ ၅၅
၅.၉ ပညာသင်ကြားခွင့်ရရှိမှု (မွန်အမျိုးသမီးအစည်းအရုံး) ........ ၅၇
၅.၁၀ ဒုက္ခသည်များ နေရပ်ပြန်ခြင်း၊ ပြန်လည်နေရာချထားခြင်းနှင့် ပြန်လည် ပေါင်းစည်းခြင်း (ကရင်နီဒုက္ခသည် ပြန်လည်နေရာချထားရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းအဖွဲ့) ........ ၅၈

**နောက်ဆက်တွဲ ၁** ပြည်တွင်းနေရပ်စွန့်ခွာထွက်ပြေးသူလူဦးရေ ခန့်မှန်းခြေများ (၂၀၁၈) ........ ၆၀
**နောက်ဆက်တွဲ ၂** အိမ်ထောင်စု စားနပ်ရိက္ခာဖူလုံမှုဆိုင်ရာ မေးခွန်းလွှာ ........ ၆၁
**နောက်ဆက်တွဲ ၃** ပြည်တွင်းနေရပ်စွန့်ခွာထွက်ပြေးမှု စစ်တမ်းလမ်းညွှန်များ ........ ၆၅
**နောက်ဆက်တွဲ ၄** နေရပ်ပြန်လာသူ ဒုက္ခသည်များအား မေးခွန်းမေးမြန်းခြင်းဆိုင်ရာ လမ်းညွှန်များ ........ ၆၇

# အကျဉ်းချုပ်

ကမ္ဘာ့ကုလသမဂ္ဂအထွေထွေညီလာခံမှ အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေး ကြေညာစာတမ်းအား လွှန်ခဲ့သော နှစ်ပေါင်း ၇၀ က အတည်ပြုပြဋ္ဌာန်းပြီးချိန်မှစ၍ လူသားအားလုံးတို့၏ မွေးရာပါ ကိုယ်ပိုင်လွတ်လပ်ခွင့်နှင့် တန်းတူညီမျှရှိမှုတို့အား အသိအမှတ်ပြုရာတွင် များစွာ တိုးတက်မှုရှိခဲ့သည်။ သို့ရာတွင် လူသားအားလုံး ဂုဏ်သိက္ခာရှိရှိဖြင့် အသက်ရှင်နေထိုင်နိုင်ရန်နှင့် အသက်မွေးဝမ်းကြောင်းပြုနိုင်ရန် မည်သူတစ်ဦးတစ်ယောက်ကိုမျှ ချန်မထားပဲ အားလုံးအတွက် လုပ်ဆောင်ရေး ဆိုသောမူအတိုင်း လုပ်ဆောင်ရာတွင် တွေ့ကြုံရသော စိန်ခေါ်မှုများမှာ မည်သည့်အချိန်အခါကထက်မဆို ကြီးမားလျက် ရှိနေသည်။ ဤအစီရင်ခံစာသည် မြန်မာနိုင်ငံအရှေ့တောင်ပိုင်းရှိ ကျေးလက်ဒေသများ၏ လူသားလုံခြုံမှုရေးရာတို့ကို အကဲဖြတ်ရာတွင် ထိခိုက်ရှုလွယ်မှုနှင့် ရုန်းကန်ရှင်သန်မှုတို့သည် မပြီးဆုံးနိုင်သည့် စစ်ပွဲများနှင့် နေရပ်စွန့်ခွာမှုတို့၏ အကျိုးဆက်အမွေပင် ဖြစ်ကြောင်းကို တွေ့ရှိခဲ့သည်။

ယခုလုပ်ဆောင်သည့် သုတေသနအနေဖြင့် စားနပ်ရိက္ခာလုံခြုံရေး အကဲဖြတ်ချက်များ၊ ပြည်တွင်းနေရပ်စွန့်ခွာမှုအပေါ် ခန့်မှန်းချက်များ၊ နေရပ်ပြန်ဒုက္ခသည်တို့၏ အတွေ့အကြုံများနှင့် အရပ်ဘက်လူမှုအဖွဲ့အစည်းများ၏ ရှုထောင့်များကို စုစည်းခဲ့သည်။ ယင်းစုစည်းချက်များကို အရပ်ဘက်လူမှုအဖွဲ့အစည်း ၁၆ ခုတို့၏ ကွင်းဆင်းလေ့လာချက်များနှင့် ဆန်းစစ်ချက်များအပေါ် အခြေခံ၍ နယ်စပ်အကူအညီပေးရေး ညွှန့်ပေါင်းအဖွဲ့ (TBC) မှ ညှိနှိုင်းဆောင်ရွက်သည်။

ပြည်တွင်းနေရပ်စွန့်ခွာမှု၏ အတိုင်းအတာ၊ ပြန့်နှံ့မှုနှင့် အကြောင်းတရားများကို မြို့နယ် ၂၆ ခု အတွင်းရှိ ကျေးလက်ဒေသများတွင် လေ့လာအကဲဖြတ်ရာတွင် မြေပြင်အတွေ့အကြုံရှိကြသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများနှင့် အရပ်ဘက်လူမှုအဖွဲ့အစည်းများမှ ဩဇာရှိသူများနှင့် ထဲထဲဝင်ဝင် တွေ့ဆုံမေးမြန်းခဲ့သည်။ အဆိုပါဒေသများရှိ အနည်းဆုံး လူဦးရေ ၁၆၂,၀၀၀ သည် နေရပ်စွန့်ခွာ နေထိုင်နေကြရဆဲဖြစ်သည်။ ထိုအရေအတွက်သည် ၂၀၁၂ ခုနှစ်အတွင်း ကွင်းဆင်း စာရင်းကောက်စဉ်က ခန့်မှန်းခဲ့သည့် IDP ဦးရေ၏ ထက်ဝက်ခန့်ပင်ဖြစ်သည်။ ယခုကဲ့သို့ လူဦးရေ ကျဆင်းသွားရခြင်းမှာ IDP များအနေဖြင့် ရွှေ့ပြောင်းနေထိုင်ရမှုအပေါ် အဖြေရှာနိုင်စွမ်းရှိလာကြခြင်းနှင့် ရှမ်းပြည်နယ်တောင်ပိုင်းအတွင်း ဒေသအနည်းငယ်ကိုသာ ရွေးချယ်ကွင်းဆင်း လေ့လာခဲ့ရခြင်းကြောင့်ဖြစ်သည်။

မြန်မာနိုင်ငံ အရှေ့တောင်ပိုင်း၏ ကျေးလက်ဒေသ နှစ်စဉ်ပျမ်းမျှ နေရပ်စွန့်ခွာနှုန်းမှာ ၂၀၀၃ နှင့် ၂၀၁၁ တို့ အကြားတွင် ၇၅,၀၀၀ ရှိနေရာမှ ၂၀၁၂ ခုနှစ်မှစ၍ ၁၀,၀၀၀ သို့ ကျဆင်းသွားခဲ့ပါသည်။ ယခင်ကနေရပ်စွန့်ခွာမှုသည် လက်နက်ကိုင်ပဋိပက္ခကြောင့် အဓိကဖြစ်ပေါ်ခဲ့ရသော်လည်း ပြီးခဲ့သော ၅ နှစ်အတွင်း ခန့်မှန်းချေအားဖြင့် ၇၅% ကျော်သည် သဘာဝဘေးအန္တရာယ်ကြောင့် နေရပ်စွန့်ခွာခဲ့ကြရခြင်းဖြစ်သည်။ ယခင်က နေရပ်စွန့်ခွာခဲ့ကြရသူ ၁၆၂,၀၀၀ ခန့်သည် မိမိတို့နေထိုင်ရာကျေးရွာများသို့ဖြစ်စေ၊ ပတ်ဝန်းကျင်ဒေသများသို့ဖြစ်စေ ၂၀၁၃ မှ ၂၀၁၈ ကာလ အတွင်းပြန်လည်နေထိုင်နိုင်ရန် ကြိုးစားခဲ့ကြသည်။ သို့ရာတွင် လုံခြုံရေးနှင့် အသက်မွေးဝမ်းကျောင်းအတွက် စိုးရိမ်ဖွယ်ရာများ စဉ်ဆက်မပြတ်ရှိနေသေးရာ ထိုကဲ့သို့ ပြန်လည်ရွှေ့ပြောင်းနေထိုင်မှုများနှင့် ပြန်လည်ပေါင်းစည်းမှု တို့သည် ရေရှည်တည်မြဲနိုင်ခြင်း ရှိမရှိ ဆိုသည်မှာ သံသယ ဖြစ်ဖွယ်ရှိနေပါသည်။

ပဋိပက္ခဒဏ်ခံလူ့အဖွဲ့အစည်းများနှင့် IDP စခန်းများအတွင်း စားနပ်ရိက္ခာလုံခြုံမှုကို တိုင်းတာနိုင်ရန်အတွက် အစုငယ်များခွဲ၍ အဆင့်လိုက် နမူနာယူခြင်းနည်းလမ်းအား အသုံးပြု၍ အသက် ၆ လ မှ ၅၉ လ အကြား ကလေးငယ် ၉၉၄ ဦးအပါအဝင် အိမ်ထောင်စု ၁၀၀၀ ကျော်တို့အား ကွင်းဆင်းလေ့လာခဲ့ပါသည်။ ထွက်ပေါ်လာသည့်ရလဒ်မှာ စိတ်မချမ်းမြေ့ဘွယ်ရာပင်ဖြစ်သည်။ ကရင်ပြည်နယ်မြောက်ပိုင်းရှိ ကရင်လူ့အဖွဲ့အစည်းများအတွင်း ကလေးသူငယ် ၁၇.၆% သည် ကမ္ဘာတစ်ဝန်း ဒုက္ခသည်အုပ်စုများတွင် တွေ့ရသည့် ပြင်းထန်အာဟာရချို့တဲ့မှုကို ခံစားနေရသည်။ ထိုရာခိုင်နှုန်းသည် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO) ၏ စံနှုန်းအရ ဆိုးရွားသည့် အရေးပေါ်ကျန်းမာရေးအခြေအနေပင်ဖြစ်သည်။ IDP စခန်းများအတွင်း ကလေးငယ်တို့၏ ပိန်လှီခြင်းနှုန်းသည် ၇.၅% သာဖြစ်သော်လည်း WHO ၏ အဆင့်အတန်း သတ်မှတ်ချက်အရမူ နိမ့်ကျဆဲပင်ဖြစ်သည်။

သန့်ရှင်းသည့် သောက်သုံးရေနှင့် ကျန်းမာရေးနှင့် ညီညွတ်သည့် ရေအိမ်များ ရရှိရန်ခက်ခဲခြင်းနှင့် စိုက်ပျိုးမြေနှင့် အိမ်နောက်ဖေးစိုက်ခင်းများ ရရှိနိုင်ခြေ နည်းပါးခြင်းတို့၏ အကျိုးဆက် ရလဒ်များဖြစ်သော ဝင်ငွေရလမ်းနှင့် အစားအစာ အမယ်စုံ စားသုံးနိုင်ရန် အခွင့်အရေးနည်းပါးခြင်းတို့နှင့်အတူ ရေရှည်အာဟာရချို့တဲ့မှု (ပုညှက်ခြင်း) သည်လည်း မြင့်မားလျက်ရှိသည်။ ထို့ပြင် မွေးစမှ ပထမခြောက်လအတွင်း ကလေးငယ်အား မိခင်နို့တစ်မျိုးတည်းကိုသာ တိုက်ကျွေးရန် ဆော်ဩချက်ကိုလည်း စစ်တမ်းဖြေဆိုသူများက လိုက်နာမှု မရှိခဲ့ကြောင်းတွေ့ရှိရသည်။

ဒုက္ခသည်များ၏ ပြန်လည်အခြေချမှုဆိုင်ရာ အမြင်များကို နိုင်ငံအနှံ့ ၉ မြို့နယ်မှ နေရပ်ပြန် ၂၀ ဦးတို့အား အပြန်အလှန် ဆွေးနွေးမှုသဏ္ဌာန် တွေ့ဆုံမေးမြန်းမှုများမှတဆင့် ပုံဖော်ခဲ့ခြင်းဖြစ်သည်။ အစီရင်ခံစာများအရဆိုလျှင် ဒုက္ခသည်များအား စခန်းများကို စွန့်ခွာရန် တွန်းအားပေးနေသည့် အကြောင်းရင်းများသည် ဒုက္ခသည်များအား မြန်မာနိုင်ငံသို့ ပြန်လာရန် ဆွဲဆောင်နေသည့် မက်လုံးများထက် ပိုမိုအားကောင်းလျက်ရှိနေသည်။ ဒုက္ခသည်စခန်းများအတွက် အကူအညီများအား ရုပ်သိမ်းသွားခြင်း၊ အထူးသဖြင့် တရစ်ရစ်လျော့ချလျက်ရှိသည့် စားနပ်ရိက္ခာ ထောက်ပံ့မှုများသည် အဓိကအကျဆုံးသော အကြောင်းပြချက်ဖြစ်သည်။ လူ့အဖွဲ့အစည်းအတွင်း ပြန်လည်ပေါင်းစည်းရေးအတွက် အဓိက စိန်ခေါ်မှုများမှာ ပညာသင်ကြားခွင့်၊ မြေယာလုပ်ပိုင်ခွင့်နှင့် အသက်မွေးမှုအတွက် ပြန်လည်တည်ထောင်ပိုင်ခွင့်တို့နှင့် ပတ်သက်ကြောင်း ဒုက္ခသည်များ ထံမှ သိရှိခဲ့ရသည်။

မိမိဆန္ဒအလျောက် နေရပ်ပြန်လာသူအချို့က သူတို့အနေဖြင့် UNHCR ၏ အထောက်အပံ့အစီအစဉ်ဖြင့် နေရပ်ပြန်ခဲ့ပါက မှတ်ပုံတင်နှင့် အိမ်ထောင်စု စာရင်းများကို ပိုလွယ်ကူစွာ ရရှိခဲ့လိမ့်မည် ဖြေဆိုကြပြီး အခြားဒုက္ခသည်များအား UNHCR ၏ အစီအစဉ်ဖြင့် နေရပ်ပြန်ရန် တိုက်တွန်းကြသည်။ ပြန်လည်ဝင်ရောက်ရန် စီစဉ်နေကြသည့် အခြား ဒုက္ခသည်များအတွက် အကြံပြုချက်များတွင် အလုပ်အမျိုးမျိုးတွင် အသုံးချနိုင်သည့် စွမ်းရည်ကို အမြန်ဆုံး မြှင့်တင်ရန်၊ အခြေချနိုင်ရန် အလားအလာရှိသည့် နေရာများကို ထည့်သွင်းစဉ်းစားထားရန်၊ မိမိခြေထောက်ပေါ်တွင် ရပ်တည်နိုင်ရန်အတွက် အစီအစဉ် ရေးဆွဲထားရန်တို့ ပါဝင်သည်။ မိမိတို့အနေဖြင့် နေရပ်ပြန်နိုင်ရန်နှင့် ရပ်ရွာလူထုအတွင်း ပြန်လည်ပေါင်းစည်းနိုင်ရန်အတွက် ပြန်လည်ဝင်ရောက်လာသူတို့က အစိုးရ၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများနှင့် နိုင်ငံတကာ အလှူရှင်များမှ ကူညီနိုင်သည့် နည်းလမ်းအသီးသီးကို အကြံပြုတင်ပြခဲ့ကြရာတွင် နေထိုင်ရန်နှင့် လယ်ယာလုပ်ကိုင်နိုင်ရန်တို့အတွက် ထိရောက်သည့် မြေယာပြန်လည်ချပေးရေး လုပ်ငန်းစဉ်ကို အများဆုံး တောင်းဆိုကြသည်။

ပဋိပက္ခဒဏ်ခံ ဒေသများအတွင်း လူသားလုံခြုံရေးအပေါ် အမြင်များနှင့်ပတ်သက်၍ ကရင်၊ မွန်နှင့် ကရင်နီ လူ့အဖွဲ့အစည်းတို့အား ကိုယ်စားပြုသော အရပ်ဘက်လူမှုအဖွဲ့အစည်း ၁၀ ခုမှ တင်ပြခဲ့ကြသည်။ ယင်းတို့တွင် အရပ်ဘက် အပစ်အခတ်ရပ်စဲရေး စောင့်ကြည့်မှုနှင့်ပတ်သက်သည့် သဘောတရားများနှင့် လုပ်ထုံးလုပ်နည်းများအား ဒေသအလိုက် လိုက်လျောညီထွေရှိစွာ ညှိနှိုင်းအသုံးချရန် အရေးကြီးကြောင်းနှင့် အပစ်အခတ်ရပ်စဲရေး သဘောတူညီချက်အား အကြိမ်ကြိမ် ချိုးဖောက်နေခြင်းကြောင့် ယုံကြည်မှု တည်ဆောက်ရာတွင် တွေ့ကြုံရသည့် စိန်ခေါ်မှုများ ပါဝင်သည်။ လက်ရှိ ရိုးရာဓလေ့ထုံးတမ်းစဉ်လာ မြေယာ စီမံခန့်ခွဲမှုစနစ်ကို အသိအမှတ်ပြုရန် အရေးပါကြောင်းကို အသားပေး၍ မြေယာ အငြင်းပွားမှုများ ဖြေရှင်းရေးအတွက် အကြံပြုချက်များကိုလည်း တင်ပြခဲ့ကြသည်။

လူ့အခွင့်အရေးချိုးဖောက်မှုများကို ရပ်တန့်စေ၍ နောင်တွင်လည်း မဖြစ်ပွားစေရန် တားဆီးခြင်းအပြင် ယခင်က ကျူးလွန်ခဲ့သည့် လူ့အခွင့်အရေး ဖေါက်ဖျက်မှုများကို ဖြေရှင်းရာတွင် တွေ့ကြုံရမည့် စိန်ခေါ်မှုများနှင့်ပတ်သက်၍လည်း တင်ပြခဲ့ကြသည်။ ရေရှည် ထွန်ယက်စိုက်ပျိုးနိုင်မှုနှင့် စားနပ်ရိက္ခာလုံခြုံမှုအား ခြိမ်းခြောက်နေသည့် အကြောင်းရင်းများကို ဆန်းစစ်လေ့လာပြီး ဒေသခံ ရပ်ရွာလူထုများအနေဖြင့် မျှတသည့် သဘာဝအရင်းအမြစ် စီမံခန့်ခွဲမှုကို မြှင့်တင်နိုင်မည့် နည်းစနစ်များကို အကြံပြုခဲ့သည်။ ရေမှတဆင့် ပြန့်ပွားသည့် ရောဂါများ ပြန့်နှံ့မှုအပေါ် တိုင်းရင်းသား ကျန်းမာရေး စောင့်ရှောက်သူများ၏ တုံ့ပြန်မှုကို မှတ်တမ်းတင်ခဲ့သည်။ သင်ယူလေ့လာရန် အခွင့်အလမ်းများ ပိုမိုများပြားစေရန်အတွက် မိခင်ဘာသာစကား အခြေပြု ဘာသာစကားစုံပညာရေး၏ အရေးပါမှုကိုလည်း အလေးပေးတင်ပြခဲ့သည်။ နိဂုံးအနေဖြင့် ပြန်လည်ဝင်ရောက်လာကြသည့် ဒုက္ခသည်များအား နေရာပြန်လည် ချထားရေးနှင့် ပြန်လည်ပေါင်းစည်းရေးတို့နှင့်ပတ်သက်သည့် စိုးရိမ်မှုများကို အထူးပြုဖေါ်ပြထားသည်။

ပြည်တွင်းနေရပ်စွန့်ခွာမှုနှင့်ပတ်သက်သည့် လမ်းညွှန်ချက်များအား ချမှတ်ပြီး နှစ် ၂၀ အကြာတွင် မြန်မာနိုင်ငံ အရှေ့တောင် ဒေသတွင်း ကာလရှည်ပဋိပက္ခများနှင့် နေရပ်စွန့်ခွာမှုတို့၏ သက်ရောက်မှုတို့မှာ ကြီးမားနေဆဲဖြစ်ကြောင်း ဤအစီရင်ခံစာက ဝမ်းနည်းဖွယ် သတိပေးလိုက်ခြင်းဖြစ်သည်။ လူသားလုံခြုံရေးကို တိုးမြှင့်ဖေါ်ဆောင်ရန်အတွက် လူ့အခွင့်အရေးကို အခြေခံသည့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ လုပ်ငန်းရပ်များ၊ ဖွံ့ဖြိုးမှုဆိုင်ရာ လုပ်ငန်းရပ်များနှင့် ငြိမ်းချမ်းရေး တည်ဆောက်မှုဆိုင်ရာ လုပ်ငန်းရပ်များအား ပေါင်းစည်းဆက်စပ်ပေးရန် တောင်းဆိုမှုများသည် လိုအပ်မြဲ လိုအပ်လျက်ပင်ရှိနေသည်။ လူထုအခြေပြုတုန့်ပြန်ချက်များတွင် မည်သူတစ်ဦးတစ်ယောက်မျှ မကျန်ရစ်စေရန် အလို့ငှာ ဒေသခံတိုင်းရင်းသား အဖွဲ့အစည်းတို့၏ အသံများနှင့် စိုးရိမ်ပူပန်မှုများကို မူဝါဒရေးဆွဲမှုအပိုင်း၏ အရေးပါသော ကဏ္ဍတွင် ထားရှိရမည်။

# အခန်း ၁။
# နိဒါန်း



မြစ်အတွင်း ရပ်ရွာလူထု စည်းရုံးလှုံ့ဆော်ခြင်း
၂၀၁၅၊ *TRIPNET*



တိုင်းရင်းသား လက်နက်ကိုင်
အဖွဲ့အစည်းများ ထိပ်သီးညီလာခံ၊ လှိုင်းဘွဲ့၊
၂၀၁၅၊ *CIDKP*

# ၁.၁ လူသားလုံခြုံရေးဆိုင်ရာ အယူအဆ

စစ်အေးကာလပြီးဆုံးချိန်မှစ၍ လူသားလုံခြုံရေးသည် ကမ္ဘာလုံးဆိုင်ရာ ဖွံ့ဖြိုးမှုအပေါ် အကျယ်တဝင့် ဆွေးနွေးမှု၏ အစိတ်အပိုင်းတစ်ရပ် ဖြစ်လာခဲ့သည်။ ယင်းသည် လုံခြုံရေးဆိုင်ရာ ဆန်းစစ်သုံးသပ်မှုများ အားပြုလုပ်ရာတွင် ယခင်က အမျိုးသားအကျိုးစီးပွားနှင့် နယ်မြေထိန်းချုပ်မှုတို့အပေါ် အခြေခံခဲ့ရာမှ လူထု ဗဟိုပြုချဉ်းကပ်မှုသို့ ပိုမိုယိမ်းသွားစေခဲ့သည်။ ကြောက်ရွံ့မှုမှ ကင်းဝေးရေးနှင့် လိုအပ်ချက်ပြည့်စုံရေးတို့ကို ကုလသမဂ္ဂဖွံ့ဖြိုးရေးအစီအစဉ် (UNDP) မှ ၁၉၉၄ ခုနှစ်တွင် လူ့အဖွဲ့အစည်း၏ အဓိကအစိတ်အပိုင်း နှစ်ရပ်အဖြစ် ဖော်ပြခဲ့သည်။ စီးပွားရေးရာလုံခြုံမှု၊ စားနပ်ရိက္ခာလုံခြုံမှု၊ ကျန်းမာရေးလုံခြုံမှု၊ သဘာဝပတ်ဝန်းကျင်လုံခြုံမှု၊ လူတစ်ဦးချင်းရေးရာ လုံခြုံမှု၊ လူ့အဖွဲ့အစည်းလုံခြုံမှုနှင့် နိုင်ငံရေးလုံခြုံမှုတို့အား အရေးပါသည့် အချက် ၇)ချက်အဖြစ် သတ်မှတ်ခဲ့သည်။[1] လူသားလုံခြုံမှုဆိုသည့် ဝေါဟာရအပေါ် လက်ရှိအဓိပ္ပါယ်ဖွင့်ဆိုချက်ကို ကောင်းမွန်စွာ နားလည်နိုင်စေရန် နိုင်ငံတကာဥပဒေ၊ နိုင်ငံအချုပ်အခြာအာဏာနှင့် လူ့အခွင့်အရေးတို့အပေါ် ခြုံငုံသုံးသပ်ချက်ကို အောက်တွင် ဖော်ပြထားသည်။

နိုင်ငံတကာဥပဒေဆိုသည်မှာ အခြားနိုင်ငံများ၏ လွတ်လပ်ရေးနှင့် နယ်မြေတည်တံ့ခိုင်မြဲမှုကို လေးစားလိုက်နာရန် တာဝန်ရှိသကဲ့သို့ တစ်ချိန်တည်းမှာပင် မိမိနိုင်ငံသားတို့၏ လူ့အခွင့်အရေးများကိုလည်း ဖြည့်စည်းပေးရန် တာဝန်ရှိသည့် အချုပ်အခြာပိုင်နိုင်ငံများဟူသော အယူအဆအပေါ် အခြေခံသည်။ လူ့အခွင့်အရေးဆိုင်ရာ ဥပဒေသည် နိုင်ငံတော်အာဏာပိုင်များအနေဖြင့် နိုင်ငံသားတို့၏ ဂုဏ်သိက္ခာ၊ လွပ်လပ်မှုနှင့် တန်းတူညီမျှရှိမှုတို့အား မြှင့်တင်ကာကွယ်ရန် တာဝန်များကို သတ်မှတ်ပေးသည်။ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ဥပဒေသည် လက်နက်ကိုင် တိုက်ခိုက်မှုတွင် ပါဝင်သူများအနေဖြင့် အရပ်သားများနှင့် စစ်သုံ့ပန်းများအား အန္တရာယ်မှ အကာကွယ်ပေးရန် တာဝန်ကို ဖော်ပြသည်။

သို့ရာတွင် နိုင်ငံတော်အာဏာပိုင်များသည်ပင်လျှင် ရံဖန်ရံခါတို့တွင် အကြမ်းဖက်မှုနှင့် မတရားမှုတို့ကို အဓိကအားဖြင့် ကျူးလွန်သူများဖြစ်နေပြီး သမိုင်းအစဉ်အလာအရ "ပြည်တွင်းရေးရာကိစ္စ" ဟုခေါင်းစဉ် တပ်ထားသည့် အဆိုပါ ကျူးလွန်မှုများအပေါ် နိုင်ငံတကာမိသားစုအနေဖြင့် ဝင်ရောက်စွက်ဖက်ရန် ဝန်လေးနေခဲ့ကြသည်။ ၁၉၉၀ ခုနှစ်များအတွင်း လူသားချင်းစာနာထောက်ထားမှုဆိုင်ရာဥပဒေအား အကြီးအကျယ် ချိုးဖောက်သည့် ဖြစ်စဉ်များအပေါ် နိုင်ငံတကာမှ ထိထိရောက်ရောက် တုံ့ပြန်နိုင်ခြင်း မရှိခဲ့၍ လူမျိုးတုံးသတ်ဖြတ်မှု၊ လူသားမျိုးနွယ်အပေါ် ကျူးလွန်သည့် ရာဇဝတ်မှုများနှင့် စစ်ရာဇဝတ်မှုများကို ကျူးလွန်သည့်ပြစ်ဒဏ်မှ ကင်းလွတ်ခွင့်ရှိနေခြင်းကို ဖြေရှင်းရန် နိုင်ငံတကာရာဇဝတ်ခုံရုံး (International Criminal Court) အားတည်ထောင်ခဲ့သည်။ အလားတူပင် နိုင်ငံတော်အာဏာပိုင်များမှ မလုပ်ဆောင်နိုင်လျှင်ဖြစ်စေ (သို့) လုပ်ဆောင်လိုခြင်း မရှိခဲ့လျှင်ဖြစ်စေ အန္တရာယ် ကြီးကြီးမားမား ရင်ဆိုင်နေရသူများအား နိုင်ငံတကာအသိုင်းအဝန်းမှ "ကာကွယ်ရန်တာဝန်ရှိမှု"ကို ကမ္ဘာ့ခေါင်းဆောင်များက ၂၀၀၅ ခုနှစ်တွင် အတည်ပြုခဲ့ကြသည်။[2]

၂၁ ရာစုအစတွင် ဖြစ်ပေါ်လာသည့် နိုင်ငံတကာ အကြမ်းဖက်မှုသည်လည်း လူသားချင်းစာနာမှုဆိုင်ရာ အကာအကွယ်၊ ရေရှည်ဖွံ့ဖြိုးတိုးတက်မှု၊ နိုင်ငံတော် အချုပ်အခြာအာဏာနှင့် ဒေသတွင်းလုံခြုံမှုတို့အကြား ဆက်နွယ်မှုများအပေါ် ထားရှိသည့် အမြင်များကို ပြောင်းလဲစေခဲ့သည်။"အရပ်သားများအား တမင်ရည်ရွယ်၍ ပစ်မှတ်ထားခြင်းနှင့် လက်နက်ကိုင် ပဋိပက္ခများအတွင်း လူ့အခွင့်အရေးနှင့် လူသားချင်းစာနာမှုဆိုင်ရာ ဥပဒေများအား စနစ်တကျ၊ ပြောင်ပြောင်တင်းတင်းနှင့် ကျယ်ကျယ်ပြန့်ပြန့်ကျူးလွန်ခြင်းသည် နိုင်ငံတကာ ငြိမ်းချမ်းရေးနှင့် လုံခြုံရေးအား ခြိမ်းခြောက်ခြင်းပင်ဖြစ်သည်"[3] ဟု ကုလသမဂ္ဂလုံခြုံရေးကောင်စီက အသိအမှတ်ပြုသည်။ နာတာရှည်ဆင်းရဲမွဲတေမှုနှင့် အရာမသွင်းခံရခြင်းတို့ကြောင့် ဖြစ်ပေါ်လာသည့် ချို့တဲ့နွမ်းပါးမှုတို့အားလည်း အစွန်းရောက်မှု၏ မျိုးစေ့များနှင့် ဒေသတွင်းလုံခြုံမှုတို့အတွက် အန္တရာယ်များအဖြစ် ကျယ်ပြန့်စွာ အသိအမှတ်ပြုထားသည်။

လူသားလုံခြုံရေးသည် လူသားတို့၏ ရှင်သန်နေထိုင်မှု၊ အသက်မွေးဝမ်းကြောင်းပြုမှုနှင့် ဂုဏ်သိက္ခာများအားလုံးနှင့် ဆက်စပ်နေသော စိန်ခေါ်မှုများကို တုန့်ပြန်ဖြေရှင်းသင့်ကြောင်း နိုင်ငံ့ခေါင်းဆောင်များနှင့် အစိုးရအဖွဲ့ အကြီးအကဲများက ၂၀၁၂ တွင်

---

1 ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ်၊ ၁၉၉၄၊ လူသားမျိုးနွယ် ဖွံ့ဖြိုးရေး အစီရင်ခံစာ၊ စာ ၂၄-၃၃

2 ကုလသမဂ္ဂလုံခြုံရေးကောင်စီ၊ ၂၀၀၅ ကမ္ဘာ့ထိပ်သီးဆွေးနွေးပွဲ ရလာဒ် စာတမ်း၊ UN doc. A/Res/60/1, ၂၀၀၅ အောက်တိုဘာ ၂၄

3 ကုလသမဂ္ဂလုံခြုံရေးကောင်စီ၊ ဆုံးဖြတ်ချက် ၁၆၇၄၊ ၂၀၀၆ ခုနှစ် ဧပြီလ ၂၈ တွင် ချမှတ်သည်။

သဘောတူညီခဲ့ကြသည်။[4] လူသားလုံခြုံရေးနှင့်ပတ်သက်၍ သူတို့၏ ဘုံအမြင်နားလည်မှုများတွင် အောက်ပါတို့ ပါဝင်သည်။

- ဆင်းရဲခြင်းနှင့် မျှော်လင့်ချက်ကင်းမဲ့ခြင်းတို့မှ ကင်းဝေးပြီး လွတ်လပ်စွာနှင့် ဂုဏ်သိက္ခာရှိစွာ နေထိုင်ပိုင်ခွင့် ရှိသည်။
- လူသားအားလုံးတို့အား အကာအကွယ်ပေးမှုနှင့် လုပ်ပိုင်ခွင့်တို့အား ခိုင်မာစေသည့် လူထုအခြေပြုသော၊ အလုံးစုံပါဝင်သော၊ အခြေအနေပေါ် လိုက်၍ အထူးပြုသော၊ ကာကွယ်တားဆီးရေးကို ဦးစားပေးသော တုံ့ပြန်မှုများရှိသည်။
- ငြိမ်းချမ်းရေး၊ ဖွံ့ဖြိုးတိုးတက်ရေးနှင့် လူ့အခွင့်အရေးတို့အကြား အပြန်အလှန်ဆက်နွယ်မှုများရှိသည်။
- လူသားလုံခြုံရေး၏ သဘောတရားသည် ကာကွယ်ရန်တာဝန်ရှိမှုနှင့် ၎င်းအား အကောင်အထည်ဖော်မှုတို့နှင့် ထင်ရှားစွာ ကွဲပြားသည်။
- လူသားလုံခြုံရေးတွင် ခြိမ်းခြောက်မှု၊ အင်အားသုံးခြင်း (သို့) ခြောက်လန့်ခြင်း နည်းလမ်းတို့မပါဝင်ပါ။
- လူသားလုံခြုံရေးသည် နိုင်ငံတော်မှ အပြည့်အဝ တာဝန်ယူနိုင်မှုအပေါ်တွင် အခြေခံသည်။
- လူသားလုံခြုံရေးတွင် အစိုးရများ၊ နိုင်ငံတကာနှင့် ဒေသတွင်း အဖွဲ့အစည်းများနှင့် အရပ်ဘက်အဖွဲ့အစည်းတို့ အကြား ပိုမိုကြီးမားသည့် ပူးပေါင်းဆောင်ရွက်မှုနှင့် မိတ်ဖက်လုပ်ကိုင်မှုတို့လိုအပ်သည်။
- လူသားလုံခြုံရေးအတွက် နိုင်ငံများ၏ အပိုင်းတွင် ဥပဒေအရ ထပ်တိုး တာဝန်ရှိမှုများ မပါဝင်ပါ။

သို့ဖြစ်ရာ နိုင်ငံ့ခေါင်းဆောင်တို့သည် သူတို့နယ်မြေပိုင်နက်များ၏ အရေးပါမှုကို ဆက်လက်ကာကွယ်ကြသည်။ သို့ရာတွင် လူသားလုံခြုံရေး သဘောတရားသည် ရာသီဥတုဖေါက်ပြန်မှုအပေါ် ခံနိုင်ရည်ရှိမှု၊ ငြိမ်းချမ်းရေးနှင့် အားလုံး ပါဝင်နိုင်သည့် လူ့အဖွဲ့အစည်းများကိုအ ားပေးမှု၊ နာတာရှည် ဆင်းရဲမွဲတေမှု၏ အကြောင်းရင်းများကို ဖြေရှင်းမှု၊ လူသားချင်းစာနာထောက်ထားရေးဆိုင်ရာ တုံ့ပြန်မှုမှ ရေရှည်ဖွံ့ဖြိုးရေး သို့ ပြောင်းလဲခြင်းတို့အား ထောက်ပံ့သည့် အကြောင်းတရားများကို ပိုမိုအားကောင်းလာစေမည်ဖြစ်သည်။

ကုလသမဂ္ဂ၏ လူသားဆိုင်ရာ အစီအစဉ်၏ နှင့် ရေရှည်ဖွံ့ဖြိုးရေးပန်းတိုင်တို့သည် အထူးသဖြင့် "မည်သူ တစ်ဦးတစ်ယောက်မျှ ကျန်မနေခဲ့စေရ" ဆိုသည့် အချက်အပါအဝင် လူသားလုံခြုံရေးဆိုင်ရာ အခြေခံမှုများကို ရောင်ပြန်ဟပ်သည်။ အဆိုပါအချက်တွင် အချိန်ကြာမြင့်စွာ နေရပ်စွန့်ခွာရမှုကို ဖြေရှင်းခြင်းအား လူသားခြင်းစာနာမှုအပြင် နိုင်ငံရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာ ဦးစားပေးအဖြစ် ဆောင်ရွက်ရန် အသိအမှတ်ပြုခြင်းလည်း ပါဝင်သည်။[5] ထို့ထက်ပို၍ ဆိုရလျှင် အဆိုပါအချက်သည် ခွဲခြားဆက်ဆံမှု၊ ပထဝီအနေထား၊ အုပ်ချုပ်မှုစနစ်၊ လူမှုစီးပွားရေးအနေအထား၊ ရုတ်တရက်ရိုက်ခတ်မှုများနှင့် ထိခိုက်လွယ်ခြင်းတို့ အကြားတွင် တည်ရှိနေသော ဆက်နွယ်ဆက်စပ်မှုများအား ဖယ်ချန်ခံရခြင်း၏ အဓိက အကြောင်းအရင်းများအဖြစ် တုံ့ပြန်ဖြေရှင်းခြင်းနှင့်လည်း သက်ဆိုင်သည်။[6]

# ၁.၂ မြန်မာနိုင်ငံ အရှေ့တောင်ပိုင်း၏ အနေအထား

၂၀၁၀ တွင် အရပ်သားတစ်ပိုင်း အစိုးရတက်လာပြီးနောက် နှစ်ဦးနှစ်ဖက် အပစ်အခတ်ရပ်စဲရေး စာချုပ်များကို ညှိနှိုင်းခဲ့ကြပြီး ၂၀၁၂ ကြားဖြတ်ရွေးကောက်ပွဲတွင် NLD မှ အပြတ်အသတ်အနိုင်ရရှိခဲ့သည်။ မြန်မာနိုင်ငံ၏ ကြာရှည်လှသည့် စစ်အုပ်ချုပ်ရေးအောက်မှ အသွင်ကူးပြောင်းမှုသည် နောက်ကြောင်းပြန်လှည့်စရာမရှိဟု ခိုင်ခိုင်မာမာ မျှော်လင့်ခဲ့ကြသည်။ ဒီမိုကရေစီ၊ စီးပွားရေးလွတ်လပ်မှုနှင့် ငြိမ်းချမ်းရေးတို့ကို အားပေးသည့် ပြုပြင်ပြောင်းလဲရေး လုပ်ငန်းစဉ်ကို ပြည်တွင်းသာမက နိုင်ငံတကာအသိုင်းအဝိုင်းကပါ ကြိုဆိုခဲ့ကြသည်။ စီးပွားရေး ပိတ်ဆို့မှုများအား ရုပ်သိမ်းခဲ့ခြင်း၊ တစ်နိုင်ငံလုံး အပစ်အခတ်ရပ်စဲရေး သဘောတူစာချုပ်အား တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်း အချို့မှ လက်မှတ်ရေးထိုးခဲ့ခြင်းနှင့် ၂၀၁၅ တွင် NLD မှ ရွေးကောက်ပွဲအနိုင်ရပြီး အစိုးရဖွဲ့နိုင်ခြင်းတို့ကြောင့် ရှေ့သို့ ခုန်ပျံကျော်လွှားမှု၏ အစဟု မြင်ခဲ့ကြသည်။

သို့ရာတွင် ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေအရ မြန်မာ့တပ်မတော်သည် နိုင်ငံရေးနှင့် အစိုးရအုပ်ချုပ်ရေးတွင် ဆက်လက်ပါဝင်နေဆဲဖြစ်သည်။ NLD အတွင်း ပုဂ္ဂိုလ်ရေးကိုးကွယ်မှုကြောင့် အစိုးရအဖွဲ့၏ အဓိကရာထူး နေရာများတွင် အရည်အချင်း

[4] ကုလသမဂ္ဂအထွေထွေညီလာခံ၊ ဆုံးဖြတ်ချက် ၆၆/၂၉၀၊ ၂၀၁၂ ခုနှစ် ဒီဇင်ဘာလ ၁၀ရက်နေ့တွင်ချမှတ်သည်။

[5] ကုလသမဂ္ဂ၊ ၂၀၁၅၊ လူသားဆိုင်ရာအစီအစဉ် https://agendaforhumanity.org/sites/default/files/Agenda_for_Humanity_Booklet.pdf

[6] ကုလသမဂ္ဂ ဖွံ့ဖြိုးမှုအစီအစဉ်၊ ၂၀၁၈၊ "မည်သူ တစ်ဦးတစ်ယောက်မျှ ကျန်မနေခဲ့စေရ" ဆိုတာဘာလဲ။

ပြည့်ဝသည့် ကျွမ်းကျင်သူများထက် ယုံကြည်ရသည့် မိတ်ဆွေများကိုသာ ဦးစားပေးခန့်ထားခဲ့သည်။ ကချင်နှင့် ရှမ်းပြည်နယ် မြောက်ပိုင်းရှိ မပြီးဆုံးနိုင်သည့် စစ်ပွဲများနှင့် ရှေ့မတိုးတော့သည့် ငြိမ်းချမ်းရေး ဆွေးနွေးပွဲများကြောင့် ပဋိပက္ခအားနိုင်ငံရေးအရ ဖြေရှင်းပေးမည်ဆိုသော ကတိအပေါ် ယုံကြည်မှုပျက်ယွင်း လာခဲ့သည်။ တစ်ပြိုင်တည်းမှာပင် ရခိုင်ပြည်နယ်အတွင်း အရပ်သား များအား စနစ်တကျဖြင့် ကျယ်ကျယ်ပြန့်ပြန့် ပစ်မှတ်ထားခဲ့ခြင်းကြောင့် လူ ၇၀၀,၀၀၀ သည် နေရပ်စွန့်ခွာခဲ့ရပြီး အခြေအနေ ပျက်ယွင်း ခဲ့ရသည်။ အဆိုပါ ကျူးလွန်မှုများသည် ဥပဒေကြောင်းအရ အပြည်ပြည်ဆိုင်ရာ ရာဇဝတ်မှုအဖြစ် စွဲဆိုနိုင်လောက် သည့် အတိုင်းအတာနှင့် နက်နဲမှု ရှိနေကြောင်း လွတ်လပ်သည့် နိုင်ငံတကာ အချက်အလက်ရှာဖွေရေးအဖွဲ့က တွေ့ရှိခဲ့သည်။[7]

ထင်ရှားသည့် ချိုးဖောက်မှု အနည်းငယ်မှလွဲ၍ မြန်မာနိုင်ငံအရှေ့တောင်ပိုင်းရှိအပစ်အခတ်ရပ်စဲရေးသဘော တူညီချက်များမှာ သာမန်အားဖြင့် ၂၀၁၇ နှစ်ကုန်အထိတည်မြဲနေခဲ့သည်။ ထိုအတောအတွင်း တိုက်ပွဲများ၊ သွားလာရေး ကန့်သတ်မှုများ၊ အဓမ္မ ခိုင်းစေမှုနှင့် အခြားသော လူ့အခွင့်အရေးချိုးဖေါက်မှုများ သိသိသာသာလျော့ကျသွား၍ ဒေသခံအသိုင်းအဝိုင်းတို့ အနေဖြင့် လည်း နေ့သစ်တခုကို ယာယီအနေဖြင့် မျှော်မှန်းနိုင်ခဲ့ကြသည်။ သို့ရာတွင် ဆယ်စုနှစ်များစွာ တိုက်ခိုက်မှုများနှင့် တပ်များ အလုံးအရင်းနှင့် ရှိနေခြင်းတို့ကြောင့် မဆုံးနိုင်သည့် နေရပ်စွန့်ခွာမှု၊ အလွန်အမင်း ဆင်းရဲမွဲတေမှုနှင့် မတရားမှုတို့၏ ဒဏ်ရာ ဒဏ်ချက်များမှာ သံသရာလည်လျက်ရှိနေသည်။ ကျူးလွန်သူများအား အရေးယူရန်မဆိုထားနှင့် ဖြစ်ပြီးခဲ့သော ကျူးလွန်မှုများ၏ သားကောင်များနှင့် အသက်ရှင် ကျန်ခဲ့သူများအား အသိအမှတ်ပြုရန်ပင် မည်သည့်လုပ်ထုံးလုပ်နည်း ယန္တရားမျှ မရှိဖြစ်နေခဲ့ရာ အမျိုးသားပြန်လည် သင့်မြတ်ရေးနှင့် ရေရှည်ငြိမ်းချမ်းရေးတို့အား အထောက်အကူပေးရန် ခက်ခဲမည်ဖြစ်သည်။

ကရင်ပြည်နယ်နှင့် မြစ်ဝကျွန်းပေါ်ဒေသအတွင်းရှိ ကရင်အမျိုးသားအစည်းအရုံး (KNU) တို့အကြား ဆက်သွယ်မှုများကို ဖြတ်တောက်ရန်အတွက် အရပ်သားများအား ပစ်မှတ်ထားသည့် တပ်မတော်၏ ၁၉၇၀ ခုနှစ်များအတွင်း လုပ်ဆောင်ခဲ့သော စစ်ဆင်ရေးများသည် ပဲခူးရိုးမပေါ်ရှိ ဒေသခံအဖွဲ့အစည်းများအား ကြောက်ရွံ့ထိတ်လန့် စေခဲ့သည်။ ၁၉၈၀ ခုနှစ်များအတွင်း တွင်မူ ကရင်ပြည်နယ်အလယ်ပိုင်းနှင့် မွန်ပြည်နယ်တောင်ပိုင်းတို့ရှိ မြေနိမ့်ပိုင်း ကုန်သွယ်ရေးလမ်းကြောင်းများ တစ်လျောက်ရှိ ရပ်ရွာလူထုများကို တပ်မတော်မှ ပစ်မှတ်ထားစစ်ဆင်ခဲ့သည်။ ရှမ်း၊ ကယား၊ ကရင်ပြည်နယ်များနှင့် တနင်္သာရီတိုင်းဒေသကြီး တို့အတွင်း အရပ်သားများအား ပစ်မှတ်ထားသော ကြာရှည်စွာ ဆင်နွှဲသည့် သောင်းကျန်းသူ နှိမ်နင်းရေး စစ်ပွဲများအပြင် မွန်ပြည်သစ်ပါတီနှင့် ညှိနှိုင်းရရှိခဲ့သည့် အပစ်အခတ်ရပ်စဲရေး သဘောတူညီချက်တို့ကြောင့် ရာစုနှစ်များစွာ မြန်မာနှင့် ထိုင်းနိုင်ငံ အကြား ကြားခံဒေသအဖြစ် တည်ရှိခဲ့သော တိုင်းရင်းသားအုပ်ချုပ်မှု အောက်ရှိနယ်မြေသည် ၁၉၉၀ ခုနှစ်များအတွင်း ပြိုကွဲသွား ခဲ့ရသည်။ ကရင်ပြည်နယ်မြောက်ပိုင်းရှိ တောင်တန်းဒေသများအတွင်း လမ်းဖောက်လုပ်ရန်ကို အကြောင်းပြ၍ ၂၀၀၀ ခုနှစ်များ အလယ်လောက်တွင် ဆင်နွှဲသည့် စစ်ဆင်ရေးသည် လက်ရှိအပစ်အခတ်ရပ်စဲရေးကာလ မရောက်ရှိမီ နောက်ဆုံး ဆင်နွှဲသည့် အကြီးစား စစ်ဆင်ရေးပင်ဖြစ်သည်။

တရားဝင် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်သည် ၂၀၁၈ တွင် တန့်သွားခဲ့သည်။ မွန်ပြည်သစ်ပါတီနှင့် လားဟူဒီမိုကရက်တစ်ပါတီ တို့သည် တစ်နိုင်ငံလုံး အပစ်အခတ်ရပ်စဲရေးစာချုပ် အဖွဲ့ဝင်များ ဖြစ်လာခဲ့ကြသော်လည်း တပ်မတော်သည် ငြိမ်းချမ်းရေး တည်ဆောက်ရန်တူညီသည့် သန္နိဋ္ဌာန်မျိုး ပြသခြင်း မရှိခဲ့သည့်အပြင် အမျိုးသားအဆင့်နိုင်ငံရေးတွေ့ဆုံ ဆွေးနွေးပွဲအတွက် ပြင်ဆင်ရန် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များမှ ဒေသခံအဖွဲ့အစည်းများနှင့် ညှိနှိုင်းမှု ဆွေးနွေးမှုများပြုလုပ်နိုင်ရန် ကြိုးစားမှု များအပေါ် ကန့်သတ်ချက်များ ချမှတ်ခဲ့သည်။

ပြည်ထောင်စု ငြိမ်းချမ်းရေးညီလာခံ၏ တတိယအကြိမ်မြောက်အစည်းအဝေးကို ၂၀၁၈ ဇူလိုင်လတွင် ကျင်းပနိုင်ခဲ့သော်လည်း တိုးတက်မှု အနည်းငယ်သာရှိခဲ့သည်။ အဓိကအားဖြင့် ခွဲမထွက်ရေးနှင့် ကိုယ့်ကြမ္မာ ကိုယ်ဖန်တီးနိုင်ခွင့်၊ တစ်ခုတည်းသော ပြည်ထောင်စု တပ်မတော်ဖွဲ့စည်းထားရှိရေးတို့နှင့် ဆက်နွှယ်သည့် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ပြဿနာချက်များကြောင့် မတိုးသာမဆုတ်သာ အခြေအနေတစ်ရပ် ဖြစ်ပေါ်လာစေခဲ့သည်။ ယင်းတို့သည် အယူအဆဆိုင်ရာကိစ္စရပ် သက်သက်သာ မဟုတ် ကိုယ်ပိုင်လက္ခဏာနှင့် အတော်ပင် တိုက်ရိုက်သက်ဆိုင်သည့် ကိစ္စရပ်များ ဖြစ်သည်။ သို့ရာတွင် ထိုအစည်းအဝေးမှာ ပိုမိုပါဝင်မှုရှိသည့် အစည်းအဝေးတစ်ရပ်ဖြစ်ပြီး တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့အားလုံးနီးပါးက စုံညီအစည်းအဝေးများတွင် လေ့လာသူများအဖြစ် တက်ရောက်ကြ၍ သီးခြားဆွေးနွေးမှုများတွင် ပါဝင်ခဲ့ကြသည်။ နောက်ထပ် ၁၄ ချက်ကို သဘောတူ

7 ကုလသမဂ္ဂ လုံခြုံရေးကောင်စီ၊ ၂၀၁၈ စက်တင်ဘာ ၁၈၊ ကုလသမဂ္ဂ အချက်အလက်ရှာဖွေရေး အဖွဲ့မှ ရခိုင်၊ ကချင်နှင့် ရှမ်းပြည်နယ်များတွင် တပ်မတော်၏ အကြီးအကျယ် အခွင့်အရေး ချိုးဖောက်မှုများနှင့် ပတ်သက်၍ အစီရင်ခံစာ အပြည့်အစုံအား ထုတ်ပြန်။ https://www.ohchr.org/EN/HRBodies/HRC/Pages/NewsDetail.aspx?NewsID=23575&LangID=E

နိုင်ခဲ့ကြရာ ပြည်ထောင်စုသဘောတူညီမှု၏ သဘောတူထားသည့် စုစုပေါင်း အခြေခံစည်းမျဉ်းများ၊ လိုလားချက်များနှင့် အကြံပြုချက်များမှာ ၅၁ ချက်အထိရှိလာခဲ့သည်။

အပစ်အခတ်ရပ်စဲရေးကာလအတွင်း တပ်မတော်၏ ကရင်ဒေသများအတွင်း ပထမဦးဆုံး ဆင်နွှဲသည့် အကြီးစား စစ်ဆင်ရေးကို ၂၀၀၈ ခုနှစ်တွင် ယခင်စစ်ဆင်ရေးများ အဆုံးသတ်ခဲ့သည့် ဖာပွန်တောင်ပေါ် ဒေသများတွင် ပြန်လည်စတင်ခဲ့သည်။ ၂၀၁၈ ဖေဖော်ဝါရီလအတွင်းက တပ်မတော်၏ ကျူးကျော်တိုက်ခိုက်မှုများသည် NCA အား ချိုးဖောက်မှုပင်ဖြစ်ပြီး တပ်မတော်မှ ဆက်လက်လမ်းဖောက်ရန်အတွက် နယ်မြေ ရှင်းလင်းမှုများကလည်း လူ ၃,၀၀၀ တို့အား နေရပ်မှစွန့်ခွာစေခဲ့သည်။ ဖာပွန် တောင်ပိုင်းအတွင်း ကြိုကြားပစ်ခတ်မှုများကလည်း ထိုင်းနိုင်ငံရောက် ဒုက္ခသည်များအတွက် ပြန်လည်နေရာချထားရန် ဖြစ်နိုင်ဖွယ်ရှိသော ဒေသများအတွင်း ယုံကြည်မှု တည်ဆောက်ရေးကို ပိုမိုကျယ်ပြန့်စွာပျက်ယွင်း စေခဲ့သည်။

ကရင်နီအမျိုးသားတိုးတက်ရေးပါတီ (KNPP) ၏ NCA တွင် လက်မှတ်ထိုးရန် ဆွေးနွေးမှုများမှာလည်း ၂၀၁၇ ဒီဇင်ဘာလ အတွင်းက ပျက်ပြားသွားခဲ့သည်။ တပ်မတော်တပ်ဖွဲ့များက ကရင်နီအမျိုးသား တိုးတက်ရေးပါတီ၏ ကင်းစခန်းအား ၂၀၁၇ ဒီဇင်ဘာလအတွင်းက အလစ်အငိုက် ဝင်ရောက်တိုက်ခိုက်ခဲ့ရာ KNPP တပ်သား သုံးဦးနှင့် အရပ်သားတစ်ဦး သေဆုံးခဲ့ရာမှ ဆက်ဆံရေးအခြေအနေမှာ ဆိုးရွားသွားစေခဲ့သည်။ KNPP မှ NCA တွင် လက်မှတ်ထိုးနိုင်ရန်အတွက် ယုံကြည်မှု မြှင့်တင်ရန် အလို့ငှာ နှစ်ဦးနှစ်ဖက် အပစ်အခတ်ရပ်စဲရေး သဘောတူညီချက်အား စောင့်ကြည့်သည့် ယန္တရားတစ်ရပ်ကို တည်ထောင်ရန် ၂၀၁၈ ဧပြီလတွင် KNPP နှင့် အစိုးရ၏ ငြိမ်းချမ်းရေးကော်မရှင်တို့ သဘောတူခဲ့ကြသည်။ ၂၀၁၈ ဇူလိုင်လတွင် ကျင်းပသော ပြည်ထောင်စု ငြိမ်းချမ်းရေးညီလာခံတွင် KNPP မှ လေ့လာသူအဖြစ် တက်ရောက်ခဲ့စဉ်က အဆိုပါ သဘောတူညီချက်မှာ အလုပ်ဖြစ်နေပုံရသော်လည်း ဖားဆောင်းမြို့နယ်အတွင်း ၂၀၁၈ အောက်တိုဘာလ ပြုလုပ်ခဲ့သော တပ်မတော်၏ နယ်မြေ ရှင်းလင်းရေး စစ်ဆင်ရေးများနှင့် ယင်းနောက်ပိုင်းတွင် KNPP မှ အပစ်အခတ်ရပ်စဲရေး သဘောတူညီချက်အား ဖောက်ဖျက် ကြောင်း ကယားပြည်နယ်အစိုးရ၏ ကြေညာချက်တို့ကြောင့် ယုံကြည်မှုတည်ဆောက်ရေးမှာ ပိုမိုရှုပ်ထွေးသွားခဲ့သည်။

# ၁.၃ နည်းစနစ်ပိုင်း

**TBC** သည် ၂၀၀၂ ခုနှစ်မှစတင်၍ မြန်မာနိုင်ငံ အရှေ့တောင်ပိုင်းရှိ ပဋိပက္ခဖြစ်ပွားရာ ဒေသများ၏ အခြေအနေကို မှတ်တမ်း တင်ရန်နှင့် ပိုမိုသတိပြုမိစေရန် အရပ်ဘက်လူမှုအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ခဲ့သည်။[8] နှစ်စဉ် လေ့လာမှုက နိုင်ငံ အတွင်း နေရပ်စွန့်ခွာမှု၊ ပဋိပက္ခနှင့် ထိခိုက်လွယ်မှုတို့၏ အရွယ်အစား၊ ပျံ့နှံ့မှုနှင့် ပုံစံတို့ကို ၂၀၁၄ အထိတိုင်အောင် နှစ်စဉ် အကဲဖြတ်သည်။ ၂၀၁၂ ခုနှစ်တွင် နေရပ်စွန့်ခွာမှုအပေါ် နောက်ဆုံးကျယ်ကျယ်ပြန့်ပြန့် ခန့်မှန်းချက်ကို ထုတ်ပြန်ခဲ့သည်။

TBC ထက် ကြီးမားသည့် ရန်ကုန်အခြေစိုက် လူသားချင်းစာနာမှုနှင့် ဖွံ့ဖြိုးမှုဆိုင်ရာ အေဂျင်စီကြီးများက ပဋိပက္ခဒဏ်ခံ ဒေသ များအတွင်းသို့ ဝင်ခွင့်ရကြောင်းနှင့် ပြည်တွင်းနေရပ်စွန့်ခွာမှုကို စောင့်ကြည့်ပေးမည်ဖြစ်ကြောင်း ကြေညာခဲ့ရာ TBC သည် လက်ရှိ မှတ်တမ်းတင်သည့်အခန်းကဏ္ဍမှ နုတ်ထွက်ခဲ့သည်။ IDP ဆိုင်ရာ အချက်အလက်များအား ပြုစုသည့် Joint IDP Profiling Service (JIPS) မှ အသေးစိတ် လေ့လာရေးလုပ်ငန်းစဉ်ကို ၂၀၁၃ တွင် လုပ်ဆောင်ခဲ့သော်လည်း ထိုလုပ်ငန်းမှာ နောက် ဆက်လက်လုပ်ဆောင်ခြင်း မရှိခဲ့ပေ။ ၂၀၁၅ တွင်မူ မြန်မာနိုင်ငံ အရှေ့တောင်ပိုင်းအား နိုင်ငံတကာ အသိုင်းအဝန်း၏ လူသားချင်းစာနာမှု တုံ့ပြန်ရေးစီမံကိန်းမှ ထုတ်ပယ်ခဲ့သည်။ မပြီးဆုံးနိုင်သည့် ပဋိပက္ခဒဏ်များကြောင့် နေရပ်စွန့်ခွာခဲ့ကြရသူများ အတွက် အကာအကွယ်ပေးခြင်းဆိုင်ရာ လိုအပ်ချက်များကိုပင် မထောက်ပံ့မှု အစီအစဉ်များမှ ဖယ်ထုတ်ခံခဲ့ရသည်။

၂၀၁၈ ၏ ပထမ သုံးလပတ်အတွင်း အရပ်ဘက်အဖွဲ့အစည်း မိတ်ဖက်များနှင့် ညှိနှိုင်းမှုများ ပြုလုပ်ပြီးနောက် TBC သည် မြန်မာနိုင်ငံ အရှေ့တောင်ပိုင်းရှိ ပဋိပက္ခဒဏ်ခံရသော ဒေသများအတွင်း လူသားလုံခြုံရေးနှင့်ပတ်သက်သည့် ကွင်းဆင်းလေ့လာ မှုအား ညှိနှိုင်းဆောင်ရွက်ရန် သဘောတူခဲ့သည်။ ယင်းလေ့လာမှု၏ ရည်ရွယ်ချက်များမှာ မြန်မာနိုင်ငံ အရှေ့တောင်ပိုင်းအတွင်း စားနပ်ရိက္ခာလုံခြုံမှု အကဲဖြတ်ချက်၊ ပြည်တွင်းနေရပ်စွန့်ခွာမှုအပေါ် ခန့်မှန်းချက်၊ အရပ်ဘက် အဖွဲ့အစည်းများ၏ အမြင်နှင့် ပြန်လည်ဝင်ရောက်လာသည့် ဒုက္ခသည်တို့၏ ပြန်လည်နေရာချထားရေးဆိုင်ရာ အတွေ့အကြုံများကို ပြုစုရန်ဖြစ်သည်။

8 www.theborderconsortium.org/resources/key-resources/

တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများမှ တာဝန်ရှိသူများနှင့် အရပ်ဘက်လူမှုအဖွဲ့အစည်းများအား အပြန်အလှန် မေး/ဖြေ တွေ့ဆုံမေးမြန်းမှုများ ပြုလုပ်ပြီး ၂၆ မြို့နယ်အတွင်း ပြည်တွင်းနေရပ်စွန့်ခွာမှု ပမာဏ၊ ပုံနှံ့မှုနှင့် အကြောင်းရင်းတို့ကို ဆန်းစစ် ခဲ့သည်။ တုံ့ပြန်မှုများကို မြို့နယ်တစ်ခုချင်းအလိုက် အနည်းဆုံး အရင်းအမြစ် သုံးနေရာမှ ကောက်ယူခဲ့သည့်အပြင် ၂၀၁၂ ခန့်မှန်းချက်များကိုလည်း ကိုးကားခဲ့သည်။ ယင်းခန့်မှန်းချက်များအား ကရင်ကယ်ဆယ်ရေးနှင့် ဖွံ့ဖြိုးရေးရုံး၊ ကရင် ပြည်တွင်းဒုက္ခသည်များဆိုင်ရာ ကော်မတီ၊ ကရင်နီလူမှုဖူလုံရေးနှင့် ဖွံ့ဖြိုးရေးပင်မ၊ မွန်ပြည်သူ့အခွင့်အရေးဖောင်ဒေးရှင်းနှင့် ရှမ်းပြည်နယ် ဖွံ့ဖြိုးရေးဖောင်ဒေးရှင်းတို့က ကောက်ယူခဲ့သည်။ ယင်းအဖွဲ့များ၏ ဝန်ထမ်းများကို နိုင်ငံတကာ စံနှုန်းနှင့်အညီ ပြည်တွင်းနေရပ် စွန့်ခွာမှုကို အဓိပ္ပါယ်ဖွင့်ဆိုရန်နှင့် စောင့်ကြည့်နိုင်ရန် TBC မှ သင်တန်းပေးခဲ့သည်။[9] သို့ရာတွင် ရှမ်းပြည်နယ် ဖွံ့ဖြိုးရေးဖောင်ဒေးရှင်းသည် ရှမ်းလူမျိုး ပြည်တွင်းနေရပ်စွန့်ခွာသူ စခန်းများ၏ လူဦးရေစာရင်းကိုသာ ကောက်ယူနိုင်ခဲ့ရာ ရှမ်းပြည်နယ်အတွင်း စစ်တမ်းကောက်ယူမှုမှာ အကန့်အသတ်ဖြင့်သာ ရှိခဲ့သည်။

အုပ်စုလိုက် အဆင့်ဆင့်နမူနာယူသည့် နည်းစနစ်ကို အသုံးပြု၍ IDP စခန်းများနှင့် ပဋိပက္ခသက်ရောက်မှု ခံရသည့် ရပ်ရွာလူထု များရှိ စားနပ်ရိက္ခာလုံခြုံရေးကို တိုင်းတာနိုင်ရန် အိမ်ထောင်စုလေ့လာရေး ၂ ရပ်ကို ပြုလုပ်ခဲ့သည်။ ဖာပွန်၊ မိုင်းဆတ်၊ မိုင်းတုန် နှင့် မိုင်းပန်မြို့နယ်များရှိ ရှမ်းနှင့် ကရင် IDP စခန်း ၅ ခုအား ၂၀၁၇ အောက်တိုဘာနှင့် နိုဝင်ဘာလများအတွင်း လေ့လာခဲ့သည်။ အိမ်ထောင်စု ၅၆၃ စု (အိမ်ထောင်စု အားလုံး၏ ၄၃%) နှင့် ကလေးသူငယ် ၃၄၂ ဦး (အသက် ၆ လ မှ ၅၉ လ ကြား ကလေးငယ် အားလုံး၏ ၄၉%) တို့အား TBC ဝန်ထမ်းများနှင့် ရပ်ရွာကျန်းမာရေးဝန်ထမ်းများက လေ့လာခဲ့သည်။[10]

ဖာပွန်၊ သံတောင်ကြီးနှင့် ဘီးလင်းမြို့နယ်များရှိ ပဋိပက္ခဒဏ်ခံ ကရင်ရပ်ရွာလူထုများကို ၂၀၁၈ မေလနှင့် ဇွန်လအတွင်း လေ့လာရေးဆင်းခဲ့သည်။ စာရင်းကောက်သူများအား TBC ဝန်ထမ်းများမှ သင်တန်းပေး၍ ကျပန်းနမူနာ ရရှိရန် အိမ်ထောင်စု လေးစုလျှင် တစ်စုနှုန်း စာရင်းကောက်ရန် ညွှန်ကြားခဲ့သည်။ ကရင်ကျန်းမာရေးနှင့် လူမှုဖူလုံရေးဌာနနှင့် နယ်လှည့် ကျောပိုးအိတ် ကျန်းမာရေးလုပ်သားအဖွဲ့တို့မှ ကျန်းမာရေးလုပ်သားများက ကျေးရွာ ၃၄ ရွာရှိ အိမ်ထောင်စု ၅၁၃ စုနှင့် ၆ လမှ ၅၉ လ အရွယ်ရှိ ကလေးသူငယ် ၆၅၂ ဦးအား လေ့လာခဲ့သည်။[11] ယင်းလေ့လာရေး နှစ်ရပ်လုံးတွင် ပြင်းထန်သော အာဟာရချို့တဲ့မှု (ပိန်လှီခြင်း)နှင့် ရေရှည်ဖြစ်ပေါ်နေသည့် အာဟာရချို့တဲ့မှု (ပုညှက်ခြင်း) နှုန်းများကို တွက်ရန်အတွက် အချက်အလက်များ အား WHO Anthro v3.2.2 software အတွင်း ထည့်သွင်းခဲ့သည်။

ဒုက္ခသည်များ ပြန်လည်ဝင်ရောက်ခြင်းနှင့် ပြန်လည်နေရာချထားခြင်းဆိုင်ရာ အမြင်များအား မြို့နယ် ၉ ခုအတွင်း ပြန်လည် ဝင်ရောက်လာသူ ၂၀ ဦးအား တွေ့ဆုံမေးမြန်းမှုများမှ စုဆောင်း ရရှိခဲ့သည်။ အဆိုပါ တွေ့ဆုံမေးမြန်းမှုများကို ကရင်နီဒုက္ခသည် ပြန်လည်နေရာချထားရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းအဖွဲ့ (KnRRRWG) နှင့် ကရင်ဒုက္ခသည်များ နေရပ်ပြန်ရေး ကော်မတီ (CRR) တို့မှ ၂၀၁၈ စက်တင်ဘာလအတွင်း လုပ်ဆောင်ခဲ့သည်။ ဖြေဆိုသူများတွင် အမျိုးသမီး ၁၃ ဦးနှင့် မသန်စွမ်း သူ ၂ ဦး ပါဝင် ခဲ့သည်။ တရားဝင်ခွင့်ပြုချက် သို့မဟုတ် အထောက်အပံ့ မပါရှိပဲ မိမိဆန္ဒဖြင့် ပြန်လည်ဝင်ရောက်လာသူ ၁၂ ဦး နှင့် မြန်မာအစိုးရ၏ ခွင့်ပြုချက်နှင့် UNHCR ၏ အကူအညီဖြင့် ပြန်လည်ဝင်ရောက်လာသူ ၈ ဦးနှင့်အတူ တွေ့ဆုံမေးမြန်း ခဲ့သည်။ တွေ့ဆုံမေးမြန်းမှုများအား ဗီဒီယိုဖြင့် မှတ်တမ်းတင်ပြီး ဘာသာပြန်၍ စာတန်းထိုးခဲ့သည်။ ပြန်လည်ဝင်ရောက်သူများ၏ အတွေ့အကြုံများနှင့် အမြင်များအား မှတ်တမ်းတင်ရန်နှင့် အနာဂတ်ထောက်ပံ့ရေး လုပ်ငန်းများအတွက် သတင်းအချက် အလက်များ ရရှိစေရန် ဖြစ်သည်။

မြန်မာနိုင်ငံ အရှေ့တောင်ဒေသရှိ ပဋိပက္ခဒဏ်ခံနယ်မြေများရှိ လူသားလုံခြုံရေးနှင့်ပတ်သက်သည့် ဦးတည်ရာများအပေါ် အမြင်များကို အရပ်ဘက်လူမှုအဖွဲ့အစည်း ၁၂ ခုထံမှ စုဆောင်းရရှိခဲ့သည်။ ယင်းတို့ အနက် ကရင်၊ ကယားနှင့် မွန် အသိုင်း အဝန်းများအား ကျယ်ပြန့်စွာ ကိုယ်စားပြုသည့် အဖွဲ့ ၁၀ ဖွဲ့သည် မိမိတို့၏ သက်ဆိုင်ရာ နယ်ပယ်အလိုက် စကားလုံးပေါင်း ၁၀၀၀ ထက်မပိုသော ပြည့်စုံသည့် ဆန်းစစ်မှု အစီရင်ခံစာကို တင်ပြခဲ့သည်။ လိင်ပိုင်းဆိုင်ရာ ခွဲခြားဆက်ဆံမှု အနေအထားနှင့် ကျန်းမာရေးစောင့်ရှောက်မှုတို့ကို လေ့လာဆန်းစစ်ပေးရန် ဖိတ်ကြားခဲ့သည့် ကျန် ၂ ဖွဲ့မှာမူ ပြည့်စုံသည့် ဆန်းစစ်မှု အစီရင်ခံစာကို တင်ပြနိုင်ခဲ့ခြင်းမရှိပါ။

---

9 နောက်ဆက်တွဲ ၄၊ ဒုက္ခသည်နေရပ်ပြန်သူများအား မေးခွန်းမေးမြန်းခြင်းဆိုင်ရာ လမ်းညွှန်များ

10 နောက်ဆက်တွဲ ၂၊ အိမ်ထောင်စုများ၏ စားနပ်ရိက္ခာလုံခြုံမှုမေးခွန်း

11 နောက်ဆက်တွဲ ၃၊ ပြည်တွင်းနေရပ်စွန့်ခွာထွက်ပြေးမှုစစ်တမ်းလမ်းညွှန်များ

# အခန်း ၂။

# ကာလကြာမြင့်စွာ အိုးအိမ်စွန့်ခွာနေထိုင်ရခြင်း




အိုးအိမ်စွန့်ခွာနေထိုင်ရသော်လည်း
တုန့်ပြန်ရင်ဆိုင်နိုင်စွမ်းရှိပါသည်။
ဖာပွန်၊ ၂၀၁၈၊ *KPSN*



စစ်ရေးလှုပ်ရှားမှုများကြောင့် နောက်ထပ်တဖန်
အိုးအိမ်စွန့်ခွာနေထိုင်ရခြင်း၊ ဖာပွန်။
၂၀၁၈၊ *KESAN*

# ၂.၁ ပဋိပက္ခအခြေခံ နေရပ်စွန့်ခွာရခြင်း

TBC ၏ မိတ်ဖက်အဖွဲ့အစည်းများသည် ၁၉၉၆ မှ ၂၀၁၁ အတွင်း မြန်မာနိုင်ငံအရှေ့တောင်ပိုင်းဒေသရှိ ကျေးရွာပေါင်း ၃၇၀၀ ကျော်တို့အား ဖျက်ဆီးခြင်း၊ အဓမ္မပြောင်းရွှေ့ခြင်း (သို့) စွန့်ခွာစေခြင်းတို့ကို မှတ်တမ်းတင်ခဲ့ကြသည်။[12] နှစ်ဖက်အားပြိုင်နေကြသည့် နယ်မြေများအတွင်း ရပ်ရွာလူထုများအား အဓမ္မနေရပ်စွန့်ခွာစေခြင်းမှာ ဆယ်စုနှစ်များစွာပင် တပ်မတော်၏ သောင်းကျန်းသူနှိမ်နင်းရေးမဟာဗျူဟာ တစ်ရပ်ဖြစ်သည်။ ဦးတည်ချက်မှာရန်သူတို့အား သတင်းအချက်အလက်၊ ရိက္ခာနှင့် ငွေကြေးအထောက်အပံ့၊ လူသစ်စုဆောင်းရရှိမှုတို့မှ ဖြတ်တောက်ရန်ဖြစ်သည်။ အစိုးရထိန်းချုပ်မှု နယ်မြေများအတွင်း ပြန်လည်နေရာချပေးခြင်းကို လက်မခံသည့် အရပ်သားများအား သူပုန်အားပေးသူများအဖြစ် သတ်မှတ်၍ နောက်ဆက်တွဲ အနေဖြင့် နိုင်ငံတကာလူသားချင်းစာနာမှုဆိုင်ရာ ဥပဒေကို ဆန့်ကျင်သည့် ကျူးလွန်မှုများအတွက် ပစ်မှတ်အဖြစ် သတ်မှတ်ခဲ့သည်။

သို့ရာတွင် ပြည်ထောင်စုအစိုးရနှင့် တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့အစည်းများအကြား အပစ်အခတ်ရပ်စဲရေးဆိုင်ရာ အပြန်အလှန် ဆွေးနွေးမှုများကို ၂၀၁၂ တွင် ဆက်တိုက် လုပ်ဆောင်နိုင်လာခဲ့ကြရာ တိုက်ပွဲငယ်များ၊ အရပ်သားများအား တိုက်ခိုက်မှုများနှင့် ခရီးသွားလာမှုများကို ကန့်သတ်ခြင်းစသည်တို့ သိသိသာသာ လျော့နည်းသွားခဲ့သည်။ ပဋိပက္ခကြောင့် နေရပ်စွန့်ခွာရခြင်းများ ထပ်မံဖြစ်ပွားမှု သိသိသာသာ လျော့နည်းသွားပြီး မြေပုံတွင် ဖော်ပြထားသည့်အတိုင်းပင် ယခုလေ့လာမှု၏ ခန့်မှန်းချက်အရ ၂၀၁၃ နှင့်၂၀၁၈ အကြား ပဋိပက္ခကြောင့် လူ ၁၁,၀၀၀ ကျော် နေရပ်စွန့်ခွာစေခဲ့သည်။

လှိုင်းဘွဲ့မြို့နယ်အတွင်း လတ်တလောဖြစ်ပွားခဲ့သည့် ပဋိပက္ခကြောင့် နေရပ်စွန့်ခွာရခြင်းသည် တပ်မတော်နှင့် နယ်ခြားစောင့် တပ်ဖွဲ့တို့၏ ပူးပေါင်းတပ်ဖွဲ့များနှင့် တိုးတက်သော ဗုဒ္ဓဘာသာကရင်အမျိုးသားတပ်ဖွဲ့ (DKBA) ခွဲထွက်အဖွဲ့တို့အကြား ၂၀၁၄ တွင်ဖြစ်ပွားသည့် တိုက်ပွဲငယ်ကြောင့်ပင်ဖြစ်သည်။ ထို့နောက်တွင် မဲသဝေါနယ်မြေအတွင်း ၂၀၁၆ ခုနှစ်က DKBA ခွဲထွက်အဖွဲ့အားထပ်မံတိုက်ခိုက်ရန် စစ်ဆင်ရေး ဆင်နွှဲခြင်းမပြုမီ BGF သည် ကျေးရွာလူထုများအား အတင်းအဓမ္မရွှေ့ပြောင်းစေခဲ့သည်။ သံလွင်မြစ်ပေါ်ရှိ ရေအားလျှပ်စစ်စက်ရုံအပေါ် ထိန်း ချုပ်နိုင်ရေးအတွက် ယခုကဲ့သို့ တိုက်ခိုက်ကြခြင်းဖြစ်သည်ဟု အရပ်ဘက်လူမှုရေးအဖွဲ့များက သံသယဖြစ်ကြသည်။[13] IDP အချို့မှာ KNU အုပ်ချုပ်သည့် နယ်မြေများအတွင်းသို့ ထွက်ပြေးသွားခဲ့ကြသော်လည်း အဆိုပါ IDP အများစုမှာ မြိုင်ကြီးငူရှိ စခန်းများတွင် ဆက်နေကြသည်။

၂၀၁၈ ပထမနစ်ဝက်အတွင်း တပ်မတော်တပ်ဖွဲ့များက လမ်းဖောက်လုပ်ရန် ကျူးကျော်ဝင်ရောက်မှုများ ဖြစ်ပွားပြီးနောက် ဖာပွန်မြို့နယ်အတွင်း ပဋိပက္ခကြောင့် နေရပ်စွန့်ခွာရခြင်းတို့၏ အများစုမှာ KNU အုပ်ချုပ်မှု နယ်မြေမြောက်ပိုင်းရှိကျေးရွာအုပ်စုများတွင်ဖြစ်သည်။ မကြာသေးမီက မြေနိမ့်ပိုင်းရှိ မိမိတို့၏ လယ်မြေများတွင် စိုက်ပျိုးရန် ပြန်လည်ရောက်ရှိလာသူ အရပ်သား ၃၅၀၀ ကျော်သည် လှုပ်ရှားနေသော တပ်မတော် စစ်ကြောင်းများအား ရှောင်ရှားရန်အတွက် တောင်ပေါ်ဒေသများသို့ ပြန်လည်ထွက်ပြေးခဲ့ကြသည်။ အခြားလူ ၅၀၀ မှာ တပ်မတော်/BGF ပူးပေါင်းတပ်ဖွဲ့များနှင့် DKBA ခွဲထွက်အဖွဲ့တို့အကြား ၂၀၁၄ တွင်ဖြစ်ပွားခဲ့သော တိုက်ပွဲငယ်များ၊ တပ်မတော်နှင့် KNU တို့အကြား ၂၀၁၈ တွင် ဖြစ်ပွားခဲ့သော တိုက်ပွဲငယ်များကြောင့် ကမမောင်းအနီးရှိ တောင်ပိုင်းကျေးရွာအုပ်စုများအတွင်း အိုးအိမ်စွန့်ခွာ ဖြစ်ခဲ့ရခြင်းဖြစ်သည်။

ကော့ကရိတ်မြို့နယ်အတွင်း မကြာသေးမီကာလအတွင်း လူအများအပြား နေရပ်စွန့်ခွာမှုမှာ ၂၀၁၄ ခုနှစ်က အာရှလမ်းမကြီးတစ်လျှောက် တပ်မတော်/BGF ပူးပေါင်းတပ်ဖွဲ့များနှင့် DKBA ခွဲထွက်အဖွဲ့တို့အကြား ဖြစ်ပွားခဲ့သည့် တိုက်ပွဲငယ်များကြောင့် ဖြစ်သည်။ အခွန်ကောက်ရန် စစ်ဆေးရေးစခန်းများ ထားရှိရေးနှင့်ပတ်သက်သည့် အငြင်းပွားမှုတို့ကြောင့် ယင်းတိုက်ပွဲငယ်များ ဖြစ်ပွားခဲ့ကြောင်း ယေဘုယျအားဖြင့် နားလည်သဘောပေါက်ထားသည်။


ရှမ်းပြည်နယ် တပ်မတော်-တောင်ပိုင်း (SSA-S) မှ မောက်မယ်တွင် တပ်သားသစ်များ အဓမ္မစုဆောင်းခြင်းကြောင့် ရွာသား ၁၈၀ ဦးတို့သည် ရှားတောမြို့နယ်မြောက်ပိုင်းသို့ ၂၀၁၇ ခုနှစ်က ထွက်ပြေးတိမ်းရှောင်ခဲ့ကြကြောင်း သိရှိရသည်။ ယခုကဲ့သို့သော နေရပ်စွန့်ခွာမှု ပုံစံမျိုးကို သိရှိခဲ့သော်လည်း ပဋိပက္ခကြောင့် ဖြစ်ပေါ်လာသည့် ဆင်းရဲဒုက္ခများနှင့် ဆက်နွှယ်သည့် နေရပ်စွန့်ခွာမှု၏ အတိုင်းအတာနှင့် ပြန့်နှံ့မှုတို့ကို ခန့်မှန်းရန် မဖြစ်နိုင်ပါ။

---

[12] TBC၊ ၂၀၁၁၊ မြန်မာနိုင်ငံအရှေ့တောင်ပိုင်းရှိနေရပ်စွန့်ခွာရမှုနှင့်ဆင်းရဲမွဲတေမှုအခြေအနေ၊ https://www.theborderconsortium. org/resources/key-resources/

[13] ကရင်မြစ်ချောင်းများစောင့်ကြည့်ရေးကွန်ယက်၊ ၂၀၁၆၊ အသစ်တဖန်ဖြစ်ပေါ်လာသော စစ်ပွဲများနောက်ကွယ်က အရင်းခံ အကြောင်းရင်းများ

# ပဋိပက္ခအခြေခံ နေရပ်စွန့်ခွာရခြင်း (၂၀၁၇ - ၂၀၁၈)




| တိုင်းဒေသကြီး/ပြည်နယ် မြို့နယ် | IDPs ဦးရေ |
|---|---|
| ရှမ်းပြည်နယ် | ၁၈၀ |
| မောက်မယ် | ၁၈၀ |
| ကရင်ပြည်နယ် | ၁၁,၀၀၀ |
| ဖာပွန် | ၄,၀၀၀ |
| လှိုင်းဘွဲ့ | ၆,၀၀၀ |
| ကော့ကရိတ် | ၁,၀၀၀ |
| စုစုပေါင်း | ၁၁,၁၈၀ |

မြေပုံထုတ်လုပ်သည့် ရက်စွဲ။ ၂၀၁၈ ခုနှစ် အောက်တိုဘာလ ၂၅ ရက်နေ့
Thematic Data: CIDKP, HURFOM, KORD, KSWDC, TBC
Boundaries & Symbols: MIMU, OCHA
Projection/Datum: UTM Zone 47 N/WGS 1984

ငြင်းဆိုချက်။ ဤမြေပုံတွင် ပါရှိသော အမည်များနှင့် နယ်နိမိတ်များကို TBC မှ ထောက်ခံရေးသွင်းကြောင်း အဓိပ္ပါယ်မသက်ရောက်ပါ။

ယခင်က ဝင်ရောက်ရန်မဖြစ်နိုင်သည့် နယ်မြေများအတွင်း လမ်းဖေါက်လုပ်ခွင့်၊ သတ္တုတူးဖေါ်ခွင့်နှင့် သစ်ထုတ်လုပ်ခြင်းနှင့် စီးပွားဖြစ် လယ်ယာလုပ်ငန်းတို့ ကျယ်ပြန့်လာခြင်းသည် မြေသိမ်းခြင်း၊ အဓမ္မငွေကြေးတောင်းခံခြင်းနှင့် စစ်နယ်မြေ ပြုခြင်းတို့နှင့် ကျယ်ကျယ်ပြန့်ပြန့်ပင် ဆက်နွယ်နေသည်။ သို့ရာတွင် ယင်းကဲ့သို့သော ဖွံ့ဖြိုးရေးစီမံကိန်းများကြောင့် နေရပ်စွန့်ခွာမှုကို မှတ်တမ်းတင်ရန်ခက်ခဲသည်။

## ၂.၂ သဘာဝ ဘေးအန္တရာယ်ကြောင့် နေရပ်စွန့်ခွာရခြင်း

မြန်မာနိုင်ငံတွင် ရေကြီးခြင်း၊ မြေပြိုခြင်းတို့သည် မုတ်သုံနှင့် အတူပါလာစမြဲဖြစ်သကဲ့သို့ တောမီးတို့သည်လည်း နွေရာသီတွင် ပုံမှန်လောင်ကြစမြဲပင် ဖြစ်သည်။ သို့ရာတွင် အပစ်အခတ်ရပ်စဲရေးကာလအတွင်း တိုင်းရင်းသားနယ်မြေများအတွင်းသို့ သဘာဝအရင်းအမြစ် တူးဖော်ရေးလုပ်ငန်းများ၊ စီးပွားဖြစ် စိုက်ပျိုးရေးလုပ်ငန်းများနှင့် လမ်းဖောက်လုပ်ရေးလုပ်ငန်းများ ချဲ့ထွင် ဝင်ရောက်လာခြင်းက သစ်တောပြုန်းတီးမှုကို ပိုမိုဆိုးရွားစေခဲ့သည်။ နောက်ဆက်တွဲအနေဖြင့် မြန်မာနိုင်ငံအရှေ့တောင်ပိုင်း ရှိ ရေဝေရေလဲသစ်တောများတွင် ရေကြီးမှုနှင့်မြေပြိုမှုတို့ ပိုမိုဖြစ်ပွားလာခဲ့သည်။ ဖားအံနှင့် မော်လမြိုင်ကဲ့သို့သော မြေပြန့် ဒေသများအပြင် ပဋိပက္ခများမှ လွန့်မြောက်လာသည့် အသိုက်အဝန်းများရှိ ခန့်မှန်းခြေ လူဦးရေ ၃၈,၀၀၀ တို့သည် ပြီးခဲ့သည့် ၅ နှစ်အတွင်း သဘာဝဘေး အန္တရာယ်များကြောင့် နေရပ်စွန့်ခွာခဲ့ကြရသည်။

ကျေးလက်ဒေသများသို့ သွားရောက်ရန် လွယ်ကူလာသော်လည်း နိုင်ငံတကာ အသိုင်းအဝန်းအနေဖြင့် သဘာဝဘေးအန္တရာယ် အား တုံ့ပြန်နိုင်မှုမှာ အများအားဖြင့် အစိုးရ၏ အုပ်ချုပ်မှုရောက်ရှိသည့် ရပ်ရွာများအထိသာ ရောက်ရှိလက်လှမ်းမှီသည်။ နိုင်ငံ ရပ်ခြားထောက်ပံ့ရေး အဖွဲ့အစည်းများမှာ အစိုးရအာဏာပိုင်များနှင့် ပိုမိုပူးပေါင်းလာကြသည်ဖြစ်ရာ တိုင်းရင်းသားလက်နက် ကိုင်အဖွဲ့အစည်းများနှင့် တွဲဘက် (CSOs) တို့၏ လူသားချင်းစာနာမှုဆိုင်ရာ တုံ့ပြန်နိုင်စွမ်းမှာ ကျဆင်းလျှက်ရှိနေသည်။ ဥပမာ အားဖြင့် ၂၀၁၈ ခုနှစ်တွင် ကုလသမဂ္ဂဆိုင်ရာ လူသားချင်းစာနာမှုဆိုင်ရာ ရံပုံငွေနှင့် ဗဟိုအရေးပေါ်တုံ့ပြန်မှု ရံပုံငွေ အဖွဲ့တို့ မြန်မာနိုင်ငံအရှေ့တောင်ပိုင်းအတွင်း ရေဘေးကယ်ဆယ်ရေး အရေးပေါ်အကူအညီအတွက် အမေရိကန်ဒေါ်လာ ၂ သန်း ကို ပေးအပ်ခဲ့သော်လည်း တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ အုပ်ချုပ်ရာဒေသသို့ တစ်ပြားတစ်ချပ်မျှပင် ရောက်ရှိ ခဲ့ပုံ မပေါ်ပါ။


၂၀၁၃၊ ၂၀၁၅ နှင့် ၂၀၁၈ ခုနှစ် မိုးရာသီအတွင်း မြန်မာနိုင်ငံ အရှေ့တောင်ပိုင်းတွင် ဖြစ်ပေါ်ခဲ့သည့် ရေကြီးရေလျှံမှုတို့မှာ အတော်ပင်ဆိုးရွားခဲ့ပါသည်။ ဖားအံမြို့နယ် သံလွင်မြစ်ကြောင်းတစ်လျှောက်ရှိ ကျေးရွာများ၊ စစ်တောင်းမြစ်ဝှမ်းရှိ ရွှေကျင်နှင့် ကျောက်ကြီးမြို့နယ်များ၊ တနင်္သာရီမြစ်ဝှမ်းရှိ တနင်္သာရီနှင့် ပလောမြို့နယ်များနှင့် ဖာပွန်မြို့နယ်ရှိ ယွန်စလင်းမြစ်ဝှမ်းတို့တွင် အဓိကအားဖြင့် နေရပ်စွန့်ခွာမှုတို့ ဖြစ်ပွားခဲ့သည်။ ကျေးရွာအများစုမှာ မိမိတို့ အိမ်ပြန်လာနိုင်ကြသည်အထိ တစ်လနီးပါး နေရပ်စွန့်ခွာခဲ့ကြရသည်။

ယခုနှစ် မိုးရာသီအတွင်း ဖာပွန်မြို့နယ်တွင် အနည်းဆုံးကျေးရွာ တစ်ရွာမှာ မြေပြိုမှုကြောင့် လုံးဝပျက်စီးသွားခဲ့သည်။ ထို့ပြင် ရေသွင်းမြောင်းများနှင့် စပါးခင်းများ ထိခိုက်ပျက်စီးမှုသည်လည်း (မိုးစပါးပင် အများစုမှာ အမြစ်မှ ကျွတ်ပါလျှင်ပါ မပါလျှင် ဆွေးမြေ့သွားခဲ့ကြသည်) လာမည့်နှစ်အတွင်း စားနပ်ရိက္ခာမလုံခြုံမှုကို ပိုမိုဆိုးရွားစေမည်ဖြစ်သည်။

သယံဇာတအခြေပြု ဖွံ့ဖြိုးမှုနှင့် သဘာဝဘေးဒဏ်ကြောင့် နေရပ်စွန့်ခွာရမှုတို့ အကြားဆက်နွယ်မှုများကို ၂၀၁၅ ခုနှစ် အောက်တိုဘာလ အတွင်းက ဖားဆောင်းမြို့နယ်အတွင်း လူ ၃၈ ဦး သေဆုံးပြီး ၁၅၀၀ ကျော်တို့အား အိုးအိမ်မဲ့ဖြစ်စေခဲ့သည့် ကြေကွဲ ဖွယ်ရာကောင်းသည့် ဖြစ်ရပ်က အထင်အရှားပြသခဲ့သည်။ ငါးရက်တာ ဆက်တိုက်သည်း ထန်စွာရွာသွန်းသည့် မိုးနှင့် မော်ချီးမိုင်းများတွင် နှစ်ပေါင်းများစွာ သံဖြူနှင့် အဖြိုက်နက် တူးဖေါ်ခြင်းတို့ကြောင့် ထိုသို့ မြေပြိုခဲ့ရခြင်းဖြစ်သည်။

ဖွံ့ဖြိုးရေး စီမံကိန်းများကြောင့် နေရပ်စွန့်ခွာရမှု၏ ပိုမိုထင်ရှားသည့် ဥပမာတစ်ရပ်မှာ သောက်ရေခပ် မြစ်ပေါ်ရှိ ထုံးဘုံရေကာတာ ဖြစ်သည်။ ယင်းရေကာတာကြောင့် မြစ်ညာရှိ သံတောင်ကြီးမြို့နယ်ရှိ KNU အုပ်ချုပ်ရာနယ်မြေများအတွင်းရှိ ကျေးရွာများ ရေကြီးခဲ့ရာ လူ ၄၀၀ အိုးအိမ်မဲ့ခဲ့ရသည်။  အစိုးရမှ လျော်ကြေးငွေ အနည်းငယ်သာပေးခဲ့ပြီး ယင်းတွင် ရေမြုပ်လယ်ယာများ အတွက် ပါဝင်ခြင်းမရှိခဲ့ပါ။ သို့ဖြစ်ရာပြန်လည် ထူထောင်ရေးမှာ အားနည်းသွားပြီး အသက်မွေးဝမ်းကြောင်းအတွက် အဟန့် အတား ဖြစ်သွားစေခဲ့သည်။

# သဘာဝ ဘေးအန္တရာယ်ကြောင့် နေရပ်စွန့်ခွာရမှု ( ၂၀၁၃ – ၂၀၁၈ )




| တိုင်းဒေသကြီး/ပြည်နယ် မြို့နယ် | နေရပ်စွန့်ခွာသူ ဦးရေ |
|---|---|
| ကယားပြည်နယ် | ၁,၅၈၀ |
| ဖားဆောင်း | ၁,၅၈၀ |
| ပဲခူးတိုင်းဒေသကြီး | ၂၈,၀၀၀ |
| ကျောက်ကြီး | ၅,၆၀၀ |
| ရွှေကျင် | ၂၂,၄၀၀ |
| ကရင်ပြည်နယ် | ၃,၅၀၀ |
| ဖာပွန် | ၅၀၀ |
| လှိုင်းဘွဲ့ | ၂,၅၀၀ |
| မြဝတီ | ၅၀၀ |
| မွန်ပြည်နယ် | ၁,၂၀၀ |
| ရေး | ၁,၂၀၀ |
| တနင်္သာရီတိုင်းဒေသကြီး | ၄,၅၀၀ |
| ပုလော | ၅၀၀ |
| တနင်္သာရီ | ၄,၀၀၀ |
| စုစုပေါင်း | ၃၈,၇၈၀ |

မြေပုံထုတ်လုပ်သည့် ရက်စွဲ။ ၂၀၁၈ ခုနှစ် အောက်တိုဘာလ ၂၅ ရက်နေ့
Thematic Data: CIDKP, HURFOM, KORD, KSWDC, TBC
Boundaries & Symbols: MIMU, OCHA
Projection/Datum: UTM Zone 47 N/WGS 1984

ငြင်းဆိုချက်။ ဤမြေပုံတွင် ပါရှိသော အမည်များနှင့် နယ်နိမိတ်များကို TBC မှ ထောက်ခံရေးသွင်းကြောင်း အဓိပ္ပါယ်မသက်ရောက်ပါ။

# ၂.၃ ပြန်လည်ဝင်ရောက်ရေး၊ ပြန်လည်နေရာချရေးနှင့် ပြန်လည်ပေါင်းစည်းရေး

ခန့်မှန်းခြေအားဖြင့် ၂၀၁၃ နှင့် ၂၀၁၈ ခုနှစ်များအတွင်း မြန်မာနိုင်ငံအရှေ့တောင်ပိုင်းတွင် ယခင်က နေရပ်စွန့်ခွာခဲ့သူ ၁၆၂,၀၀၀ ဦးတို့သည် မိမိတို့၏ မူလကျေးရွာများသို့ ပြန်လာနိုင်ရန်သော်လည်းကောင်း ပတ်ဝန်းကျင် ဒေသများအတွင်း ပြန်လည် အခြေချရန်သော်လည်းကောင်း ကြိုးစားခဲ့ကြသည်။ ယင်းတွင် ၂၀၁၃ ခုနှစ် ကတည်းကပင် သဘာဝဘေးအန္တရာယ်ကြောင့် ရွှေ့ပြောင်းခဲ့ရသူမှာ အများစုဖြစ်ပြီး ထက်ဝက်နီးပါးမှာ ကွင်းဆင်းလေ့လာခဲ့သည့် မြို့နယ်များအတွင်းမှ မပြီးဆုံးနိုင်သည့် တိုက်ပွဲများကြောင့် ၂၀၁၃ မတိုင်မီကတည်းက နေရပ်စွန့်ခွာခဲ့ကြရ သူများဖြစ်သည်။ သူတို့ဆက်လက်တွေ့ကြုံနေရသော လုံခြုံရေးနှင့် အသက်မွေးမှု ရေရှည်ပြဿနာများကြောင့် အဆိုပါဒုက္ခသည်များ ပြန်လည်ပေါင်းစည်းနိုင်ရေးမှာ သံသယဖြစ်ဖွယ်ရှိသည်။

ကယားပြည်နယ်အတွင်းမြို့နယ်အလိုက် ပြန်လည်ဝင်ရောက်မှုနှင့် ပြန်လည်နေရာချထားမှု အကြီးဆုံးအစုအဝေးမှာ ဒီမောဆိုတွင် ဖြစ်သည်။ ဒီမောဆိုမြို့အရှေ့တောင်ဖက်ရှိ ရောယှက်အုပ်ချုပ်သည့် နယ်မြေများတွင် အစိုးရနှင့် KNPP တို့၏ အာဏာချိန်ခွင်လျှာမှာ အတော်လေးပင် ပိုမိုတည်ငြိမ်သည့် အနေအထားရှိ၍ သွားရေးလာရေးလည်းမခက်ခဲလှပါ။ ထို့ကြောင့် အသက်မွေးဝမ်းကျောင်းဆိုင်ရာအတွက် ရွေးချယ်မှု အတော်အသင့်ရှိသော အနေအထားဖြစ်သည်။ ထို့ပြင်လူ ၂၅၀ ကျော်တို့အားလည်း မယ်စဲ့နှင့် ဘော်လခဲမြို့နယ်များအတွင်းရှိ ကရင်နီ လူမျိုးပေါင်းစုံပြည်သူ့လွတ်မြောက်ရေးတပ်ဦး (KNPLF) တို့ အသစ်တည်ထောင်ထားသည့် စံပြကျေးရွာများတွင် ပြန်လည်နေရာချပေးခဲ့သည်။


ပဲခူးတိုင်းဒေသကြီး အရှေ့ပိုင်းအတွင်း မြင့်မားသည့် ပြန်လည်ဝင်ရောက်မှုနှင့် ပြန်လည်အခြေချမှုနှုန်းတို့က ၂၀၁၈ ခုနှစ်တွင် စစ်တောင်းမြစ်ဝှမ်း ရေကြီးရေလျှံမှုကြောင့် ယာယီနေရပ်စွန့်ခွာမှုသာဖြစ်သည့် သဘောသဘာဝကို အဓိကအားဖြင့် ဖော်ပြသည်။ တိုက်ပွဲများကြောင့် နေရပ်စွန့်ခွာ ခဲ့ရသူထက်ဝက်ခန့်သည် မြေနိမ့်ပိုင်းများတွင် ပြန်လည်အခြေစိုက်၍ ရပ်ရွာလူထုနှင့် ပြန်လည်ပေါင်းစည်းရန် ကြိုးစားခဲ့ကြသည်။

ပြီးခဲ့သည့် ငါးနှစ်အတွင်း ဖာပွန်မြို့နယ်တွင် သိပ်သည်းဆမြင့်မားသည့် ပြန်လည်ဝင်ရောက်မှုနှင့် ပြန်လည်နေရာချထားနိုင်မှုက KNU အုပ်ချုပ်ရာ ဖာပွန်ရှိတောင်ပေါ် ဒေသများသည် ဆယ်စုနှစ်များစွာပင် မြေပြန့်နှင့်အခြားမြို့နယ်များတို့မှ ပြည်တွင်းနေရပ် စွန့်ခွာသူများအတွက် မည်သို့မည် ပုံလုံခြုံမှုပေးလျှက်ရှိသည်ကို ဖေါ်ပြလျှက်ရှိနေသည်။ ဖာပွန်မြို့ တောင်ဖက်ရှိ ရောယှက် အုပ်ချုပ်သည့် နယ်မြေများတွင် အသက်မွေးဝမ်းကျောင်းများ ပြန်လည်တည်ဆောက်ရန် အားထုတ်မှုတို့သည် ပိုမိုရေရှည် တည်မြဲသည်။ မြောက်ပိုင်းတောင်ကုန်းများတွင် ပုန်းအောင်းနေရာမှ ယွန်းစလင်းမြစ်ဝှမ်း တစ်လျှောက်တွင် ကျေးရွာများနှင့် စပါးခင်းများကို ပြန်လည်တည်ထောင်ရန် ပြန်လာကြသည့် ကျေးရွာသားတို့၏ အပစ်အခတ်ရပ်စဲမှုအပေါ် ယုံကြည်မှုမှာ ၂၀၁၈ အတွင်းတပ်မတော်၏ ကျူးကျော်ဝင်ရောက်မှုများနှင့် တိုက်ပွဲများ ပြန်လည်ဖြစ်ပွားခြင်းတို့ကြောင့် ပျက်စီးသွားခဲ့ရသည်။

ဆန့်ကျင်ဖက်အားဖြင့် ရေးနှင့် ကြာအင်းဆိပ်ကြီးမြို့နယ်များအတွင်း ၂၀၁၃ နှစ်မှစ၍ IDP အများအပြား ပြန်လည်ဝင်ရောက်နေထိုင်ခြင်းသည် အစိုးရနှင့် KNU နှင့် NMSP တို့ အကြားရှိ အပစ်အခတ်ရပ်စဲရေး သဘောတူညီချက်အပေါ် ပြည်သူတို့ ပိုမို ယုံကြည်လာကြောင်းငြင်းဆို ဘွယ်ရာမရှိပြသခဲ့သည်။ အဆိုပါအပစ်အခတ်ရပ်စဲထားသည့်နယ်မြေများအတွင်း နိုင်ငံတကာအသိုင်းအဝန်းမှလည်း ပြည်သူလူထုအတွက် အခြေခံအဆောက်အဦများနှင့် လူမှုရေးဝန်ဆောင်မှုများကို KNU NMSP တို့နှင့် ပူးပေါင်း၍ တည်ဆောက်ပေးရန် ပိုမိုလုပ်ဆောင်လာသည်။

တနင်္သာရီတိုင်းဒေသကြီးအတွင်း ပြန်လည်ပေါင်းစည်းရေးနှင့်ပတ်သက်၍ ပြန်လည်နေရာချပေးထားသည့် နေရာများတွင် အသက်မွေးမှုများ ပြန်လည်တည်ထောင်ရာတွင် နေးကွေးနေသည်ဟု သတ်မှတ်ထားသည်။ ယင်းပြန်လည်နေရာချပေးထားသည့် နေရာများမှာ KNU အုပ်ချုပ်ရာ နယ်မြေများအတွင်း သောင်းကျန်းသူ နှိမ်နင်းမှု စစ်ဆင်ရေးများ စတင်ပြီးနောက် နှစ် ၂၀ တွင် စတင်တည်ထောင်ခဲ့ခြင်းဖြစ်သည်။ တနင်္သာရီတိုင်းဒေသကြီးအတွင်း ယင်းနေရာ ၁၀၉ နေရာ ကျန်ရှိနေသေးသည်။ အဆိုပါနေရာများတွင် အတင်းအဓမ္မ ရွာတည်ထောင်ထားခြင်းမှလွဲ၍ ပတ်ဝန်းကျင်ရှိ အခြားရွာကြီးများကဲ့သို့ပင်ဖြစ်သည်။ ယင်းကျေးရွာများတွင် နေထိုင်သူထက်ဝက်ကျော်မှာ လျော်ကြေး၊ မြေယာတစ်စုံ တစ်ရာမရရှိပဲ ထိုသို့ ပြောင်းရွှေ့ခဲ့ရသော်လည်းပဲ

# ပြန်လည်ဝင်ရောက်ရေး၊ ပြန်လည်နေရာချရေးနှင့် ပြန်လည်ပေါင်းစည်းရေး ( ၂၀၁၇ – ၂၀၁၈ )




| | |
|---|---|
| | ၁ - ၃,၀၀၀ |
| | ၃,၀၀၁ - ၆,၀၀၀ |
| | ၆,၀၀၁ - ၁၆,၀၀၀ |
| | ၁၆,၀၀၁ - ၂၈,၀၀၀ |

| တိုင်းဒေသကြီး/ပြည်နယ် မြို့နယ် | ပြန်လည်ဝင်ရောက်/ နေထိုင်သော IDP ဦးရေ |
|---|---|
| **ကယားပြည်နယ်** | **၉,၇၁၀** |
| ရှားတော | ၉၈၀ |
| လွိုင်ကော် | ၁,၁၇၀ |
| ဒီမောဆို | ၃,၉၅၀ |
| ဖရူဆို | ၂,၂၁၀ |
| ဘောလခဲ | ၃၅၀ |
| ဖားဆောင်း | ၃၀၀ |
| မယ်စဲ့ | ၇၅၀ |
| **ပဲခူးတိုင်းဒေသကြီး** | **၄၄,၄၀၀** |
| ကျောက်ကြီး | ၁၆,၅၀၀ |
| ရွှေကျင် | ၂၇,၉၀၀ |
| **ကရင်ပြည်နယ်** | **၅၅,၃၀၀** |
| သံတောင်ကြီး | ၆,၇၀၀ |
| ဖာပွန် | ၁၉,၀၀၀ |
| လှိုင်းဘွဲ့ | ၇,၅၀၀ |
| မြဝတီ | ၃,၈၀၀ |
| ကော့ကရိတ် | ၄,၀၀၀ |
| ကြာအင်းဆိပ်ကြီး | ၁၄,၃၀၀ |
| **မွန်ပြည်နယ်** | **၁၈,၂၀၀** |
| ရေး | ၁၈,၂၀၀ |
| **တနင်္သာရီတိုင်းဒေသကြီး** | **၃၄,၄၄၀** |
| ရေဖြူ | ၈,၇၀၀ |
| ထားဝယ် | ၃,၇၅၀ |
| သရက်ချောင်း | ၂,၂၂၀ |
| ပုလော | ၇,၇၈၀ |
| မြိတ် | ၂,၇၃၀ |
| တနင်္သာရီ | ၇,၃၄၀ |
| ဘုတ်ပြင်း | ၁,၉၂၀ |
| **စုစုပေါင်း** | **၁၆၂,၀၅၀** |

မြေပုံထုတ်လုပ်သည့် ရက်စွဲ။ ၂၀၁၈ ခုနှစ် အောက်တိုဘာလ ၂၅ ရက်နေ့
Thematic Data: CIDKP, HURFOM, KORD, KSWDC, TBC
Boundaries & Symbols: MIMU, OCHA
Projection/Datum: UTM Zone 47 N/WGS 1984

ငြင်းဆိုချက်။ ဤမြေပုံတွင် ပါရှိသော အမည်များနှင့် နယ်နိမိတ်များကို TBC မှ ထောက်ခံရေးသွင်းကြောင်း အဓိပ္ပါယ်မသက်ရောက်ပါ။

သူတို့အား နေရပ်စွန့်ခွာခဲ့သူများအဖြစ် သဘောထား၍ မရနိုင်တော့သည်အထိ ထိုနေရာများတွင် နေသားကျလျက်ရှိနေသည်။ TBC ၏ လူဦးရေစောင့်ကြည့်မှု အစီအစဉ်က ညွှန်ပြသည်မှာ ၂၀၁၃ မှစ၍ မြန်မာနိုင်ငံအတွင်းသို့ လူ ၁၈,၀၀၀ ကျော် ပြန်လည်ဝင်ရောက်ခဲ့သည်။ ယင်းတို့အနက် ၁၁,၀၀၀ မှာ မြန်မာနိုင်ငံအရှေ့တောင်ပိုင်းအတွင်း ပြန်လည်ဝင်ရောက်နေရာချထားသူများအဖြစ် စစ်တမ်းမှခန့်မှန်း ထားသူများဖြစ်သည်။ ယင်းတို့မှာ ကရင်ပြည်နယ်တွင် ၈၅၀၀၊ ကယားပြည်နယ်တွင် ၁၂၀၀ နှင့် တနင်္သာရီတိုင်းဒေသကြီးတွင် ၁၁၀၀ ဖြစ်သည်။ ပြန်လည်ပေါင်းစည်းခြင်း၏ ထမြောက်မှုကိုဖြစ်ရပ် အနည်းငယ်တွင်သာ စစ်ဆေးနိုင်ခဲ့သည်။ သို့ဖြစ်ရာနေရပ်ပြန် ဒုက္ခသည် အချို့သည် ပြည်တွင်း နေရပ်စွန့်ခွာသူများအဖြစ်သာ နေထိုင်နေရဘွယ်ရှိသည်။

## ၂.၄ ကျန်ရှိနေသေးသည့် ပြည်တွင်းနေရပ်စွန့်ခွာထွက်ပြေးရမှုများ

နောက်ဆက်တွဲ ၁ တွင် မှတ်တမ်းတင်ထားပြီး ပူးတွဲပါမြေပုံတွင် ဖော်ပြထားသည့်အတိုင်းပင် လူဦးရေ အနည်းဆုံး ၁၆၂,၀၀၀ ဦးသည် မြန်မာနိုင်ငံအရှေ့တောင်ပိုင်း၊ မြို့နယ် ၂၆ မြို့နယ်၏ ကျေးလက်ဒေသများတွင် အိုးအိမ်မဲ့ထွက်ပြေးတိမ်းရှောင်နေရဆဲဖြစ်သည်ဟု ခန့်မှန်းထားသည်။ ၎င်းသည် ၂၀၁၂ ခုနှစ်တွင် နောက်ဆုံး ပြုလုပ်ခဲ့သော စစ်တမ်းအရ ထိုမြို့နယ်များတွင် ရှိနေသည်ဟု ခန့်မှန်းထားသည့် အိုးအိမ်စွန့်ခွာ ထွက်ပြေးတိမ်းရှောင်သူ အရေအတွက်၏ တစ်ဝက်ခန့်ဖြစ်ပြီး ယေဘုယျခန့်မှန်းထားသည်ထက် လူဦးရေ ၂၃၈,၀၀၀ လျော့နည်းသွားခြင်းဖြစ်သည်။[14]

ဤခန့်မှန်းမှုများသည် ပြည်တွင်းနေရပ်စွန့်ခွာ ထွက်ပြေးတိမ်းရှောင်သူများအား နိုင်ငံတကာစံနှုန်းများအရ အဓိပ္ပာယ်ဖွင့်ဆိုထားမှုအပေါ် အခြေခံထားခြင်းဖြစ်သည်။ ထိုအဓိပ္ပာယ်ဖွင့်ဆိုထားမှုများအရ ပြည်တွင်းနေရပ်စွန့်ခွာထွက်ပြေး တိမ်းရှောင်သူများဆိုသည်မှာ လက်နက်ကိုင်ပဋိပက္ခ၊ ယေဘုယျအကြမ်းဖက်မှု၊ အကြီးစားဖွံ့ဖြိုးရေး စီမံကိန်းများ၊ သို့မဟုတ် သဘာဝဘေးအန္တရာယ်များကြောင့် မိမိတို့အိမ်များကို မဖြစ်မနေ စွန့်ခွာလာရသူများဖြစ်သည်။[15] နိုင်ငံတကာစံနှုန်းများတွင် အိုးအိမ်မဲ့ဒုက္ခသည်ဖြစ်သည့် ကြာမြင့်ချိန်အပေါ် မူတည်၍ တာဝန်ရှိသူများအနေဖြင့် သူတို့ဆန္ဒအလျောက် စားနပ်ရိက္ခာဖြတ်တောက်နိုင်ကြောင်း ပြဋ္ဌာန်းထားခြင်းမရှိပါ။ သို့သော် သူတို့အနေဖြင့် သူတို့၏ ယခင်အိုးအိမ်မဲ့ဖြစ်မှုနှင့် ပတ်သက်၍ အကူအညီ တစ်ခုခု မလိုအပ်တော့သည့်အခြေအနေ သို့မဟုတ် သူတို့အား ကာကွယ်ပေးရန် မလိုအပ်တော့သည့် အခြေအနေအတွက် အဖြေရှာတွေ့ပြီးဖြစ်သည်ဟု သတ်မှတ်ခြင်းဖြစ်သည်။[16]

ယေဘုယျခန့်မှန်းချက်တွင် လျော့ကျသွားခြင်းသည် အဓိကအားဖြင့် အကြောင်းရင်း ၂ ခု ကြောင့်ဖြစ်သည်။ အိုးအိမ်စွန့်ခွာထွက်ပြေးတိမ်းရှောင်သူများအနေဖြင့် သူတို့၏ အိုးအိမ်မဲ့မှုပြဿနာကို ဖြေရှင်းရန်စွမ်းရည်ရှိခြင်းနှင့် TBC အနေဖြင့် ရှမ်းပြည်နယ်တောင်ပိုင်းအနှံ့ စစ်တမ်းကောက်ယူမှု မပြုလုပ်နိုင်ခြင်းကြောင့်ဖြစ်သည်။ ပထမအကြောင်းရင်းနှင့်ပတ်သက်၍ ၂၀၁၂ ခုနှစ် ခန့်မှန်းအိုးအိမ်မဲ့ ထွက်ပြေးတိမ်းရှောင်သူများထဲမှ လူဦးရေ ၁၂၀,၀၀၀ နီးပါးသည် သူတို့၏ နဂိုကျေးရွာများ သို့မဟုတ် နေရာအသစ်များတွင် ပြန်လည်အခြေချ နေထိုင်ခဲ့ကြပြီး ဖြစ်သည်ဟု ယုံကြည်ရသည်။ ဒုတိယအကြောင်းရင်းနှင့်ပတ်သက်၍ ၂၀၁၂ ခုနှစ်အတွင်း ရှမ်းပြည်နယ်တောင်ပိုင်းရှိ မြို့နယ် ၁၃ ခုတွင် အိုးအိမ်စွန့်ခွာထွက်ပြေးတိမ်းရှောင်သူ ၁၂၅,၀၀၀ ရှိသည်ဟု ခန့်မှန်းထားသည်။ သို့ရာတွင် ဤစစ်တမ်းတွင်မူ ထိုင်းနိုင်ငံနှင့် နယ်နိမိတ်ခြင်းထိစပ်နေသည့် နေရပ်စွန့်ခွာ ဒုက္ခသည်စခန်း ၅ ခုမှလူဦးရေ ၅,၈၀၀ သာ ပါဝင်သည်။

ဤစစ်တမ်းတွင် ရှမ်းပြည်နယ်ရှိ မြို့နယ်များအား ဖယ်ထုတ်ထားခြင်းအား နေရာစွန့်ခွာထွက်ပြေးမှု လျော့ကျသွားခြင်းဟု မှတ်ယူရန် မဟုတ်ပါ။ ရှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ (RCSS) မှ ၂၀၁၁ ခုနှစ်တွင် နှစ်ဖက် အပစ်အခတ်ရပ်စဲရေးစာချုပ်ကို လက်မှတ်ထိုးပြီးချိန်မှစ၍ နယ်စပ်တစ်လျောက်ရှိ ရှမ်း IDP စခန်း ၅ ခု ရှိလူဦးရေမှာ တည်ငြိမ်လျက်ရှိသည်။ အဓိကအကြောင်းရင်းမှာ ၎င်းတို့ စွန့်ခွာလာသည့် ကျေးရွာများအား ဝပြည်သွေးစည်းညီညွတ်ရေးတပ်မတော် (UWSA) မှ သိမ်းထားဆဲဖြစ်သောကြောင့် ဖြစ်သည်။

ထိုရှမ်း IDP စခန်းများကဲ့သို့ပင် ဖာပွန်မြို့နယ်ရှိ ကရင် IDP စခန်းတစ်ခုသို့ နိုင်ငံခြားအကူအညီများ ၂၀၁၇ ခုနှစ်တွင် ရပ်ဆိုင်းခဲ့မှု


---

[14] TBC ၂၀၁၂ ပြောင်းလဲနေသော လက်တွေ့အမှန်တရားများ၊ မြန်မာနိုင်ငံအရှေ့တောင်ပိုင်း ရှိ ဆင်းရဲမွဲတေမှုနှင့် နေရပ်စွန့်ခွာ ထွက်ပြေးမှု၊ စာ ၁၆-၁၈

[15] နေရပ်စွန့်ခွာထွက်ပြေးမှုဆိုင်ရာ UN လမ်းညွှန်မှုများ၊ ၁၉၉၈

[16] UN နိုင်ငံတကာအေဂျင်စီများဆိုင်ရာအမြဲတမ်းကော်မတီ၊ ၂၀၁၀၊ နေရပ်စွန့်ခွာထွက်ပြေးသူများအတွက်ရေရှည်ဖြေရှင်းမှု ဆိုင်ရာမူဘောင်

# ကျန်ရှိနေသေးသည့် ပြည်တွင်းနေရပ်စွန့်ခွာထွက်ပြေးရမှုများ




| တိုင်းဒေသကြီး/ပြည်နယ် မြို့နယ် | IDPs စုစုပေါင်း (၂၀၁၈) |
|---|---|
| **ရှမ်းပြည်နယ်** | **၅,၈၀၀** |
| မိုင်းဆတ် | ၂,၆၅၀ |
| မိုင်းတုံ | ၆၀၀ |
| မိုင်းပန် | ၂,၅၅၀ |
| **ကယားပြည်နယ်** | **၂၆,၈၀၀** |
| ရှားတော | ၅၀၀ |
| လွိုင်ကော် | ၂,၀၅၀ |
| ဒီမောဆို | ၅,၄၀၀ |
| ဖရူဆို | ၃,၈၉၀ |
| ဘောလခဲ | ၁,၇၇၀ |
| ဖားဆောင်း | ၉,၄၇၀ |
| မယ်စဲ့ | ၃,၇၂၀ |
| **ပဲခူးတိုင်းဒေသကြီး** | **၂၂,၂၀၀** |
| ကျောက်ကြီး | ၁၆,၅၀၀ |
| ရွှေကျင် | ၅,၇၀၀ |
| **ကရင်ပြည်နယ်** | **၄၉,၈၀၀** |
| သံတောင်ကြီး | ၁၀,၀၀၀ |
| ဖာပွန် | ၂၄,၀၀၀ |
| လှိုင်းဘွဲ့ | ၆,၀၀၀ |
| မြဝတီ | ၁,၀၀၀ |
| ကော့ကရိတ် | ၉၀၀ |
| ကြာအင်းဆိပ်ကြီး | ၇,၉၀၀ |
| **မွန်ပြည်နယ်** | **၁၈,၀၀၀** |
| ရေး | ၁၈,၀၀၀ |
| **တနင်္သာရီတိုင်းဒေသကြီး** | **၃၉,၉၀၀** |
| ရေဖြူ | ၁၄,၈၀၀ |
| ထားဝယ် | ၂,၅၀၀ |
| သရက်ချောင်း | ၂,၀၀၀ |
| ပုလော | ၈,၄၅၀ |
| မြိတ် | ၃,၅၅၀ |
| တနင်္သာရီ | ၇,၃၀၀ |
| ဘုတ်ပြင်း | ၁,၃၀၀ |
| **စုစုပေါင်း** | **၁၆၂,၅၀၀** |

မြေပုံထုတ်လုပ်သည့် ရက်စွဲ။ ၂၀၁၈ ခုနှစ် အောက်တိုဘာလ ၂၅ ရက်နေ့
Thematic Data: CIDKP, HURFOM, KORD, KSWDC, TBC
Boundaries & Symbols: MIMU, OCHA
Projection/Datum: UTM Zone 47 N/WGS 1984

ငြင်းဆိုချက်။ ဤမြေပုံတွင် ပါရှိသော အမည်များနှင့် နယ်နိမိတ်များကို TBC မှ ထောက်ခံရေးသွင်းကြောင်း အဓိပ္ပါယ်မသက်ရောက်ပါ။

သည့်လည်း ထိုစခန်းရှိ နေရပ်စွန့်ခွာဒုက္ခသည် ၂၃၀၀ ဦးအတွက်သူတို့၏ နေရပ်သို့ ပြန်ခြင်းသို့မဟုတ် အခြားနေရာသို့ ရွှေ့ပြောင်းအခြေချခြင်း သိသိသာသာ မဖြစ်ပေါ်စေခဲ့ပါ။ ထိုကာလအတွင်း တိုင်းရင်းသားလက်နက်ကိုင်များ ထိန်းချုပ်ရာ နယ်မြေများရှိ IDP စခန်းများအတွက် အထောက်အပံ့များ လျော့ကျလာစဉ်တွင် နိုင်ငံတကာအသိုင်း အဝိုင်းသည် လှိုင်းဘွဲ့ မြို့နယ်ရှိ မြိုင်ကြီးငူ IDP စခန်းသို့ လူ ၆၀၀၀ နီးပါး ပြောင်းရွှေ့နေထိုင်ခြင်းအတွက် တုံ့ပြန်လုပ်ဆောင်ခဲ့သည်။

နေရပ်စွန့်ခွာထွက်ပြေးသူ အကြွင်းအကျန်အများစုသည် စခန်းများတွင် နေထိုင်ခြင်းမဟုတ်ဘဲ ဝေးလံပြီး ပဋိပက္ခ၏ ဆိုးကျိုး သက်ရောက်မှုကို ခံရသော ဒေသများတွင် ပျံ့နှံ့တည်ရှိနေသည်။ ယေဘုယျအားဖြင့် ၂၀၀၃ ခုနှစ်မှ ၂၀၁၁ ခုနှစ်အတွင်း နှစ်စဉ် နေရပ်စွန့်ခွာထွက်ပြေးမှုနှုန်းသည် ပျမ်းမျှအားဖြင့် တစ်နှစ်လျှင် ၇၅,၀၀၀ ခန့်ရှိရာမှ ၂၀၁၂ မှ ၂၀၁၈ အတွင်း တစ်နှစ်လျှင် ၁၀,၀၀၀ ထိကျဆင်းသွားခဲ့သည်။ သို့ရာတွင် ဖာပွန်နှင့် ကျောက်ကြီးမြို့နယ်များ အတွင်းရှိ KNU အုပ်ချုပ်သည့် နယ်မြေများနှင့် ရေးမြို့နယ်အတွင်း မွန်ပြည်သစ်ပါတီ အပစ်အခတ်ရပ်စဲထားသည့် နေရာများသည် နေရပ်စွန့်ခွာထွက်ပြေးသူ အများ အပြားအတွက် အတန်အသင့်လုံခြုံမှုကိုပေးပြီး ဤလားရာဖြစ်ပေါ်နေခဲ့သည်မှာ ဆယ်စုနှစ် တစ်ခုကျော်သွားပြီဖြစ်သည်။

# အခန်း ၃။

# စားနပ်ရိက္ခာမဖူလုံမှုနှင့် ကာလရှည် ဆင်းရဲမွဲတေမှု



စုပေါင်းရိတ်သိမ်းခြင်း၊ ဖာပွန်၊
၂၀၁၅၊ *KESAN*



အရပ်နှင့်အလေးချိန် ဆန်းစစ်အကဲဖြတ်ခြင်း၊
လွိုင်တိုင်းလဲင်စခန်း၊ မိုင်းပန်မြို့။
၂၀၁၇၊ *TBC*

# ၃.၁ ပြည်တွင်းနေရပ်စွန့်ခွာသူများ၏ စခန်းများအတွင်း ဆင်းရဲမွဲတေမှုနှင့် အာဟာရအခြေအနေ

၂၀၁၈ မြန်မာနိုင်ငံ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ တုံ့ပြန်မှုစီမံကိန်း[17] သည် လိုင်းဘွဲ့မြို့နယ် မြိုင်ကြီးငူဘုန်းတော်ကြီးကျောင်းပတ်ဝန်းကျင်ရှိ IDP ၆,၀၀၀ တို့၏ လိုအပ်ချက်များအား အသိအမှတ်ပြုသော်လည်း မြန်မာနိုင်ငံ အရှေ့တောင်ပိုင်းရှိ အခြားသော ဒုက္ခသည်များအတွက်မူ အသိအမှတ်ပြုခြင်းမရှိပါ။ ထိုင်းနိုင်ငံနယ်စပ်တစ်လျှောက်ရှိ တိုင်းရင်းသားလက်နက်ကိုင်တို့ အုပ်ချုပ်ရာ IDP စခန်းများသို့ ပေးအပ်သည့် အကူအညီများကို အလှူရှင်အစိုးရများက ရပ်ဆိုင်းခဲ့ပြီးဖြစ်သည်။

၂၀၀၆ နှင့် ၂၀၁၇ အကြား ရှမ်းနှင့် ကရင် IDP စခန်းများသို့ TBC ၏ စားနပ်ရိက္ခာအကူအညီကို အဓိကအားဖြင့် အမေရိကန်ပြည်ထောင်စု နိုင်ငံတကာဖွံ့ဖြိုးရေးအေဂျင်စီ (USAID) နှင့် ဗြိတိန်နိုင်ငံ နိုင်ငံတကာဖွံ့ဖြိုးရေးဌာန (DfID) တို့မှရရှိသည်။ ၂၀၁၇ သြဂုတ်လအတွင်း USAID ၏ နှစ်ရှည်ငွေကြေးထောက်ပံ့ရေး ကတိကဝတ်ပြီးဆုံးသွားခြင်းနှင့် ၂၀၁၇ တွင် DfID ၏ လူသားချင်းဆိုင်ရာ ထောက်ပံ့မှုမှာ ၄၀% လျှော့နည်းသွားခြင်းတို့ကြောင့် TBC သည် IDP စခန်းများသို့ ပေးသည့် အကူအညီများကို ရပ်သိမ်း၍ ထိုင်းနိုင်ငံတွင်းရှိ ဒုက္ခသည်စခန်းများကို ဦးစားပေးလာခဲ့သည်။

***IDP စခန်း လူဦးရေများ (၂၀၁၇)***

| စခန်း | ပြည်နယ် | မြို့နယ် | အမျိုးသမီး | အမျိုးသား | လူဦးရေ | အိမ်ထောင်စု |
|---|---|---|---|---|---|---|
| လွိုင်ကော်ဝမ်း | ရှမ်း | မိုင်းဆတ် | ၁,၃၈၈ | ၁,၂၄၆ | ၂,၆၃၄ | ၄၃၈ |
| လွိုင်ဆမ်စစ် | ရှမ်း | မိုင်းတုံ | ၁၄၈ | ၂၀၈ | ၃၅၆ | ၅၃ |
| လွိုင်လမ် | ရှမ်း | မိုင်းတုံ | ၁၄၇ | ၁၄၈ | ၂၉၅ | ၆၄ |
| လွိုင်တိုင်းလဲင်း | ရှမ်း | မိုင်းပန် | ၁,၁၇၂ | ၁,၁၂၄ | ၂,၂၉၆ | ၄၂၀ |
| အေးသူထာ | ကရင် | ဖာပွန် | ၁,၂၇၉ | ၁,၂၉၂ | ၂,၅၇၀ | ၃၄၆ |
| | | | **၄,၁၃၄** | **၄,၀၁၇** | **၈,၁၅၁** | **၁,၃၂၀** |

၂၀၁၃ မှစတင်၍ အိမ်ထောင်စုအလိုက် ဆင်းရဲမွဲတေမှုစစ်တမ်းများက ဒုက္ခသည်စခန်းအခြေစိုက် လူဦးရေများ၏ စားနပ်ရိက္ခာလုံခြုံမှု၊ အန္တရာယ်ကျရောက်နိုင်ခြေနှင့် အာဟာရအနေအထားတို့အား လေ့လာစောင့်ကြည့်ခဲ့သည်။ TBC ၏ စားနပ်ရိက္ခာထောက်ပံ့မှုများ ကုန်ဆုံးချိန်ဖြစ်သည့် ၂၀၁၇ အောက်တိုဘာနှင့် နိုဝင်ဘာအတွင်း စစ်တမ်းကောက်ယူခဲ့ခြင်းဖြစ်သည်။ ၄၀% ကျော်သော အိမ်ထောင်စုများနှင့် ကလေးသူငယ် ၅၀% ခန့်တို့အား အညွှန်းကိန်း ၁၇ ခုပေါ် အခြေခံသည့် မေးခွန်းများဖြင့် စစ်တမ်းကောက်ခဲ့သည်။[18] အောက်ပါ ပုံစံကားချပ်များ၊ ဇယားများနှင့် ရှင်းလင်းတင်ပြချက်များသည် တွေ့ရှိမှုများနှင့် လားရာအနေအထားများကိုဖော်ပြသည်။

***၂၀၁၇ IDP စခန်း စစ်တမ်း နမူနာအရွယ်အစား***


| စခန်း | စုစုပေါင်း # ကလေး | စစ်တမ်းကောက်ယူခဲ့သော ကလေး | စုစုပေါင်း# | စစ်တမ်း ကောက်ယူခဲ့သော အိမ်ထောင်စု |
|---|---|---|---|---|
| လွိုင်ကော်ဝမ်း | ၁၆၀ | ၄၃ | ၄၃၈ | ၁၅၀ |
| လွိုင်ဆမ်စစ် | ၂၁ | ၁၅ | ၅၃ | ၅၃ |
| လွိုင်တိုင်းလဲင် | ၁၂၅ | ၈၇ | ၄၂၀ | ၅၃ |
| လွိုင်လမ် | ၁၃ | ၁၈ | ၆၄ | ၁၉၀ |
| အေးသူထာ | ၃၇၇ | ၁၇၉ | ၃၄၆ | ၁၁၇ |
| **စုစုပေါင်း** | **၆၉၆** | **၃၄၂** | **၁,၃၂၀** | **၅၆၃** |

[17] UNOCHA ၂၀၁၇မြန်မာနိုင်ငံ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ တုံ့ပြန်မှုကြားကာလ စီမံကိန်း (https://reliefweb.int/report/ myanmar/2018-interim-humanitarian-response-plan-myanmar

[18] နောက်ဆက်တွဲ ၂၊ အိမ်ထောင်စုများ၏ စားနပ်ရိက္ခာလုံခြုံမှုမေးခွန်း


မိမိ မူလကျေးရွာသို့ ပြန်ရန် (သို့) အခြားတစ်နေရာတွင် အခြေချနေထိုင်ရန် သို့မဟုတ် ထိုင်းနိုင်ငံအတွင်း ရွှေ့ပြောင်းရန်အတွက် ရွေးချယ်နိုင်ခွင့် အလွန်နည်းပါးလျက်ရှိနေသည်။ တပ်မတော်နှင့်/သို့မဟုတ် ဝပြည်သွေးစည်းညီညွတ်ရေး တပ်မတော်တို့သည် ထွက်ပြေးကြခဲ့ရသူတို့၏ ပတ်ဝန်းကျင်နယ်မြေများအတွင်း စခန်းချနေထိုင်လျက်ရှိသည်။ စားနပ်ရိက္ခာ အကူအညီမရှိတော့သည့်တိုင် ၂၀၁၈ ခုနှစ်တွင် အိမ်ထောင်စုအားလုံးနီးပါး ၉၄% တို့သည် IDP စခန်းများတွင်သာ ဆက်လက်နေထိုင်ရန် အစီအစဉ်ရှိသည်ဟု စခန်းကော်မတီများ၏ အစီရင်ခံချက်အရ သိရသည်။

**သန့်ရှင်းသော ရေနှင့် သန့်ရှင်းသော အိမ်သာများ လက်လှမ်းမီရရှိမှု**





စခန်းများအတွင်း ပြည်သူ့ကျန်းမာရေးအသိပညာနှင့် အခြေခံအဆောက်အအုံတို့မှာ အတော်ပင်ကောင်းမွန်သည့်အတွက် ရေမှတဆင့်ဖြစ်ပွားသောရောဂါကူးစက်မှုကို လျော့ချနိုင်ခဲ့သည်။ မြစ်များ၊ ကန်များနှင့် အကာအရံမဲ့ရေတွင်းများ ထက်စာလျှင် အဝီစိတွင်းများ၊ ကာရံထားသည့် သဘာဝရေထွက်များအပါအဝင် ထိန်းသိမ်းစောင့်ရှောက်ထားသည့် အရင်းအမြစ်များမှ သောက်သုံးရေ ရရှိနိုင်ရန် အတော်အသင့် အဆင်ပြေသည်။ ထို့ပြင် စခန်းများမှာ ရေလောင်းအိမ်သာ သို့မဟုတ် မိလ္လာတွင်းအား ဖုံးအုပ်ထားသော အိမ်သာများလည်း အလွယ်တကူရှိ၍ သန့်ရှင်းမှုရှိသည်။

**လွန်ခဲ့သော လအတွင်း မိသားစုအတွက် ကုန်ကျငွေများ ၂၀၁၃ - ၂၀၁၇**





အိမ်ထောင်စု အသုံးစရိတ်တွင် စားသောက်ကုန်ကျစရိတ်သည် အမြဲတမ်းလိုလို အများဆုံးဖြစ်ရာ IDP စခန်းများအတွင်း ဝင်ငွေရရှိရန် အခွင့်အလမ်းများ ကင်းမဲ့မှုကို ဖော်ပြသည်။ ဆန်ပံ့ပိုးမှုရှိသည့်တိုင် အစားအစာအတွက် ကုန်ကျစရိတ်မှာ ပျမ်းမျှအားဖြင့် အိမ်ထောင်စုစရိတ်၏ သုံးပုံ-နှစ်ပုံရှိနေသောကြောင့် အခြားသော အခြေခံလိုအပ်ချက်များအတွက် ငွေကြေး အနည်းငယ်သာကျန်သည်။

**အဓိကဝင်ငွေရလမ်းများ ၂၀၁၃ - ၂၀၁၇**




လေ့လာမှုအရ ဝင်ငွေရရှိရန်မှာ ကျပန်းနှင့် ရာသီပေါ် နေ့စားအလုပ်များအပေါ် များစွာမှီခိုနေရကြောင်း တွေ့ရှိရသည်။ ရာသီပေါ် အလုပ်အကိုင် အခွင့်အလမ်းမှာ အနီးအနားတွင် ကော်ဖီနှင့် လက်ဖက်စိုက်ခင်းများရှိသည့် လွိုင်ကော်ဝမ်းနှင့် လွိုင်တိုင်းလျန် တို့တွင် အကောင်းဆုံးဖြစ်၍ အေးသူထာစခန်းတွင် အနည်းဆုံးဖြစ်သည်။

**အစားအစာစားသုံးမှု ဆန်းစစ်ခြင်း ၂၀၁၃ - ၂၀၁၇**




ပြီးခဲ့သော ရက်သတ္တပတ်အတွင်း အမယ်စုံစားသုံးမှု၊ ကြိမ်နှုန်းနှင့် အဟာရပါဝင်မှုတို့ကို အကဲဖြတ်ရန် အစားအသောက် ဆိုင်ရာ ဆန်းစစ်မှုကို ကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ် (WFP) ၏ လမ်းညွှန်ချက်များနှင့်အညီ လုပ်ဆောင်ခဲ့သည်။ တွေ့ရှိချက်များ အရ ပြီးခဲ့သည့် ၂ နှစ်အတွင်း စားသုံးမှုပုံစံများ ကောင်းမွန်လာကြောင်းနှင့် TBC ၏ ထောက်ပံ့ရေးရိက္ခာများ ကုန်ခမ်းသွားမည့် အချိန်ခန့်တွင် အိမ်ထောင်စုများ၏ အတော်အသင့်မြင့်မားသည့် အချိုးအစားသည် လုံလောက်စွာ စားသောက် ကြရကြောင်း သိရသည်။ အနည်းဆုံးအိမ်ထောင်စု ၈၀% သည် ပရိုတင်းနှင့် ဗီတာမင်အေတို့ကို နေ့စဉ်စားသုံးကြရသော်လည်း သံဓါတ်ချို့တဲ့မှု ကိုမူ ထင်ရှားစွာတွေ့ရှိရသည်။

**အသက်(၆) လ မှ (၅၉) လ အထိ ကလေးငယ်များ၏ ပြင်းထန်အာဟာရချို့တဲ့မှု**
**(၂၀၁၇ နမူနာ = ကလေး ၃၂၄ ယောက်)**

| | ၂၀၁၆ IDP စခန်း | ၂၀၁၇ IDP စခန်း | ၂၀၁၇ ဒုက္ခသည်စခန်း |
|---|---|---|---|
| ကမ္ဘာ့တစ်ဝန်း ဒုက္ခသည်အုပ်စုများ တွင် တွေ့ရသည့် ပြင်းထန်သော အာဟာရချို့တဲ့မှု | ၅.၄% | ၇.၅% | ၂.၁% |
| အလွန်ဆိုးရွားပြင်းထန်သည့် အာဟာရချို့တဲ့မှု | ၀.၇% | ၂.၄% | ၀.၂% |

အရပ်အမြင့်အလိုက် ကိုယ်အလေးချိန် အချိုးအစားနှင့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ စံနှုန်းများကို အသုံးပြု၍ ပြင်းထန်သော အာဟာရ ချို့တဲ့မှု (ပိန်လှီခြင်း) ကို လေ့လာခဲ့သည်။ ပြီးခဲ့သော ဆယ်စုနှစ်အတွင်းတွင် ဒုက္ခသည်စခန်းများ၌ ကမ္ဘာ့တစ်ဝှန်း ပြင်းထန်သော အာဟာရချို့တဲ့မှု (ပိန်လှီမှု) နှုန်းများမှာ လက်ခံနိုင်သည့် အဆင့်များတွင် ရှိသော်လည်း IDP စခန်းများတွင်မူ ၂၀၁၆ မှစ၍ ယင်းနှုန်းထားသည် ၂.၁% မြင့်မားလာပြီး ဆိုးဝါးသည့် အဆင့်အဖြစ် သတ်မှတ်ထားသည်။ ပြင်းထန်သော အာဟာရချို့တဲ့မှုသည် လတ်တလော အာဟာရမပြည့်ဝမှု၏ အညွှန်းကိန်းပင်ဖြစ်ရာ ယင်းအချက်သည် အတော်ပင် စိုးရိမ်ဘွယ်ရာ ဖြစ်သည်။

**အသက် (၆ လ မှ ၅၉ လ)အထိ ကလေးငယ်များ၏ ရေရှည်အာဟာရချို့တဲ့မှု**
**(၂၀၁၇ နမူနာ= ကလေး ၃၂၄ ယောက်)**

| | ၂၀၁၆ IDP စခန်း | ၂၀၁၇ IDP စခန်း | ၂၀၁၇ ဒုက္ခသည် စခန်း |
|---|---|---|---|
| ကမ္ဘာ့တစ်ဝန်းဒုက္ခသည် အုပ်စုများတွင် တွေ့ရသည့် ရေရှည်အာဟာရချို့တဲ့မှု | ၃၅.၅% | ၃၇.၆% | ၃၁.၈% |
| အလွန်ဆိုးရွားသည့် ရေရှည်အာဟာရ ချို့တဲ့မှု | ၁၂.၇% | ၁၀.၇% | ၆.၇% |

အသက်အရွယ်အလိုက် စံအရပ်အမြင့်နှုန်းထားနှင့် WHO သတ်မှတ်ချက်များကို အသုံးပြု၍ ရေရှည်အာဟာရချို့တဲ့မှု (ပုညှက်ခြင်း) ကို တိုင်းတာသည်။ ကမ္ဘာ့တစ်ဝန်း ဒုက္ခသည်အုပ်စုများတွင် တွေ့ရသည့် ရေရှည်အာဟာရချို့တဲ့မှုမှာ IDP စခန်းများတွင် မြင့်မားနေဆဲရှိပြီး ၂၀၁၆ မှစ၍ ၂.၁% တိုးလာခဲ့သည်။ ထိုအချက်သည် ကလေးသူငယ်များ၏ အသိဉာဏ်နှင့် ကိုယ်ကာယဖွံ့ဖြိုးမှုအပေါ် ရေရှည်သက်ရောက်နိုင်၍ စိုးရိမ်ဘွယ်ရာ ဖြစ်လာခဲ့သည်။

အဆိုပါ တွေ့ရှိချက်များအား တုန့်ပြန်လုပ်ဆောင်မှုများအရ အထွေထွေစားနပ်ရိက္ခာ အကူအညီရပ်ဆိုင်းခြင်း၏ အကျိုး သက်ရောက်မှုကို ပုဂ္ဂလိက ရံပုံငွေများက အနည်းငယ်သာ သက်သာစေနိုင်ကြောင်း သိရှိခဲ့ရသည်။ အေးသူထာစခန်းတွင် ငွေကြေး ထောက်ပံ့မှုများကို ငါးနှစ်အောက် ကလေးငယ်များရှိသည့် အိမ်ထောင်စုများအား ဦးတည်သည်။ ထို့ပြင် မွေးကင်းစ များနှင့် ကလေးငယ်များ ကျန်းမာရေး ကျွေးမွေးသည့် နည်းလမ်းများ (IYCF) နှင့် ပတ်သက်သည့် သတင်းအချက်အလက်များ ကိုလည်း ဖြည့်တင်းပေးထားသည်။ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများနှင့် အရပ်ဘက်လူမှုအဖွဲ့အစည်းများက သင့်သလိုပင် အထောက်အပံ့ပေးကြသည်။ သို့သော် ကျယ်ကျယ်ပြန့်ပြန့် တုံ့ပြန်နိုင်ရန် လိုအပ်နေဆဲပင်ဖြစ်သည်။

# ၃.၂ ပဋိပက္ခဒဏ်ခံရသော လူမှုအသိုင်းအဝိုင်းများတွင် စားနပ်ရိက္ခာလုံခြုံမှု

မြန်မာနိုင်ငံအရှေ့မြောက်ပိုင်းရှိ စစ်ဘေးရှောင်ဒုက္ခသည် အများစုမှာ သတ်မှတ်ထားသော စခန်းများ သို့မဟုတ် နေရာအသစ်များသို့ ပြောင်းရွှေ့ခြင်းထက် ပဋိပက္ခဒဏ်ခံရသော အသိုင်းအဝိုင်းများအတွင်း ပျံ့နှံ့တည်ရှိသည်။ အသက်မွေးဝမ်းကျောင်းမှုနှင့် စားနပ်ရိက္ခာ ဖူလုံရေးရန်ပုံငွေ (LIFT) ၏ ငွေကြေးထောက်ပံ့မှုဖြင့် TBC နှင့် အရပ်ဘက်ရပ်ရွာလူထု ၈ ဖွဲ့တို့သည် မြို့နယ် ၁၀ မြို့နယ်တွင် ပဋိပက္ခဒဏ်ခံရသည့် အသိုင်းအဝိုင်းများအတွက် စားနပ်ရိက္ခာဖူလုံရေးနှင့် ရေရှည်တည်တံ့သော အသက်မွေးဝမ်းကျောင်း လုပ်ငန်းများ ခိုင်မာရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။ ထိုလုပ်ငန်းများ လုပ်ဆောင်ရာတွင် အခြေခံသည့် ပြောင်းလဲမှု သီအိုရီအား သဘာဝအရင်းအမြစ် စီမံခန့်ခွဲမှုအပေါ် ရပိုင်ခွင့် အခြေခံဖြင့် ချဉ်းကပ်မှုအား မြှင့်တင်ခြင်း၊ ရေပေးဝေရေး၊ သန့်ရှင်းရေးနှင့် အာဟာရဆိုင်ရာများကို နားလည်သဘောပေါက်စေရန် ပေါင်းစပ်ကူညီပေးခြင်းနှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေး စီမံခန့်ခွဲမှုဆိုင်ရာ စွမ်းရည်များကို မြှင့်တင်ပေးခြင်းပေါ်တွင် အခြေခံထားသည်။

အခြေခံ စစ်တမ်းလုပ်ဆောင်ရန် TBC နှင့် မိတ်ဖက်များသည် ၂၀၁၈ ခုနှစ် ပထမနှစ်ဝက်အတွင်း ဘားအံ၊ သံတောင်ကြီး နှင့် ဘီးလင်းမြို့နယ်များအတွင်း ပဋိပက္ခမှ လွန်မြောက်လာသည့် နယ်မြေများတွင် စားနပ်ရိက္ခာဖူလုံမှုအခြေအနေကို သိနိုင်ရန်အတွက် လူဦးရေအား အုပ်စုအလိုက်ခွဲ၍ အဆင့်အလိုက် နမူနာကောက်ယူသည့် နည်းစနစ်တစ်ရပ်ကို ရေးဆွဲခဲ့သည်။ ထိုဒေသများအတွင်း အစိုးရအရင်းအမြစ်များမှ အချက်အလက်များသည် ယုံကြည်စိတ်ချရဖွယ် မရှိသဖြင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ၏ ဒေသအာဏာပိုင်များနှင့် ဆွေးနွေးတိုင်ပင်မှုများမှတစ်ဆင့် စစ်တမ်း၏ အခြေခံဘောင်ကို ရေးဆွဲသတ်မှတ်ခဲ့သည်။

နယ်လှည့်ကျောပိုးအိတ်ကျန်းမာရေးလုပ်သားအဖွဲ့ (BPHWT) နှင့် ကရင်ကျန်းမာရေးနှင့် လူမှုဖူလုံရေးဌာန (KDHW) တို့သည် အချက်အလက် ကောက်ယူရန် အဓိကတာဝန်ယူခဲ့ကြသည်။ ကျေးရွာအဆင့်တွင် စစ်တမ်းဖြေဆိုသူများကို ကျပန်းရွေးချယ်မှု ပိုမိုအားကောင်းစေရန်အတွက် အိမ်ထောင်စုလေးခုတိုင်းတွင် လူတစ်ယောက်ကျ မေးခွန်းများမေးရန် ကွင်းဆင်းစစ်တမ်းကောက်သူများကို ညွှန်ကြားခဲ့သည်။ ကွင်းဆင်းစစ်တမ်းကောက်ယူသူများအား သူတို့ သွားရောက်မေးခွန်းမေးမည့် အိမ်ထောင်စုများ၏ နားလည်သဘောတူမှုကို မည်သို့ရယူရမလဲအပါအဝင် မေးမြန်းခြင်း နည်းလမ်းများအား သင်ကြားပေးခဲ့သည်။

ကျေးရွာအုပ်စု ၇ စု (မထော၊ ကွန်းပင်ဝ၊ ကြခတ်ချောင်း၊ မြင်းတပြေး၊ ဘောနောခီး၊ ဟိုချီးနှင့် ပန်ဟိုက်) ရှိ ကျေးရွာ ၃၄ ရွာတွင် အိမ်ထောင်စု ၅၁၃ စုအား စစ်တမ်းကောက်ယူခဲ့သည်။ စစ်တမ်းတွင် မေးခွန်း ၁၄ ချက်ပါဝင်ပြီး စစ်တမ်းကောက်ယူခဲ့သည့် အိမ်ထောင်စုများတွင် အသက် ၆ လမှ ၅၉ လအထိ ကလေးငယ် ၆၅၂ ယောက်ပါဝင်သည်။ စာရင်းကောက်သူများသည် မေးခွန်းစာရွက်များတွင် ရေးမှတ်၍ စာရင်းကောက်ခဲ့ကြပြီး ရရှိလာသည့် အချက်အလက်များအား အချက်အလက် ထည့်သွင်းရာတွင် အမှားအယွင်းဖြစ်နိုင်ခြေများကို လျှော့ချရန်အတွက် standardized formatted Excel Spreadsheet with drop down selections (အချက်အလက်များကို စာရင်းတစ်ခုလုပ်ထားပြီး ထိုအချက်အလက်များထဲမှသာ ရွေးချယ်ဖြည့်သွင်းသည့် စံပုံစံ Excel Spreadsheet) ထဲသို့ ထည့်သွင်းသည်။ ပြင်းထန်သော အာဟာရချို့တဲ့မှု (ပိန်လှီခြင်း) နှင့် ရေရှည်ဖြစ်ပေါ်နေသည့် အာဟာရချို့တဲ့မှု (ပုညှက်ခြင်း) နှုန်းများကို တွက်ရန်အတွက် အချက်အလက်များအား WHO Anthro v.3.2.2 Software ထဲသို့ ပို့သွင်းခဲ့သည်။

ယေဘုယျအားဖြင့် ရလာဒ်များမှာ ဝမ်းနည်းဖွယ်ပင်ဖြစ်သည်။ အာဟာရချို့တဲ့မှု (ပြင်းထန်နှင့် နာတာရှည်) နှုန်းမှာ မြင့်မားပြီး စိတ်ချရသော သောက်ရေနှင့် သန့်ရှင်းသော အိမ်သာရရှိ အသုံးပြုနိုင်မှု အားနည်းသည်။ စိုက်ပျိုးမြေနှင့် အိမ်နောက်ဖေး ဟင်းသီးဟင်းရွက်စိုက်ပျိုးနိုင်မှု မရှိသလောက်ဖြစ်သဖြင့် ဝင်ငွေရရှိရန်နှင့် အာဟာရပြည့်ဝရန်အတွက် အစားအသောက် အမယ်စုံစားသုံးနိုင်ရန် အခွင့်အလမ်းလည်း နည်းပါးသည်။ ထို့အပြင် စစ်တမ်းအားဖြေဆိုကြသူ အများစုမှာ မွေးစမှခြောက်လအထိ မိခင်နို့ တစ်မျိုးတည်းသာ တိုက်သင့်သည်ဆိုသည့် မွေးစနှင့်ကလေးသူငယ်များ နို့တိုက်ကျွေးရေး အလေ့အကျင့် (IYCF) ကိုလည်း လိုက်နာခြင်းမရှိပါ။ ဤအကြောင်းချင်းရာ အားလုံးတို့ကြောင့် အာဟာရချို့တဲ့မှု မြင့်မားရခြင်းဖြစ်နိုင်သည်။ တွေ့ရှိချက်များအား နောက်စာမျက်နှာများတွင် အသေးစိတ်ဖော်ပြထားသည်။

## အာဟာရချို့တဲ့မှုနှုန်းများ

စစ်တမ်းရလာဒ်များအရ ပြင်းထန်နှင့် နာတာရှည်အာဟာရချို့တဲ့မှုနှစ်ခုလုံးအတွက် ဆိုးရွားသော ပိန်လှီမှု အနေအထားနှင့် အလွန်မြင့်မားသော ပုညှက်မှုနှုန်းများကို တွေ့ရသည်။ ဤအညွှန်းကိန်းများအရ ကလေးများ၏ အာဟာရချို့တဲ့မှုနှုန်းသည် ထိုင်းနိုင်ငံရှိ ဒုက္ခသည်စခန်းများ၊ ရှမ်းနှင့်ကရင်ပြည်နယ်ရှိ နေရပ်စွန့်ခွာထွက်ပြေးသူ (IDPs) စခန်းများထက် များစွာ ပိုမို မြင့်မားသည်။ အမှတ်စင်စစ် ဤနှုန်းများသည် အစိုးရမှထုတ်ပြန်သော ရခိုင်ပြည်နယ်၏ ပြင်းထန်နှင့် နာတာရှည် အာဟာရ ချို့တဲ့မှုဆိုင်ရာ ကိန်းဂဏန်းများနှင့် ထပ်တူနီးပါးရှိသည်။[19]

စစ်တမ်းကောက်ယူခဲ့သော ကလေးငယ်များ၏ ပျမ်းမျှ ၁၇.၆ % (မှန်ကန်နိုင်စွမ်း ၉၅% ရှိသော ၁၅.၆% မှ ၁၉.၉% အတွင်း ရှိသည့် ရာခိုင်နန်းအပိုင်းအခြား) သည် ကမ္ဘာတစ်ဝန်းတွေ့ရသည့် ပြင်းထန် (ပိန်လှီ) အာဟာရချို့တဲ့မှုကို ခံစားနေရသည်။ WHO ၏ စံနှုန်းများအရ ထိုရာခိုင်နန်းသည် ဆိုးရွားသည့် အခြေအနေဖြစ်သည်။[20] နှိုင်းယှဉ်၍ ပြောရလျှင် ထိုင်းနိုင်ငံရှိ ဒုက္ခသည်စခန်းများတွင် ကလေးများ၏ ပိန်လှီမှုသည် ၂.၁% သာရှိပြီး[21] မြန်မာနိုင်ငံ၏ ပျမ်းမျှနန်းမှာ ၇% သာရှိသည်။[22] အရပ်အမြင့် တစ်ခုအတွက် ရှိသင့်ရှိထိုက်သည့် ကိုယ်အလေးချိန်ထက် လျော့နည်းနေခြင်း သို့မဟုတ် ပိန်လှီနေခြင်းသည် ဆိုးရွားသော ကျန်းမာရေးဆိုင်ရာ နောက်ဆက်တွဲများကို ဖြစ်စေနိုင်သည်။ ၎င်းသည် ငါးနှစ်အောက်ကလေးများ၏ သေဆုံးမှုနှင့်ပတ်သက်၍ အဓိက ခန့်မှန်းညွှန်းကိန်းတစ်ခု ဖြစ်သည်။ များသောအားဖြင့် ငါးနှစ်အောက် ကလေးများ၏ သေဆုံးမှုသည် သိသာသော အစားအစာ ပြတ်လပ်မှုကြောင့်သော်လည်းကောင်း၊ ရောဂါကြောင့်သော်လည်းကောင်း၊ နှစ်ခု စလုံးကြောင့်သော်လည်းကောင်း ဖြစ်နိုင်သည်။

စစ်တမ်းကောက်ယူခဲ့သော ကလေးငယ်များ၏ ၄၄% (မှန်ကန်နိုင်စွမ်း ၉၅% ရှိသော ၂၆.၃% မှ ၆၃.၃% အတွင်းရှိသည့် ရာခိုင်နှုန်းအပိုင်းအခြား) သည် ကမ္ဘာတစ်ဝှန်းတွင် တွေ့ရသည့် နာတာရှည်အာဟာရချို့တဲ့မှုဖြစ်သည့် ပုညှက်ခြင်းကို ခံစားနေရပြီး ထိုရာခိုင်နန်းမှာ WHO ၏ စံနှုန်းများအရ အလွန်မြင့်မားသည့် အနေအထားဖြစ်သည်။ ဤနှုန်းများသည်လည်း ထိုင်းနိုင်ငံ၏ ဒုက္ခသည်စခန်းများ၏ နှုန်း ၃၁.၈% နှင့် မြန်မာနိုင်ငံ၏ ပျမ်းမျှရာခိုင်နှုန်း ၂၉.၀% ထက်များစွာ ပိုမိုမြင့်မားနေသည်။ ပုညှက်ခြင်းသည် ရေရှည်သက်ရောက်မှုများရှိနိုင်ပြီး အသိဉာဏ်ဖွံ့ဖြိုးမှု၊ ကျောင်းတွင်း စွမ်းဆောင်ရည်၊ မိခင်၏ မျိုးပွားမှုနှင့် စီးပွားရေးရလဒ်များအပေါ် ဆိုးရွားသော သက်ရောက်မှုများ ရှိနိုင်သည်။[23]

## အစားအစာ စားသောက်မှုရမှတ် - အာဟာရအရည်အသွေးဆန်းစစ်ခြင်း (FCS-N)

FCS (N) အား ပရိုတိန်း (အသားဓာတ်)၊ ဗီတာမင်အေနှင့် (တိရစ္ဆာန်ပရိုတိန်းတွင်သာ တွေ့ရသည့် သံဓာတ်တစ်မျိုးဖြစ်သည့်) heme iron လုံလောက်မှု ရှိမရှိဆန်းစစ်နိုင်ရန်အတွက် ကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ် (WFP) မှ ဖန်တီးခဲ့ခြင်းဖြစ်သည်။ အိမ်ထောင်စုတစ်ခုသည်ပြီးခဲ့သော ရက်သတ္တပတ်အတွင်း ဤအာဟာရများ ကြွယ်ဝသည့် အစားအစာများ စားသုံးခဲ့သလဲအပေါ် မူတည်၍ ဆန်းစစ်အကဲဖြတ်မှုများ ပြုလုပ်ခဲ့သည်။ ပရိုတိန်းနှင့် အဏုအာဟာရဓာတ် (ဥပမာ ဗီတာမင်အေနှင့် သံဓာတ်) ချို့တဲ့မှုများသည် ပိန်လှီခြင်းနှင့် ပုညှက်ခြင်းကို ဖြစ်စေနိုင်သည်။ အချိန်ကြာမြင့်စွာ ဗီတာမင်အေနှင့် သံဓာတ်ကဲ့သို့သော အဏုအာဟာရဓာတ်များချို့တဲ့ခြင်းက ဆိုးရွားသော အာဟာရချို့တဲ့မှု ကိုဖြစ်စေသည်။ FCS -N ၏ အချက်အလက်များအား အစားအစာအကူအညီ သို့မဟုတ် အစားအစာကို အခြေခံသော ကုစားမှုများ၏ သက်ရောက်မှုကို ပိုမိုနားလည်နိုင်ရန်နှင့် ဦးတည်ရာ အလားအလာများကို ရှာဖွေဖော်ထုတ်ရန်အတွက် အသုံးပြုနိုင်သည်။

ပဋိပက္ခဒဏ်ခံခဲ့ရသော ကရင်အသိုင်းအဝိုင်းများ၏ FCS-N ရလဒ်များအရ ၆၁.၀ ရာခိုင်နှုန်း စားသောက်နေသည့် အစားအသောက်မှာ လက်ခံနိုင်ဖွယ်ရှိသည်။ သို့ရာတွင် ထိုသို့ စားသောက်နိုင်ခြင်း မရှိသည့် လူဦးရေ အချိုးအစားမှာ ကြီးမားသည်ကို တွေ့ရမည်။ (ကျန် ၃၉ ရာခိုင်နှုန်းမှာ လက်ခံနိုင်ဖွယ်နီးပါးရှိသည့် စားသုံးမှုနှင့် ချို့တဲ့သည့် စားသုံးမှုကို ပေါင်းထားခြင်းဖြစ်သည်။) အမယ်စုံစားသောက်မှုတွင် အစားအစာအုပ်စုအားလုံး (ဟင်းသီးဟင်းရွက်၊ အသီးအနှံ၊ အစေ့အဆန်၊ အသားနှင့် နို့ထွက်ပစ္စည်း) မှ အစားအစာများပါဝင်သည်။ ထိုသို့စားသုံးမှုသည် ဖြစ်နိုင်သမျှ အကောင်းဆုံးသော ကြီးထွားဖွံ့ဖြိုးမှုအတွက် လိုအပ်သော အာဟာရဓာတ်များကို ထောက်ပံ့ပေးသည်။

---


[19] ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ မတ် ၂၀၁၇၊ မြန်မာ့လူဦးရေနှင့် ကျန်းမာရေးစစ်တမ်း ၂၀၁၅-၂၀၁၆၊ စာ ၁၆၄နှင့် ၁၇၄

[20] ကလေးများဖွံ့ဖြိုးကြီးထွားရေးနှင့် အာဟာရချို့တဲ့မှုဆိုင်ရာ ဒေတာဘေ့စ်၊ ကမ္ဘာ့ကျန်းမာရေးအဖွဲ့


[21] နယ်စပ်အကူအညီပေးရေးညွှန့်ပေါင်းအဖွဲ့ ၂၀၁၇အာဟာရစစ်တမ်း၊ CCSDPT ကျန်းမာရေး အဖွဲ့အစည်းများသို့ တင်ပြသည့် အစီရင်ခံစာ


[22] ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ မတ် ၂၀၁၇၊ ibid


[23] ပထမရက်တစ်ထောင် https://thousanddays.org/the-issue/stunting/




အိမ်ထောင်စုလေးစုတွင် တစ်စုကသာ heme iron ကို နေ့စဉ်စားသုံးသည့်အတွက် အစားအသောက်အရည်အသွေးကို မြှင့်တင်ရန် လိုအပ်သည်ကို တွေ့ရသည်။ FCS-N ရလာဒ်များအရ ယေဘုယျအနေဖြင့် အိမ်ထောင်စုများ၏ နေ့စဉ်သံဓာတ် စားသုံးမှုမှာ နည်းပါးပြီး ၂၄ ရာခိုင်နှုန်းသာရှိကာ ပရိုတိန်းပါဝင်သော အစားအစာစားသုံးမှုမှာ ၄၂ ရာခိုင်နှုန်းနှင့် ဗီတာမင်အေ ပါဝင်သော အစားအစာစားသုံးမှုမှာ ၅၉ ရာခိုင်နှုန်းရှိသည်။ အရွယ်အစားပိုမိုကြီးမားသည့် ဒုက္ခသည်လူဦးရေများက အရည်အသွေး ပိုမိုကောင်းမွန်သော စားသုံးမှုများကို ပြုလုပ်နိုင်ကြသည်ဟု တွေ့ရှိရသော်လည်း ဤယေဘုယျလားရာသည် ၂၀၁၇ ခုနှစ်တွင် ပြုလုပ်ခဲ့သည့် ၂ နှစ်တစ်ကြိမ် ကောက်ယူသည့် အာဟာရစစ်တမ်းအရ ထိုင်းနိုင်ငံရှိ ဒုက္ခသည်စခန်း ၉ ခုတွင် တွေ့ရှိရသည့် ပုံစံနှင့်ဆင်တူနေသည်။







## မိခင်နို့တစ်မျိုးတည်းသာ တိုက်ကျွေးခြင်း

WHO မှ ကလေးများ၏ ကြီးထွားဖွံ့ဖြိုးမှုနှင့် ကျန်းမာရေး အကောင်းဆုံးဖြစ်စေရန်အတွက် မွေးစမှ ၆ လအထိ မိခင်နို့တစ်မျိုးတည်းကိုသာ တိုက်ကျွေးရန် နှိုးဆော်ထားသော်လည်း စစ်တမ်းတွင် ပါဝင်ဖြေဆိုသူ၏ ၂၀ ရာခိုင်နှုန်းကသာ ထိုသို့လုပ်ဆောင်မှု ရှိသည်။ နှိုင်းယှဉ်၍ကြည့်လျှင် မြန်မာနိုင်ငံလူဦးရေနှင့် ကျန်းမာရေးစစ်တမ်းအရ နိုင်ငံတဝန်း မိခင်နို့တစ်မျိုးတည်း တိုက်ကျွေးသည့် မိခင်မှာ ၅၁ ရာခိုင်နှုန်းရှိသည်။[24] ဤသတင်းစကားကို ဖြန့်ချိရန်အတွက် အာဟာရဆိုင်ရာ ပညာပေးမှုနှင့် စည်းရုံးလှုံ့ဆော်မှုများအပြင် အမူအကျင့် ပြောင်းလဲရေးကို ဦးတည်သော လူထုဆက်သွယ်ရေး နည်းလမ်းများကိုပါ ဖော်ဆောင်ရန်လိုသည်။





## ရေအရင်းအမြစ်နှင့် အိမ်သာအမျိုးအစား

စစ်တမ်းဖြေဆိုသူများ၏ ၅၆ ရာခိုင်နှုန်းက အိမ်ထောင်စုများ သောက်သုံးရန်အတွက် အသုံးပြုသော အဓိက ရေအရင်းအမြစ်မှာ အကာအရံမဲ့ ရေအရင်းအမြစ် (ဥပမာ - မြစ်များ၊ ရေကန်များနှင့် ဘောင်ခတ်ထားခြင်း မရှိသည့် ရေတွင်း၏ အပေါ်ယံ မျက်နှာပြင်မှရေ) မှလာသည်ဟုဆိုသည်။ ဖြေဆိုသူများ၏ ၆၄.၉ ရာခိုင်နှုန်းက သူတို့အသုံးပြုသည့် အိမ်သာများမှာ သန့်ရှင်းမှု မရှိဟု ဆိုကြသည်။ သန့်ရှင်းမှု အားနည်းခြင်းသည် လူဦးရေ၏ အထူးသဖြင့် ကလေးများ၏ အာဟာရဆိုင်ရာ အခြေအနေအပေါ် မကောင်းသော သက်ရောက်မှု ရှိနိုင်သည်။


---
[24] ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ မတ် ၂၀၁၇၊ ibid

အကာအကွယ်ရှိသောနှင့် မရှိသော ရေအရင်းအမြစ်များ




အများပြည်သူ၏ ကျန်းမာရေးဆိုင်ရာ အသိရှိမှုနှင့် အခြေခံ အဆောက်အအုံများလည်း ကင်းမဲ့နေပြီး ၎င်းတို့သည် ရေမှတဆင့် ဖြစ်ပွားသော ရောဂါများ၏ ပျံ့နှံ့မှုအားလျော့ချရေးတွင် အရေးပါသည့် အချက်များဖြစ်သည်။ သောက်ရေအား အဓိကအားဖြင့် မြစ်များ၊ ရေကန်များနှင့် ဘောင်ခတ်ထားခြင်းမရှိသည့် ရေတွင်း၏ အပေါ်ယံမျက်နှာပြင်မှသာရရှိပြီး တုံကင်ရေတွင်း သို့မဟုတ် ကာရံထားသည့် သဘာဝစမ်းချောင်းကဲ့သို့သော ဖုံးအုပ်ကာကွယ်ထားသည့် ရေအရင်းအမြစ်များမှ သောက်ရေရရှိနိုင်မှု နည်းပါးသည်။ ထို့အပြင် ရေလောင်းအိမ်သာ သို့မဟုတ် မိလ္လာတွင်းအား ဖုံးအုပ်ထားသော အိမ်သာကဲ့သို့ သန့်ရှင်းသည့် အိမ်သာလည်း မရှိပါ။


သန့်ရှင်းသော အိမ်သာနှင့် မသန့်ရှင်းသော အိမ်သာအသုံးပြုခြင်း




## စိုက်ပျိုးရန် မြေရရှိမှု

စစ်တမ်းဖြေဆိုသူ အများစု ၅၁.၇ ရာခိုင်နှုန်းမှာ လယ်ယာလုပ်ကိုင်ရန်အတွက် စိုက်ပျိုးမြေမရှိကြဘဲ လူ ၅ ဦးလျှင် ၁ ဦး ကသာ အိမ်နောက်ဖေး မီးဖိုချောင်စိုက်ခင်းရှိသည်။ လယ်ယာစိုက်ပျိုးထုတ်လုပ်မှုနှင့် အိမ်နောက်ဖေးမီးဖိုချောင် ဟင်းသီး ဟင်းရွက် စိုက်ခင်းသည် အိမ်ထောင်စုများ၏ အမယ်စုံစားသောက်မှုကို ပိုမိုတိုးတက်ကောင်းမွန်စေရန် အရေးကြီးသော အခန်းကဏ္ဍမှ ပါဝင်နေပြီး အာဟာရအဆင့်အတန်းကိုလည်း ပိုမိုကောင်းမွန်စေသည်။

စိုက်ပျိုးရေးအတွက် မြေယာ လက်လှမ်းမီရရှိမှု



# အခန်း ၄။

# နေရပ်ပြန်လည်နေထိုင်သူများ၏ အသံများ



ဒုက္ခသည်များ ပြန်လည်အခြေချခြင်း အတွက် အရပ်ဘက်အဖွဲ့အစည်းများ လုပ်ငန်းစဉ်ရေးဆွဲခြင်း၊ ဘန်မဲဆူရင် စခန်း၊ ၂၀၁၇၊ *TBC*



လေးကေကော် ပြန်လည် နေရာချထားရေးနေရာ၊ မြဝတီ၊ ၂၀၁၈၊ *CIDKP*

## ၄.၁ နေရပ်ပြန်လာသည့် အကြောင်းအရင်းများ

နေရပ်ပြန်လာကြသည့် စစ်ဘေးဒုက္ခသည်များနှင့် တွေ့ဆုံမေးမြန်းမှုများအရ ၎င်းတို့အနေဖြင့် မြန်မာနိုင်ငံသို့ ပြန်လာလိုစိတ်ကို ဖြစ်ပေါ်စေသည့် ဆွဲဆောင်မှုများထက် ဒုက္ခသည်စခန်းများကို စွန့်ခွာရန် ဖြစ်ပေါ်လာသည့် အကြောင်းရင်းများကြောင့်သာ မြန်မာနိုင်ငံသို့ ပြန်လာခဲ့ကြခြင်း ဖြစ်သည်ဟုဆိုသည်။ သူတို့ အများဆုံးပြောဆိုသည့် အကြောင်းရင်းမှာ ဒုက္ခသည်စခန်းများအတွက် အကူအညီပေးမှုများ တဖြည်းဖြည်း ရုတ်သိမ်းသွားခြင်း၊ အထူးသဖြင့် ရိက္ခာဝေစုကို လျှော့ချခြင်းကြောင့်ဖြစ်သည်။ ဒုက္ခသည်စခန်းအပြင်ဖက်သို့ သွားလာခွင့်ကိုကန့်သတ်ထားခြင်းနှင့် တတိယနိုင်ငံ သို့ပြောင်းရွှေ့အခြေချခွင့်အား ကန့်သတ်ထားခြင်းသည်လည်း ဒုက္ခသည်စခန်းအား စွန့်ခွာစေရန် "တွန်းအား" ဖြစ်စေသည့် အဓိကအကြောင်းရင်းထဲတွင် ပါဝင်သည်။ အပစ်အခတ်ရပ်စဲခြင်းနှင့် နေရပ်ပြန်ရန် မိသားစုနှင့် ပြန်လည်ဆုံစည်းရန်၊ သားသမီးများအား အသိအမှတ်ပြု ကျောင်းများတွင်ထားနိုင်ရန်၊ ပို၍ လွတ်လပ်စွာသွားလာခွင့်ရှိရန်နှင့် အလုပ်အကိုင်ရရှိရန် အခွင့်အလမ်းများသည် မြန်မာနိုင်ငံသို့ ပြန်လာရန် "ဆွဲအား" ကိုဖြစ်စေသည့် အကြောင်းရင်းများ ဖြစ်သည်ဟု သူတို့က ဆိုသည်။

*"နိုင်ငံတွင်းမှာ ငြိမ်းချမ်းမှု၊ တည်ငြိမ်မှု မရှိတော့တဲ့အချိန်မှာ ကျွန်မ နိုဖိုးဒုက္ခသည်စခန်းကို ထွက်ပြေးခဲ့ပါတယ်။ နိုဖိုးစခန်းမှာ ရှစ်နှစ်နေခဲ့ပြီး ၂၀၁၆ အောက်တိုဘာလမှာ မြန်မာနိုင်ငံကို ပြန်လာခဲ့ပါတယ်။ ပြန်လာရတဲ့ အကြောင်းရင်းကတော့ ကျွန်မရဲ့ရွာက မပျက်မစီးရှိနေပြီး ကျွန်မမိဘတွေကလည်း ရွာမှာရှိနေသေးလို့ပါပဲ။ ဒါက ကျွန်မရဲ့ မွေးရပ်မြေဆိုတော့ ကျွန်မပြန်လာ ချင်ခဲ့ပါတယ်။ ပြီးတော့ အခြေအနေကလည်း ပိုပြီးတော့ ငြိမ်းငြိမ်းချမ်းချမ်း ရှိလာလို့ပါ။"*
**ကရင်အမျိုးသမီး၊ UNHCR ၏အစီအစဉ်ဖြင့် ပြန်လာသူ၊ ကဆပ်ကျေးရွာ၊ ကြာအင်းဆိပ်ကြီးမြို့နယ်**

*"ရိက္ခာတွေကို လျှော့ပြီးပေးလာတဲ့နောက်မှာတော့ ကျွန်မတို့ ပြန်လာခဲ့ပါတယ်။ အဲဒါက ကျွန်မတို့အတွက် မလုံလောက် တော့ဘူးလေ။ ပြီးတော့ ကျွန်မတို့စခန်းကနေ ထွက်ခွာလို့မရသလို အလုပ်လုပ်ခွင့်လည်းမရှိဘူး။ တဖြည်းဖြည်းနဲ့ ကျွန်မတို့အတွက် ပိုပြီးခက်ခဲလာခဲ့တယ်။ အစားအသောက်ဝယ်ဖို့အတွက်လည်း ပိုက်ဆံမရှိဘူး။ အဲဒါနဲ့နောက်ဆုံးမှာတော့ ကျွန်မတို့ ပြန်လာခဲ့ကြတယ်။"*
**ကရင်အမျိုးသမီး၊ မိမိဆန္ဒအလျောက်ပြန်လာသူ၊ ထီးဟူးသံကျေးရွာ၊ ကော့ကရိတ်မြို့နယ်**

*"ကျွန်တော် ဘာဖြစ်လို့ ပြန်လာသလဲဆိုတော့ ဒါကကျွန်တော့်နိုင်ငံလေ။ ဒီတော့ ကိုယ့်နိုင်ငံကိုယ် ပြန်ချင်တာပေါ့။ ကျွန်တော်တို့က သူများနိုင်ငံမှာ နေနေရပြီးတော့ စခန်းအပြင်ကို ထွက်ဖို့ကလည်း ခက်တယ်လေ။"*
**ကရင်အမျိုးသား၊ မိမိဆန္ဒအလျောက်ပြန်လာသူ၊ လေးကေကော်ကျေးရွာ ၊ မြဝတီမြို့နယ်**

*"ကျွန်မစခန်းကို ၂၀၀၃ ခုနှစ်မှာ ရောက်ပြီးတော့ အဲဒီမှာ ၁၀ နှစ်ကျော်ကြာနေခဲ့ပါတယ်။ ကျွန်မတို့ရဲ့ ကရင်အမျိုးသားခေါင်းဆောင်တွေက ငြိမ်းချမ်းရေးရဖို့အတွက် လုပ်နေတာသိလို့ ၂၀၁၈ ခုနှစ် မေလမှာ ကျွန်မပြန်လာခဲ့ပါတယ်။ အခုတော့ တော်တော်လေး ငြိမ်းချမ်းသွားခဲ့ပြီး မြန်မာအစိုးရကလည်း ကျွန်မတို့ကို ကြိုဆိုခဲ့ပါတယ်။"*
**ကရင်အမျိုးသမီး၊ UNHCR အစီအစဉ်ဖြင့် ပြန်လာသူ၊ လေးကေကော် ကျေးရွာ၊ မြဝတီမြို့နယ်**

*"ကျွန်မတို့က ကိုယ့်နိုင်ငံမဟုတ်တဲ့ ဒုက္ခသည်စခန်းမှာနေနေရတာဆိုတော့ အဲ့မှာတသက်လုံး မနေနိုင်ဘူးလေ။ ကျွန်မတို့မှာ UN ကဒ် (ကုလသမဂ္ဂ၏ ဒုက္ခသည်အသိအမှတ်ပြုကဒ်)လည်း မရှိတော့ အမေရိကန်မှာ နေထိုင်ခွင့်လည်း မရဘူး။ ကျွန်မရဲ့ ဇာတိအရပ်ကို လွမ်းတာနဲ့ ပြန်လာတာပါ။ ကျွန်မတို့စခန်းမှာ နေတုန်းက စခန်းအပြင်ကို ထွက်ခွင့်မရှိတာကြောင့် ထောင်ကျနေသလို မျိုးခံစားရပါတယ်။ သူတို့ရဲ့စည်းကမ်းအရ အပြင်ကို ထွက်ရင် အဖမ်းခံရမှာဆိုတော့လေ။ ကျွန်မတို့စခန်းထဲမှာ အချုပ်ခံထားရသလိုဖြစ်နေပါတယ်။ တကယ်လို့ စခန်းအတွင်းမှာ အလုပ်တစ်ခုခုရှိမယ်ဆိုရင်တော့ ကျွန်မလုပ်နိုင်ပါတယ်။ ဒါပေမယ့် အလုပ်မရှိသလို စခန်းအပြင်ဖက်ကိုထွက်ပြီး အလုပ်လုပ်ဖို့ဆိုတာကလည်း အရမ်းခက်တယ်လေ။ ဒါပေမဲ့ ကျွန်မတို့ မြန်မာပြည်ကို ပြန်လာတော့ ကျွန်မတို့ ကြိုက်တဲ့နေရာကို သွားနိုင်တယ်။ ကျွန်မတို့သွားချင်တဲ့ နေရာကို လွတ်လွတ်လပ်လပ်သွားပြီး အလုပ်လုပ်လို့ရတယ်။ တခြားနိုင်ငံမှာလို မဟုတ်ဘူး။"*
**ကယန်းအမျိုးသမီး၊ UNHCR အစီအစဉ်ဖြင့်ပြန်လာသူ၊ ကျောက်စုကျေးရွာ၊ မယ်စဲ့မြို့နယ်**

*"ဘာဖြစ်လို့ ပြန်လာဖြစ်သလဲဆိုတော့ ကယ်ဆယ်ရေးစခန်းမှာ ရှိနေတုန်းက (စခန်းပိတ်တော့မယ်လို့) ကောလဟာလတွေ အများကြီး ကြားခဲ့ရပါတယ်။ ပြီးတော့ ရိက္ခာကိုလည်း လျှော့ပေးလာတယ်။ စခန်းကို ပိတ်တော့မယ်လို့ ပြောတာတွေလည်း ကြားရတယ်။ ကြားရတော့ ကျွန်မတို့လည်း ကြောက်ပြီးစိုးရိမ်တာပေါ့။ နောက်တစ်ချက်ကတော့ ကျွန်မတို့ ခေါင်းဆောင်တွေက အပစ်အခတ်ရပ်စဲရေးစာချုပ်ကို လက်မှတ်ထိုး လိုက်ပြီးနောက်ပိုင်းမှာ ခရီးသွားရတာ ပိုကောင်းလာတယ်။ လမ်းတွေက ပိုကောင်းလာတယ်လေ။ ဒါနဲ့ပြန်ပြီး အလုပ်ကလေးဘာလေးတော့ ရှာလို့ရမှာပဲ။ အသက်ကြီးနေပြီဖြစ်တဲ့ မိဘတွေနဲ့ အတူနေပြီး အလုပ်လုပ်လို့ ရမှာပဲဆိုတဲ့ မျှော်လင့်ချက်နဲ့ ပြန်လာတာပါ။*

**ကရင်အမျိုးသမီး၊ မိမိဆန္ဒအလျောက် ပြန်လာသူ၊ ကြာအင်းကျေးရွာ၊ ကြာအင်းဆိပ်ကြီးမြို့နယ်**

*"ဒီမှာကပိုပြီး လွတ်လွတ်လပ်လပ် ရှိတယ်လေ။ စခန်းမှာက လွတ်လပ်မှုမရှိဘူး။ ကျွန်တော့်မှာ ထိုင်းမှတ်ပုံတင်လည်း မရှိတော့ ဘယ်မှသွားလို့မရဘူး။ အရင်တုန်းကတော့ ဒီမှာတိုက်ပွဲတွေ ဖြစ်နေလို့ ဒုက္ခသည်စခန်းကို ထွက်သွားခဲ့တာပေါ့။ အခုတော့ အရင်ကထက်စာရင် ငြိမ်းချမ်းနေပြီလေ။ ဒီတော့ ကျွန်တော်လည်း မကြောက်တော့ဘူး။"*

**ကယားအမျိုးသား၊ မိမိဆန္ဒအလျောက်ပြန်လာသူ၊ ရှားတောမြို့၊ ရှားတောမြို့နယ်**

*"ကျွန်မ ပြန်လာဖြစ်တဲ့ အဓိကအကြောင်းရင်းကတော့ ကျွန်မတို့ ဒီစခန်းကနေပဲ ဘွဲ့ရသွားရင်တောင်မှ ကျွန်မတို့ မြန်မာပြည်ကို ပြန်သွားရင် ဒီအောင်လက်မှတ်တွေကို အစိုးရကအသိအမှတ်ပြုမှာ မဟုတ်ဘူးလို့ တခြားသူတွေနဲ့ ခေါင်းဆောင်တွေ ကပြောပါတယ်။ ဒါကြောင့် ကျွန်မကလေးတွေရဲ့ ပညာရေးအတွက် စဉ်းစားဖို့လိုပါတယ်။ ကျွန်မ စခန်းမှာနေတုန်းက အဲဒါ ကျွန်မရဲ့အိမ်ပဲလို့ ဘယ်တုန်းကမှမခံစားမိဖူးဘူး။ ပြီးတော့ စိတ်ပိုင်းဆိုင်ရာအရလည်း လွတ်လပ်မှုမရှိဘူး။ အထောက်အပံ့တွေကလည်း လျော့သွားတယ်။"*

**ကယားအမျိုးသမီး၊ မိမိဆန္ဒအလျောက်ပြန်လာသူ၊ ဒေါလယ်ရူးကျေးရွာ၊ ရှားတောမြို့နယ်**

*"အဓိကကတော့ ပညာရေးကြောင့်ပါ။ ဥပမာ ကျွန်မ ဒီစခန်းမှာနေရင်း ဒီပလိုမာတစ်ခုရခဲ့ပေမယ့် အဲဒါက ဒီမှာအသုံးမဝင် ဘူးလေ။ အစိုးရကမှ အသိအမှတ်မပြုဘဲ။ ဒီမှာ ကျွန်မဆယ်တန်းအောင်ရင် တက္ကသိုလ်ဝင်ခွင့်စာမေးပွဲဖြေလို့ရတယ်။ စခန်းမှာပဲ တသက်လုံးနေသွားဖို့က မဖြစ်နိုင်ဘူးလေ။ ကျွန်မမှာ ကလေးတွေရှိတော့ သူတို့ရဲ့ပညာရေးအတွက် ပြန်လာရတာပေါ့။"*

**ကရင်အမျိုးသမီး၊ UNHCR အစီအစဉ်ဖြင့်ပြန်လာသူ၊ သေးဆူလဲကျေးရွာ၊ ဒီမောဆိုးမြို့နယ်**

*"စခန်း (၁) မှာ ကျွန်တော် ၂၇ နှစ် နေခဲ့ပါတယ်။ ဒါပေမဲ့ ဘာမှမပြောင်းလဲခဲ့ဘူး။ တတိယနိုင်ငံမှာ နေထိုင်ခွင့်ရဖို့ လျှောက်ခဲ့ သေးပေမဲ့ အငြင်းပယ်ခံခဲ့ရပါတယ်။ နောက်ဆုံးအနေနဲ့ ကျွန်တော့် မိဘတွေက အသက်ကြီးနေပြီး သူတို့ကို ကြည့်ရှုစောင့် ရှောက်မဲ့သူလည်း မရှိပါဘူး။ ဒါကြောင့်ပြန်လာခဲ့တာပါ။*

**ကယားအမျိုးသား၊ ခြေလက်ဆုံးရှုံးခဲ့သူ၊ မိမိဆန္ဒအလျောက်ပြန်လာသူ၊ ထီးသဲကလိုးကျေးရွာ ၊ ဒီမောဆိုးမြို့နယ်**

*"ကျွန်တော်တို့ မိသားစုက ထန်(မ်)ဟင် ဒုက္ခသည်စခန်းမှာ ၁၇ နှစ်နေခဲ့ပါတယ်။ ကျွန်တော်ရဲ့ မိသားစုဝင်အချို့က ၂၀၁၄ မှာ ပြန်လာခဲ့ကြပါတယ်။ ဒီမှာ ရှိတဲ့ခေါင်းဆောင်အချို့က ကျွန်တော်နဲ့ သူငယ်ချင်းတွေပါ။ ဒါကြောင့် ကျွန်တော်တို့ ဘယ် လမ်းကြောင်းကနေ ပြန်နိုင်တယ်ဆိုတာ ဆွေးနွေးနိုင်တယ်။ အမြင်ချင်း ဖလှယ်နိုင်တယ်။ ပြီးတော့ ပြန်လာဖို့အတွက် ဆုံးဖြတ်ခဲ့ပါတယ်။"*

**ကရင်အမျိုးသား၊ မိမိဆန္ဒအလျောက်ပြန်လာသူ၊ အမြားကျေးရွာ ၊ ထားဝယ်မြို့နယ်**

# ၄.၂ နေရပ်ပြန်ရန်နှင့် ပြန်လည်ပေါင်းစည်းရန်အတွက် အကူအညီရရှိမှု အခြေအနေ

UNHCR ၏ နေရပ်ပြန်လည်ပို့ဆောင်ရေး အစီအစဉ်ဖြင့် ပြန်လာသည့် ဒုက္ခသည်များက သူတို့အနေဖြင့် UNHCR၊ မြန်မာ အစိုးရနှင့် မြန်မာကြက်ခြေနီတို့ထံမှ ပို့ဆောင်ရေး၊ ပစ္စည်းနှင့် ငွေကြေးအကူအညီများ ရရှိခဲ့သည်ဟု ဆိုသည်။ သို့ရာတွင် UNHCR အစီအစဉ်ဖြင့် ပြန်လာသောသူများအနေဖြင့် နိုင်ငံသားအထောက်အထား လျှောက်ထားသည့် ဖြစ်စဉ်တွင် အခက်အခဲ အသီးသီး ရှိခဲ့ကြသည်။ မည်သို့ပင်ဖြစ်စေ UNHCR အစီအစဉ်ဖြင့် ပြန်လာသူများသည် မိမိဆန္ဒအလျောက် ပြန်လာသူများထက် ရပ်ဝန်းတွင်းပိုင်းအရရော ဥပဒေပိုင်းအရပါ အထောက်အပံ့များစွာပိုမိုရရှိခဲ့သည်။ မိမိဆန္ဒအလျောက်ပြန်လာသူအချို့မှာ နေရပ် ပြန်ရန်နှင့် ပြန်လည်အခြေချနေထိုင်ရန်အတွက် စရိတ်အားလုံးကို မိမိတို့ဘာသာစိုက်ထုတ်ကျခံခဲ့ရသည်။ မိမိဆန္ဒအလျောက် နေရပ်ပြန်သူအနည်းငယ်သာ သူတို့ပြန်လည် အခြေချနေထိုင်ပြီးနောက်တွင် အစိုးရမဟုတ်သော အဖွဲ့အစည်းများ (NGO) များထံမှ သင့်သလို အကူအညီများရရှိခဲ့သည် ဟုဆိုသည်။

*"ကျွန်မတို့ ထိုင်းကနေ ထွက်ခွာတော့မဲ့အချိန်မှာ UNHCR ကနေ ကျွန်မတို့ကို ငွေကြေးအကူအညီ ပေးပါတယ်။ ပြီးတော့ ခြင်ထောင်တို့၊ စောင်တို့ အဲလိုမျိုးပစ္စည်းတွေလည်းပေးပါတယ်။ ကျွန်မတို့ ရွာပြန်ရောက်ပြီးနောက်မှာတော့ အစိုးရက ဆိတ် ၃ ကောင်၊ ဝက် ၁ ကောင်နဲ့ ကြက် ၁၀ ကောင်မွေးဖို့ ပေးပါတယ်။ ပြီးတော့ ကျွန်မတို့အိမ်ကို မိုးဖို့သွပ်ပြားတွေနဲ့ သက်သေခံကဒ်တွေလည်း ထုတ်ပေးပါတယ်။"*

**ကရင်အမျိုးသမီး၊ UNHCR အစီအစဉ်ဖြင့်ပြန်လာသူ၊ ကစပ်ကျေးရွာ၊ ကြာအင်းဆိပ်ကြီးမြို့နယ်**

*"မြန်မာအစိုးရကရော၊ KNU ကရော၊ ဘယ်ကမှ အကူအညီမပေးပါဘူး။ ကျွန်မတို့ ပြန်လာတော့ ခရီးတစ်ဝက်ကို လမ်း လျှောက်ပြီး ကျန်တဲ့တစ်ဝက်ကို ကားစီးပြီးပြန်လာခဲ့တယ်။ ကုန်ကျစရိတ် အားလုံးကို ကိုယ့်ဘာသာကိုယ်ကျခံခဲ့ရတယ်။"*

**ကရင်အမျိုးသမီး၊ မိမိအစီအစဉ်ဖြင့်ပြန်လာသူ၊ ကြာအင်းကျေးရွာ၊ ကြာအင်းဆိပ်ကြီးမြို့နယ်**

*"ကျွန်မတို့ ပြန်တဲ့အချိန်က ဘာမှအကူအညီပေးတာမရှိဘူး။ ကိုယ့်စားရိတ်နဲ့ကိုယ်ပြန်လာခဲ့ကြတာ။ စခန်းက ကြီးကြပ် ရေးမှူးကိုတော့ ကျွန်မတို့ပြန်ပြီဆိုတဲ့အကြောင်း အကြောင်းကြားခဲ့တယ်။ ကျွန်မပြန်လာဖို့ မဆုံးဖြတ်ခင်တုန်းက ဒီကို တစ်ခေါက်မှ ပြန်မရောက်ဖြစ်ခဲ့ဘူး။"*

**ကရင်အမျိုးသမီး၊ မိမိဆန္ဒအလျောက်ပြန်လာသူ၊ ထီးဟူးသံကျေးရွာ၊  ကော့ကရိတ်မြို့နယ်**

*"ကျွန်မတို့ ပြန်တော့ ထိုင်းဖက်မှာရှိတဲ့ UN က လူကြီးတစ်ယောက်ကို ဘတ် ၉၃၀၀ နဲ့ အသက် ၁၈ အောက် ကလေး တစ်ယောက်ဆီကို ဘတ် ၇၅၀၀ ပေးပါတယ်။ ကျွန်မတို့ မြန်မာနိုင်ငံကို ပြန်ရောက်တော့ မြန်မာအစိုးရက ၃ သိန်းကျပ် ထောက်ပံ့ပြီး UNICEF (ကုလသမဂ္ဂကလေးများ ရန်ပုံငွေအဖွဲ့) နဲ့ ကြက်ခြေနီတို့က ငွေ ၁ သိန်းကျပ်နဲ့ အိုးခွက်ပန်းကန်၊ စောင်၊ အဝတ်အစားနဲ့ အခြားပစ္စည်းတွေကို ထောက်ပံ့ပေးပါတယ်။ ပြီးတော့ ခရီးစရိတ်ရယ်၊ ထမင်းစရိတ်ရယ် ပေးပါတယ်။ ကျွန်မတို့ မြဝတီမြို့ကို ရောက်တာနဲ့ ယာယီအိမ်ထောင်စုစာရင်း လုပ်ပေးပါတယ်။ နောက်နေ့ မနက်ကျတော့ အဲဒီ အိမ်ထောင်စုစာရင်းနဲ့ သက်သေခံကဒ် (နိုင်ငံသားစီစစ်ရေးကဒ်) လျှောက်ခဲ့ပါတယ်။"*

**ကရင်အမျိုးသမီး၊ UNHCR အစီအစဉ်ဖြင့် ပြန်လာသူ၊ လေးကေကော် ကျေးရွာ မြဝတီမြို့နယ်**

*"ကယားပြည်နယ်ရဲ့အခြေအနေနဲ့ပတ်သက်ပြီး UNHCR ကကျွန်မတို့ကို ရှင်းပြပါတယ်။ ကျွန်မတို့ ပြန်သွားချင်တာ ပဲဖြစ်ဖြစ်၊ စခန်းမှာဆက်နေချင်တာပဲဖြစ်ဖြစ် ကျွန်မတို့ သဘောပဲလို့ ပြောပါတယ်။ ဒါပေမဲ့ ကျွန်မတို့က ကိုယ့်ဆန္ဒအလျောက် ပြန်လာဖို့ ဆုံးဖြတ်ခဲ့ပါတယ်။ ကျွန်မတို့ ပြန်တဲ့လမ်းမှာ အစိုးရအရာရှိတွေလာပြီး ငွေကြေး အနည်းငယ်ပေးသလို ကျွန်မတို့ ပြန်ရမဲ့လမ်းကြောင်းကိုလည်း စီစဉ်ပေးပါတယ်။ UNHCR က ကျွန်မတို့ကို စခန်းမှာ ၆ လ အကူအညီပေးမယ်၊ ကျွန်မတို့ ပြန်ပြီးတဲ့ နောက်မှာလည်း နောက်ထပ် ၆ လ အကူအညီထပ်ပေးမယ်လို့ ပြောပါတယ်။ ကျွန်မတို့ပြန်ရောက်ပြီး နောက်သူတို့ တစ်ကြိမ်ပဲလာပါတယ်။ အဲဒီနောက်မှာတော့ ပေါ်မလာတော့ပါဘူး။"*

**ကော်ယော်အမျိုးသမီး၊ UNHCR အစီအစဉ်ဖြင့်ပြန်လာသူ၊ ထူဒူငံသကျေးရွာ၊ လွိုင်ကော်မြို့နယ်**

*"ကျွန်မတို့ ပြန်လာတော့ UNHCR က ခရီးသွားဖို့နဲ့ စားသောက်ဖို့အတွက် စီစဉ်ပေးပါတယ်။ ကျွန်မတို့ ဒီမှာအခြေချပြီး နောက် UNHCR ကထပ်လာပြီး အခြေအနေကိုမေးပါတယ်။ ကျွန်မတို့ အဆင်မပြေတာမို့ အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနက တာဝန်ရှိသူတွေက လူကြီးတစ်ယောက်ကို ငါးသောင်းကျပ်နဲ့ ကလေးတစ်ယောက်ကို သုံးသောင်းကျပ် ထောက်ပံ့ပေးပါတယ်။ သူတို့က ကျွန်မတို့ အိမ်ကိုလာပြီး အိမ်ထောင်စုစာရင်းနှင့် နိုင်ငံသားစီစစ်ရေးကဒ် လုပ်ခိုင်းပါတယ်။ အခု ကျွန်မတို့အားလုံး ရပြီးပါပြီ။ နိုင်ငံသားစီစစ်ရေးကဒ်က အလုပ်လျှောက်ဖို့အတွက် အရမ်းအရေးကြီးပါတယ်။"*

**ကယန်းအမျိုးသမီး၊ UNHCR အစီအစဉ်ဖြင့် ပြန်လာသူ၊ ကျောက်စုကျေးရွာ၊ မယ်စဲ့မြို့နယ်**

*"ကျွန်မတို့ ထိုင်းနိုင်ငံမှာရှိတဲ့ UN ကနေ အကူအညီရပါတယ်။ ကျွန်မတို့ ပြန်တော့ သူတို့က ကျွန်မတို့ကို ဘတ် ၈၅၀၀ ပေးပါတယ်။ ကျွန်မတို့ ဒီကိုပြန်ရောက်တော့ မြန်မာအစိုးရက ကျွန်မတို့မိသားစုကို လေးသိန်းကျပ် ပေးပါတယ်။ ဒါအကုန်ပါပဲ။ ဒါပေမဲ့ကျွန်မတို့ ဒီပြန်ရောက်တော့ ကျေးရွာအုပ်ချုပ်ရေးမှူးက ဆန်တစ်အိတ်၊ မီးသွေး ၁ အိတ်၊ ဆီ ၁ လီတာ၊ အချိုမှုန့် ၁ ထုပ်နဲ့ ဆားနဲ့ ငရုတ်သီး အနည်းငယ်ပေးပါတယ်"*

**ကရင်အမျိုးသမီး၊ UNHCR အစီအစဉ်ဖြင့် ပြန်လာသူ၊ လေးကေကော်ကျေးရွာ၊ မြဝတီမြို့နယ်**

*"ကျွန်မတို့ မပြန်ခင် UNHCR က ဖောင်တစ်ခုဖြည့်ခိုင်းပါတယ်။ ပြီးတော့ ကျွန်မတို့ ပြန်မဲ့နေရာနဲ့ ပတ်သက်တဲ့ အချက်အလက်တွေကို ပြောပြပါတယ်။ ကျွန်မတို့ကို အကူအညီတွေ အများကြီးပေးပေမဲ့ မလုံလောက်ပါဘူး။ ပြီးတော့ သူတို့က ငွေကြေးလည်း ထောက်ပံ့ပေးပါတယ်။ UNHCR နဲ့ ထိုင်းအစိုးရ အရာရှိတွေက ကျွန်မတို့ကို နယ်စပ်ကိုဖြတ်ပြီး မယ်စဲ့ထဲကို ပို့ပေးပါတယ်။ မြန်မာအစိုးရက ကျွန်မတို့ကို ဆန် ၃ အိတ်၊ ဆီ ၃ ပုလင်း၊ အဝတ်အစား၊ အိမ်သုံးပစ္စည်း၊ ရေပုံး ၁ ပုံး၊ ချက်ပြုတ်ဖို့အိုး ၂ လုံး၊ ပန်းကန်ပြား ၅ ချပ်နဲ့ ခွက်တွေ ပေးပါတယ်။ အဲဒီကနေ အခုချိန်ထိ ဘာမှ ထပ်မပေးတော့ပါဘူး။ UNHCR က ကျွန်မတို့ဆီ တစ်ကြိမ်လာပြီးတော့ အစိုးရက အိမ်ထောင်စုစာရင်း လုပ်ဖို့အတွက် အကူအညီပေးလားလို့ မေးပါတယ်။ သူတို့က ကျွန်မတို့ကို လူဝင်မှုကြီးကြပ်ရေးရုံးနဲ့ ချိတ်ပေးပါတယ်။ ဒါပေမဲ့ အဲဒါက လုပ်နေဆဲပါ။ ဘာ (သက်သေခံ အထောက်အထား) မှ မရသေးပါဘူး။*

**ကရင်အမျိုးသမီး၊ UNHCR အစီအစဉ်ဖြင့် ပြန်လာသူ၊ သေးဆူလဲကျေးရွာ၊ ဒီမောဆိုးမြို့နယ်**

*"UNHCR က ကျွန်တော့်ကို တိရစ္ဆာန်မွေးမြူရေးနဲ့ပတ်သက်ပြီး အကူအညီပေးတဲ့ အဖွဲ့အစည်းတစ်ခုနဲ့ ချိတ်ပေးပါတယ်။ အဲဒီအဖွဲ့က ကျွန်တော့်ကို ဝက်မွေးဖို့အကြံပေးပြီး ဝက်လေးကောင်ပေးပါတယ်။"*

**ကယားအမျိုးသား၊ ခြေလက်ဆုံးရှုံးခဲ့သူ၊ မိမိဆန္ဒအလျောက်ပြန်လာသူ၊ ထီးသဲကလိုး ကျေးရွာ၊ ဒီမောဆိုးမြို့နယ်**

*"ထိုင်းနိုင်ငံအခြေစိုက် UN ရော၊ မြန်မာနိုင်ငံအခြေစိုက် UN ပါ ဒီကိုလာတာတွေ့ဖူးပါတယ်။ ဒါပေမဲ့ သူတို့ အကူအညီ ပေးတာတော့ မတွေ့သေးဘူး။ NGOs တွေဆီက ရေပုံးတွေ၊ ခြင်ထောင်တွေ၊ အခင်းတွေ၊ ဖျာတွေနဲ့ စောင်တွေရပါတယ်။ မြန်မာအစိုးရ ဒီကိုလာတာမတွေ့ပါဘူး။"*

**ကရင်အမျိုးသား၊ မိမိဆန္ဒအလျောက်ပြန်လာသူ၊ အမြား ကျေးရွာ၊ ထားဝယ်မြို့နယ်**

*"ငြိမ်းချမ်းရေးရနေပြီ။ ပြည်တွင်းစစ်လည်း မရှိတော့ဘူးလို့ထင်လို့ ပြန်လာခဲ့ပါတယ်။ (နေရပ်ပြန်ဖို့နဲ့ ကနဦးပြန်လည်ပေါင်းစည်းဖို့အတွက်) စခန်းမှာ အထောက်အပံ့တွေ အများကြီးရရှိခဲ့ပါတယ်။ ကျွန်မတို့က ပထမဦးဆုံးပြန်တဲ့အသုတ် ဖြစ်တာမို့ မြန်မာနိုင်ငံက UN အရာရှိအများကြီး ဒီကိုလာခဲ့ကြပါတယ်။ သူတို့လာပေမဲ့ ကျွန်မတို့ကို ဘာအကူအညီမှတော့ မပေးပါဘူး။"*

**ကရင်အမျိုးသမီး၊ UNHCR အစီအစဉ်ဖြင့် ပြန်လာသူ၊ မေတ္တာမြို့၊ ထားဝယ်မြို့နယ်**

*"ကျွန်မတို့ မြဝတီမြို့ကိုရောက်တော့ သူတို့ ကျွန်မတို့ကို ဘယ်ကိုပို့လိမ့်မလဲလို့ တွေးမိပါတယ်။ ကျွန်မအရမ်းကို စိုးရိမ်ခဲ့ပါတယ်။ သူတို့က ကျွန်မတို့ကို တွန်းလား၊ ဆွဲလားလုပ်တော့ ကျွန်မလန့်သွားပါတယ်။ ကျွန်မတို့ နေရာကိုရောက်ဖို့ အဆင့်တွေ အများကြီးကို ဖြတ်ကျော်ရပါတယ်။ လူတွေအများကြီးက ကျွန်မတို့ ကိုစစ်ဆေးပါတယ်။ ကျွန်မတို့ကို စားစရာတွေ ပေးပါတယ်။ ကျွန်မတို့ မပြန်ခင် UNHCR က ကျွန်မတို့ကို အိမ်သုံးပစ္စည်းတွေ ပေးပါတယ်။ ခြင်ထောင်၊ ဆပ်ပြာ၊ သွားတိုက်ဆေး၊ တခြားဟာတွေပေါင်းစုံနဲ့ ပိုက်ဆံလည်း ပေးပါတယ်။ ကျွန်မတို့ ကားထဲမဝင်ခင် ကျွန်မတို့ လက်မကို စကင် (scan) ဖတ်ရပါတယ်။ ပြီးတော့ ကျွန်မတို့ကို သူတို့လိုက်ပို့ပါတယ်။ မြဝတီကိုရောက်တော့*

*မြန်မာအစိုးရကလည်း အိမ်ထောင်စု တစ်စုကို ငွေငါးသိန်း ထောက်ပံ့ပေးပါတယ်။ နိုင်ငံသား စီစစ်ရေးကဒ်လိုချင်ရင် နောက်နေ့မနက်ကျ ပြန်လာဖို့ ပြောပါတယ်။ ဒါပေမဲ့ ကျွန်မတို့ ဘယ်ကိုသွားရမလဲဆိုတာ မသိသလို ဘယ်လိုသွားရမယ်ဆိုတာ လည်းမသိပါဘူး။ ဒီတော့ကျွန်မတို့ အရင်ကနေခဲ့တဲ့နေရာမှာပဲ ပြန်နေခဲ့ကြပါတယ်။ ဘယ်ကို သွားရမလဲဆိုတာ ကျွန်မတို့ မသိသေးပါဘူး။"*

**ကရင်အမျိုးသမီး၊ UNHCR အစီအစဉ်ဖြင့်ပြန်လာသူ၊ တာလော်သော ကျေးရွာ၊ လှိုင်းဘွဲ့မြို့နယ်**

*"တိုင်းရင်းသားလက်နက်ကိုင်တပ်ဖွဲ့က ကျွန်တော်တို့ကို ဘာအထောက်အပံ့မှ မပေးပါဘူး။ ကျွန်တော် ကိုယ့်ဘာသာကိုယ် ပြန်လာတာပါ။"*

**ကယားအမျိုးသား ခြေလက်ဆုံးရှုံးခဲ့သူ၊ မိမိဆန္ဒအလျောက်ပြန်လာသူ၊ ထီးသဲကလိုးကျေးရွာ၊ ဒီမောဆိုးမြို့နယ်**

*"ကျွန်မတို့ ပြန်လာကတည်းက KNU ဒါမှမဟုတ် ငြိမ်းချမ်းရေးကောင်စီက အကူအညီပေးတာကို မတွေ့ရသေးဘူး။ လိုအပ်ချက်တွေ အများကြီးရှိတာမို့ တခြားသူတွေက ကျွန်မတို့ကို ကူညီကြမယ်လို့ မျှော်လင့်ပါတယ်။"*

**ကရင်အမျိုးသမီး၊ UNHCR အစီအစဉ်ဖြင့် ပြန်လာသူ၊ တာလော်သောကျေးရွာ၊ လှိုင်းဘွဲ့မြို့နယ်**

*"တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့တွေဆီက နေဘာအကူအညီမှ မရခဲ့ပါဘူး။ သူတို့ ဘာမှတောင် မပြောဘူး။ သူတို့ အကူအညီတစ်ချို့ပေးကောင်းပေးပေမဲ့ ကျွန်မတို့ မသိလိုက်တာလည်းဖြစ်ကောင်းဖြစ်နိုင်ပါတယ်။"*

**ကရင်အမျိုးသမီး၊ UNHCR အစီအစဉ်ဖြင့်ပြန်လာသူ၊ သေးဆူလဲ ကျေးရွာ၊ ဒီမောဆိုးမြို့နယ်**

# ၄.၃ နေရပ်ပြန်ရန်နှင့် ပြန်လည်အခြေချနေထိုင်ရန် ရွေးချယ်ပိုင်ခွင့်များ

ဒုက္ခသည်များအနေဖြင့် သူတို့နေရပ်စွန့်ခွာ ထွက်ပြေးခဲ့သည့်အချိန် ပိုကြာမြင့်လေလေ သူတို့၏ နဂိုမူလအိမ်များ၊ ရွာများသို့ ပြန်ရန် အခွင့်အလမ်းပိုနည်းလေလေဖြစ်သည်။ သူတို့အနေဖြင့် သူတို့ကျင်လည်ခဲ့ရာ လူမှုပတ်ဝန်းကျင်နှင့် ပြန်လည်ပေါင်းစည်းနိုင်ရန်အတွက် မိသားစုနှင့် မိတ်ဆွေများရှိရာ နေရာသို့ပြန်ရန် ပို၍ဆန္ဒရှိကြသော်လည်း တကယ်တမ်းတွင်မူ အများစုသည် သူတို့နှင့် ရင်းနှီးကျွမ်းဝင်မှုမရှိသည့် နေရပ်အသစ်များဆီသို့ အခြေချနေထိုင်ရမည် ဖြစ်သည်။ ပြန်လည်အခြေချနေထိုင်ရန်အတွက် အခွင့်အလမ်းများကို ရွေးချယ်ရာတွင် လူမှုရေး အဆက်အသွယ်များရှိခြင်းနှင့် ပြန်လာရန်အတွက် ဆုံးဖြတ်ချက်ချခြင်းမပြုမီ အခြေအနေများကို သိရှိနိုင်ရန် တရားမဝင်အလည်အပတ် ပြန်လာနိုင်ခြင်းတို့က အရေးပါသည်ဟု ဒုက္ခသည်များက ပြောကြသည်။ အချို့ဒုက္ခသည်မိသားစုများတွင် မိသားစုဝင်အချို့က မြန်မာနိုင်ငံသို့ ခဏပြန်၍ အပြီးပြန်လာပြီး အခြေချနေထိုင်ရန် အဆင်ပြေမပြေ လာကြည့်ကြစဉ် ကျန်မိသားစုဝင်များက စခန်းတွင်နေခဲ့ကြသည်။ ဒုက္ခသည်များ၏ ရှေ့ရေးမျှော်မှန်းကြည့်သောအခါ သူတို့၏ နဂိုမူလကျေးရွာများသို့ မပြန်နိုင်သူ ဒုက္ခသည်များ၊ မိမိတို့ကျင်လည်ခဲ့ရာ လူမှုအသိုင်းအဝန်းနှင့် အဆက်အသွယ်ပြတ်နေခဲ့သူ ဒုက္ခသည်များအတွက် အုပ်စုလိုက်ပြန်လည်အခြေချနေထိုင်ခြင်းသည် ပို၍အရေးပါလာဖွယ်ရှိသည်။ သို့ရာတွင် နေရပ်ပြန်လာသူများအား ဒုတိယတန်းစားနိုင်ငံသားအဖြစ်သို့ အဆင့်လျော့ချခြင်းမျိုး မဖြစ်စေဘဲ ၎င်းတို့ နေထိုင်ရန် ကျေးရွာအသစ်များ တည်ဆောက်ရေးအတွက် လိုအပ်သော မြေယာကို စီစဉ်ပေးနိုင်ရန် ပိုမိုကျယ်ပြန့်ပြည့်စုံသော ဆွေးနွေးမှုများကို ပြုလုပ်ရန် လိုအပ်လိမ့်မည်ဖြစ်သည်။

*"ကျွန်မတို့ ရွာကနေ ထွက်လာတော့ အမျိုးတွေနဲ့ ရန်ဖြစ်ခဲ့တာမို့ အဲဒီနေရာကို ပြန်သွားဖို့ကတော့ မဖြစ်နိုင်ပါဘူး။ အဓိက ပြဿနာကတော့ ကျွန်မမှာမြေမရှိသလို မြေဈေးတွေက အရမ်းကြီးနေတာပါပဲ။ ကျွန်မတို့ အပြီးပြန်မလာခင် ၂ နှစ်လောက်တုန်းက ကျွန်မတို့ တစ်ခေါက်ပြန်လာပြီး အခြေချနေထိုင်ဖို့အတွက် နေရာလာကြည့်သေးတယ်။ ကျွန်မ အမျိုးသားက အရင်ဆုံးပြန်လာပြီး စစချင်းတော့ ဘယ်မှာနေရမလဲဆိုတာ မသိပါဘူး။ နောက်တော့ဒီမှာနေဖို့ ဆုံးဖြတ်လိုက်ပါတယ်။*

**ကယန်းအမျိုးသမီး၊ UNHCR အစီအစဉ်ဖြင့် ပြန်လာသူ၊ ကျောက်စုကျေးရွာ၊ မယ်စဲ့မြို့နယ်**

*"ကျွန်မတို့ မပြန်ခင် ကျွန်မတို့နေရမဲ့နေရာက ဘယ်လိုလဲဆိုတာ သိသင့်တယ်လေ။ ပညာရေး၊ ကျန်းမာရေးနဲ့ အထွေထွေအခြေအနေတွေကို လေ့လာဖို့အတွက် ၂ ခေါက် ၃ ခေါက်လောက် ဒီကိုလာခဲ့သေးတယ်။ ပြီးတော့မှ ဒီကို အပြီးပြောင်းလာတာပါ။"*

**ကရင်အမျိုးသမီး၊ UNHCR အစီအစဉ်ဖြင့် ပြန်လာသူ၊ လေးကေကော် ကျေးရွာ၊ မြဝတီမြို့နယ်**

*"ကျွန်မ ဒီကို အရင်ကလုံးဝ မရောက်ဖူးပါဘူး။ ကျွန်မသမီးက ပြန်လာပြီး ဒီနားတဝိုက်ကို လာကြည့်ခဲ့တယ်လေ။ လေးကေကော်မှာ အိမ်တွေအများကြီးပဲ ဆောက်နေတယ်လို့ သူက ကျွန်မကို ပြောတယ်။ အဲဒါပြီးတော့ သိပ်မကြာခင်မှာပဲ UN က နေရပ်ပြန်ဖို့အတွက် လျှောက်လွှာတွေ တင်နိုင်တယ်လို့ ကြေညာတယ်။ ကျွန်မက တင်မယ်လို့ ပြောလိုက်တယ်။ UN ကို လျှောက်လွှာတင်လိုက်ပြီး သူတို့က ကျွန်မတို့ ပြန်ဖို့အတွက် စီစဉ်ပေးပါတယ်။"*

**ကရင်အမျိုးသမီး၊ UNHCR အစီအစဉ်ဖြင့်ပြန်လာသူ၊ လေးကေကော်ကျေးရွာ၊ မြဝတီမြို့နယ်**

*"အစကတော့ ကျွန်မရဲ့ဇာတိဖြစ်တဲ့ ဖားဆောင်းမြို့နယ်ကို ပြန်ပါတယ်။ ဒါပေမဲ့ အဲဒီမှာ အရမ်းပူတော့ နေလို့မရဘူး။ ကျွန်မတို့ အခုတော့ အေးချမ်းသွားပြီဖြစ်တဲ့ ကျွန်မရဲ့အမျိုးသားရဲ့ရွာကို ပြန်လာခဲ့ကြပါတယ်။ ကျွန်မတို့ ဒီကို ပြန်လာပြီး နေဖို့ဆုံးဖြတ်ခဲ့ကြပါတယ်။"*

**ကရင်အမျိုးသမီး၊ UNHCR အစီအစဉ်ဖြင့်ပြန်လာသူ၊ သေးဆူလဲကျေးရွာ၊ ဒီမောဆိုးမြို့နယ်**

*"ကျွန်တော့်ရဲ့သူငယ်ချင်းတစ်ချို့နဲ့ ဆွေမျိုးတွေက ဒီမှာလာအခြေချပြီး ကိုယ့်ဘာသာ အိမ်ဆောက် နေဖို့ပြောပါတယ်။ ဒီနေရာကို ၂၀၁၁၊ ၂၀၁၂ နဲ့ ၂၀၁၄ မှာ သုံးကြိမ် အလည်လာခဲ့ပါတယ်။ နောက်တော့ ကျွန်တော့် မိသားစုကိုပါ ခေါ်လာပြီး ဒီမှာနေခဲ့ပါတယ်။ သူငယ်ချင်းတွေဆီ အလည်လာရာကနေ နေဖို့အတွက်နေရာရှာဖြစ်သွားတာပါ။*

**ကရင်အမျိုးသား၊ မိမိအစီအစဉ်ဖြင့်ပြန်လာသူ၊ အမြားကျေးရွာ၊ ထားဝယ်မြို့နယ်**

*"ကျွန်မဒီကို အရင်က တစ်ခေါက်မှ မရောက်ဖူးဘူး။ ကျွန်မက အရမ်းဝေးတဲ့ ရွာလေးက ရွာကကပါ။ ဒါပေမဲ့ ကျွန်မအမျိုးသားကတော့ ဒီကိုရောက်ဖူးတယ်။ ဒီမှာနေရတာ ပြဿနာမရှိပါဘူး။ သူတို့က ပညာရေးနဲ့ အခြားအရာတွေ အတွက်ပါ အကူအညီပေးပါတယ်။ သူတို့က ကျွန်မတို့ကို အိမ်ပြန်ဆောက်ပေးမယ်လို့ ပြောပေမဲ့ ကျွန်မတို့မှာ တရားဝင် အထောက်အထားတွေ မရှိလို့ မဆောက်ပေးနိုင်သေးပါဘူး။"*

**ကရင်အမျိုးသမီး၊ UNHCR အစီအစဉ်ဖြင့် ပြန်လာသူ၊ မေတ္တာမြို့၊ ထားဝယ်မြို့နယ်**

# ၄.၄ ပြန်လည်အခြေချနေထိုင်ရန် အခက်အခဲများ

နေရပ်ပြန်လာသူများ၏ အဆိုအရအခက်အခဲများမှာ ပညာရေး၊ မြေယာအသုံးပြုခွင့်နှင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများကို ပြန်လည်ဖော်ဆောင်ရေးနှင့် ပတ်သက်နေသည်။ ဒုက္ခသည်စခန်းများတွင် ပညာသင်ကြားခဲ့မှုများအား မြန်မာအစိုးရက အသိအမှတ်မပြုခြင်း၊ ကျောင်းစရိတ်နှင့် ဗမာစကားကျွမ်းကျင်မှုကို မြှင့်တင်ရန် လိုအပ်မှုတို့အား ပညာရေးနှင့် ပတ်သက်၍ အဓိက အခက်အခဲများအဖြစ် တင်ပြကြသည်။ စိုက်ပျိုးမြေရရှိရန် အခက်အခဲများနှင့် ဒေသတွင်းနေထိုင်ခြင်း မရှိသည့် မြေပိုင်ရှင်ထံမှ မြေယာငှားရမ်းရန် အသုံးပြုရသည့်မြင့်မားသည့် ကုန်ကျစရိတ်တို့သည် မြေယာအသုံးပြုခွင့်နှင့် ပတ်သက်၍ အဓိက အခက်အခဲများဖြစ်ကြပြီး နေရပ်ပြန်မှုအပေါ် ပိုမိုကျယ်ပြန့်သော သက်ရောက်မှုရှိသည်။ အထူးသဖြင့် ပြန်လာသူအများစုသည် အလုပ်အကိုင်နှင့် ဝင်ငွေရရှိမှု အခွင့်အလမ်း အကန့်အသတ်ရှိသော ဝေးလံခေါင်သီသည့် အရပ်များတွင်ရှိသည့် အလျောက် ထွန်ယက်စိုက်ပျိုးရန် မြေမရနိုင်မှုသည် စားနပ်ရိက္ခာလုံခြုံရေးနှင့် အသက်မွေးဝမ်းကျောင်းများကို ပြန်လည်ဖော်ဆောင်ရေးနှင့် ပတ်သက်သည့် အခက်အခဲများနှင့် တိုက်ရိုက်သက်ဆိုင်မှုရှိသည်။

*"ကျွန်မ ဒီမှာအလုပ်တစ်ခုရဖို့ အခွင့်အရေးရှိမယ်လို့ ထင်ခဲ့မိတယ်။ ဒါပေမဲ့ အဲဒါကအရမ်းခက်ပါတယ်။ ဒုက္ခသည်စခန်းတွေကနေ ဘွဲ့ရခဲ့တဲ့သူတွေအတွက် အခွင့်အရေးမရှိဘူးလို့ သူတို့က ပြောပါတယ်။ ကျွန်မ နိုဖိုးစခန်းမှာ အကြာကြီး စာသင်ခဲ့ပါတယ်။ အဲဒီက လုပ်ငန်းခွင် ပတ်ဝန်းကျင်ကိုပဲ ကျွန်မနားလည်ပြီး အတွေ့အကြုံရှိပါတယ်။ ကျွန်မ မြန်မာနိုင်ငံထဲမှာ အလုပ်လုပ်နိုင်ဖို့ အထောက်အကူဖြစ်စေမဲ့အရာတွေကို မသင်ခဲ့ပါဘူး။ ဥပမာ ကျောင်းမှာ မြန်မာစာကို*

*သိပ်မသုံးပါဘူး။ အခု ကျွန်မအလုပ်လျှောက်တော့ အလုပ်အများစုက မြန်မာစာကျွမ်းကျင်ဖို့လိုပါတယ်။ ကျွန်မတို့ ဟိုဘက်က ကျောင်းကနေ ဘွဲ့ရပေမဲ့လည်း ကျွန်မတို့ကို မရွေးပါဘူး။"*
**ကရင်အမျိုးသမီး၊ မိမိဆန္ဒအလျောက်ပြန်လာသူ၊ ကြာအင်းကျေးရွာ၊ ကြာအင်းဆိပ်ကြီးမြို့နယ်**

*"ပြဿနာတွေ အများကြီးရှိပါတယ်။ ကျွန်မတို့ ပြန်လာတော့ ကျွန်မတို့မှာ ပိုက်ဆံမရှိတဲ့အတွက် နေ့စားဝင်လုပ်ရပါတယ်။ ကျွန်မ အမျိုးသားက နေ့စားဝင်လုပ်ပြီး သူရသမျှလေးနဲ့ အစားအသောက်ဝယ်ရပါတယ်။ ကျွန်မမှာက နာတာရှည်ရောဂါရှိလို့ အလုပ်မလုပ်နိုင်ပါဘူး။ ကျွန်မကလေးတွေကို ဒီမှာပဲကျောင်းထားပါတယ်။ ကျောင်းစရိတ်လည်း ကုန်တယ်လေ။ ကျွန်မတို့ ကိုယ်ပိုင် အိမ်မဆောက်နိုင်သေးပါဘူး။ သူတို့ (အကူအညီပေးတဲ့အဖွဲ့အစည်း) ကျွန်မတို့ကို အကူအညီပေးဖို့ အစီအစဉ်ရှိရင်တော့ ကောင်းတာပေ့ါ။ ကျွန်မမိဘတွေနဲ့ အတူတူနေပါတယ်။"*
**ကရင်အမျိုးသမီး၊ မိမိဆန္ဒအလျောက်ပြန်လာသူ၊ ထီးဟူးသံကျေးရွာ၊ ကော့ကရိတ်မြို့နယ်**

*"အသက်မွေးဝမ်းကျောင်းနဲ့ပတ်သက်ပြီးတော့ ဒီမှာပုံမှန် အလုပ်အကိုင်အခွင့်အလမ်းတွေမရှိပါဘူး။ မိုးရာသီမှာ ပြောင်းစိုက်ပြီးတော့ နွေရာသီမှာ ရိတ်သိမ်းပါတယ်။ ပဲကိုလည်း အဲဒီလိုပဲစိုက်ပြီး ရိတ်သိမ်းပါတယ်။ အလုပ်က ရာသီ အလိုက်ပဲရှိပါတယ်။ ပုံမှန် အလုပ်ကလေးရှိနေမယ်ဆိုရင်တော့ နေလို့ဖြစ်လောက်ပါတယ်။ ဒါပေမဲ့ ဖြစ်နေတာက တစ်နှစ် လုံးမှာ ၂ လ၊ ၃ လလောက်ပဲ အလုပ်ရှိပြီးတော့ ကျန်တဲ့အချိန်တွေမှာ အလုပ်လက်မဲ့ဖြစ်နေပါတယ်။"*
**ကရင်အမျိုးသမီး၊ UNHCR အစီအစဉ်ဖြင့်ပြန်လာသူ၊ လေးကေကော်ကျေးရွာ၊ မြဝတီမြို့နယ်**

*"ကျွန်မခုလက်ရှိ နေ့စားအလုပ်သမားအနေနဲ့ ပဲအလုပ်ရပါတယ်။ ဒါပေမဲ့ ကျွန်မရဲ့ကလေးတွေအတွက် ကျူရှင်ခ ပေးရတော့ တော်တော်ကို ခက်ခဲပါတယ်။ ကျွန်မကလေး ၃ ယောက်ကို ကျောင်းထားပါတယ်။ ကျွန်မ သူများဆီက လယ်ငှားပြီး စပါးစိုက်ပါတယ်။ မြေဩဇာဝယ်ရပါတယ်။ စပါးရိတ်သိမ်းပြီးရင် (လယ်ရှင်) ကို အထွက်နှုန်းရဲ့ သုံးပုံတစ်ပုံ ပေးရပါတယ်။ ကျွန်မ လယ်တစ်ကေကျော်ကျော်ပဲ လုပ်နိုင်ပါတယ်။ ဒါကရေရှည်မှာ မလုံလောက်ဘူးလို့ ထင်ပါတယ်။ ကျွန်မအသက်ရှင်ဖို့အတွက် နောက်ထပ်အလုပ်တစ်ခု ရှာဖို့လိုပါတယ်။ တကယ်လို့ လယ်ပိုင်ရှင်က ကျွန်မကို အလုပ်ဆက်လုပ်ခွင့်မပြုတော့ရင် ကျွန်မမှာ အလုပ်မရှိတော့ပါဘူး။ တခြားအလုပ်တွေကိုလုပ်ဖို့လည်း ကျွန်မ မကျွမ်း ကျင်ဘူး။ အခုကျွန်မ လက်ရှိနေနေတာ ကျွန်မညီမရဲ့အိမ်ပါ။ သူတို့ပြန်လာရင် ကျွန်မတို့ ဖယ်ပေးရမယ်လေ။*
**ကော်ယော်အမျိုးသမီး၊ UNHCR အစီအစဉ်ဖြင့်ပြန်လာသူ၊ ထူဒူနေ်သာကျေးရွာ၊ လွိုင်ကော်မြို့နယ်**

*"ကျွန်တော်တို့ ဒီပြန်ရောက်တော့ အလုပ်မရှိတာမို့ ပြဿနာတွေ အများကြီးကြုံရပါတယ်။ ကျွန်တော်တို့ ဒီလိုပဲနေရတယ်။"*
**ကရင်အမျိုးသား၊ မိမိဆန္ဒအလျောက်ပြန်လာသူ၊ လေးကေကော်ကျေးရွာ၊ မြဝတီမြို့နယ်**

*"ကျွန်မတို့ စပြန်လာလာချင်းတော့ အခက်အခဲတွေအများကြီး ကြုံခဲ့ရပါတယ်။ အစပိုင်းတော့ ခက်တာထုံးစံပါပဲ။ ဒါပေမဲ့ အနာဂတ်မှာ တဖြည်းဖြည်းချင်း ကောင်းလာလိမ့်မယ်လို့ ကျွန်မမျှော်လင့်ပါတယ်။ စခန်းမှာနေတုန်းက ပင်ပင်ပန်းပန်း အလုပ်တွေ မလုပ်ရပါဘူး။ စခန်းအပြင်ကို သွားခွင့်မရှိတာမို့ NGO တွေနဲ့ ပဲအလုပ်လုပ်ခဲ့ပါတယ်။ ဒါကြောင့် ဒီမှာ ရွှေ့ပြောင်းတောင်ယာလုပ်ရတော့ ခက်ခဲပါတယ်။ ပထမအချက် အနေနဲ့ နေအရမ်းပူပါတယ်။ ပြီးတော့ ရေလည်းမရှိပါဘူး။ ကျွန်မတို့က အခြားသူတွေလို အလုပ်မလုပ်နိုင်ပါဘူး။ ဒါပေမဲ့ကျွန်မတို့ အကောင်းဆုံးကြိုးစားရုန်းကန်နေပါတယ်။ ပိုပြီးတော့ ကောင်းလာလိမ့်မယ်လို့ ကျွန်မယုံကြည်ပါတယ်။"*
**ကယန်းအမျိုးသမီး၊ UNHCR အစီအစဉ်ဖြင့်ပြန်လာသူ၊ ကျောက်စုကျေးရွာ၊ မယ်စဲ့မြို့နယ်**

*"ကရင်နီအမျိုးသားတိုးတက်ရေးပါတီ (KNPP) က တစ်နိုင်ငံလုံးအပစ်အခတ်ရပ်စဲရေး သဘောတူစာချုပ် (NCA) ကို လက်မှတ် မထိုးရသေးတာမို့ လုံခြုံမှုရှိတယ်လို့ မခံစားရပါဘူး။ ကျွန်မ ငယ်ငယ်တုန်းက လက်နက်ကိုင်တိုက်ပွဲတွေ ကြားအပြန် အလှန်တိုက်ခိုက်မှုတွေမှာ ဟိုဖက်ပြေးလိုက်ဒီဖက်ပြေးလိုက် ပြေးခဲ့ဖူးပါတယ်။ NCA လက်မှတ် မထိုးရ သေးတာမို့ ငယ်ငယ်တုန်းကလိုပဲ ထပ်ပြေးရဦးမလားလို့ စိုးရိမ်မိပါတယ်။ စခန်းမှာ နေတုန်းကတော့ လုံခြုံမှုရှိပါတယ်။ ဒါပေမဲ့ ဒီကို ပြန်လာပြီးတော့ အားလုံးကို ရုန်းကန်နေရပါတယ်။ အလုပ်မလုပ်ရင် စားစရာမရှိဘူး။"*
**ကယားအမျိုးသမီး၊ မိမိဆန္ဒအလျောက်ပြန်လာသူ၊ ဒေါလဲဒူ ကျေးရွာ ရှားတောမြို့နယ်**

*"ကျွန်တော်စခန်းမှာ ဆယ်တန်းအောင်ခဲ့ပေမဲ့လည်း ဒီမှာ အလုပ်ရှာမရပါဘူး။ ဒီအစိုးရက အဲဒီအောင်လက်မှတ်ကို အသိ အမှတ်မပြုပါဘူး။ (အစိုးရကျောင်း) ကနေအောင်မှပဲ သူတို့ကျွန်တော်ရဲ့ ပညာရေးကို အသိအမှတ်ပြုမှာပါ။"*
**ကယားအမျိုးသား၊ မိမိဆန္ဒအလျောက်ပြန်လာသူ၊ ဒေါလယ်ခူးကျေးရွာ၊ ရှားတောမြို့နယ်**

*"ကျွန်မတို့ ခုနေနေတဲ့ရွာမှာ နဂိုရွာသားဟောင်းတွေ တော်တော်များများကမရှိတော့ပါဘူး။ သူတို့က အခုရှားတောမြို့မှာ နေတယ်။ ဒါပေမဲ့ သူတို့ရဲ့ လယ်မြေတွေကတော့ ဒီမှာရှိပါတယ်။ သူတို့မှာ ပုံစံ (၇) ရှိတာမို့ သူတို့လယ်မြေတွေ ကိုကျွန်မတို့ယူလို့မရပါဘူး။ ဒါကြောင့် နည်းနည်းဝေးတဲ့နေရာမှာ စိုက်ပျိုးဖို့အတွက် မြေရှာရပါတယ်။"*
**ကယားအမျိုးသမီး၊ မိမိဆန္ဒအလျောက်ပြန်လာသူ၊ ဒေါလယ်ခူးကျေးရွာ ၊ ရှားတောမြို့နယ်**

*"စားဝတ်နေရေးနဲ့ပတ်သက်လို့တော့ ပြဿနာမရှိပါဘူး။ ဒါပေမဲ့ ပညာရေးနဲ့ပတ်သက်လို့တော့ ပြဿနာရှိတယ်။ ကရင် ပညာရေးဌာနက အထောက်အပံ့ပေးပေမဲ့ ကျွန်မတို့ ကျောင်းအတွက် မလုံလောက်ပါဘူး။ ကျွန်မတို့ ရွာသားတွေကလည်း ဆရာတွေကို ထောက်ပံ့ငွေမပေးနိုင်ပါဘူး။ ကျွန်တော်တို့ ဒေးလော်မှာ ကျောင်းဆောက်ပြီးတာ ၂ နှစ်ရှိပါပြီ။ ကျွန်တော် တို့မူလတန်း၊ အလယ်တန်းနဲ့ အထက်တန်း ကျောင်းပြီးရင်တောင်မှ အောင်လက်မှတ်ရဖို့က မလွယ်သေးပါဘူး။"*
**ကရင်အမျိုးသား၊ မိမိဆန္ဒအလျောက်ပြန်လာသူ၊ အမြားကျေးရွာ၊ ထားဝယ်မြို့နယ်**

*"အခက်အခဲတွေ အများကြီးရှိပါတယ်။ စခန်းမှာရှိနေတုန်းက ကျွန်မတို့ အပြင်မထွက်နိုင်ပေမဲ့ သူတို့က ကျွန်မတို့ကို ကျွေးထားပါတယ်။ ဒီမှာတော့ ကိုယ့်ဘာသာရုန်းကန်ရပါတယ်။ ဒီလို မလုပ်နိုင်ရင်တော့ စားစရာမရှိပါဘူး။ စခန်းမှာ နေတုန်း အရင်တုန်းကတော့ စားနပ်ရိက္ခာ လုံလုံလောက်လောက်ပေးပါတယ်။ ဒါပေမဲ့ သူတို့နှစ်တိုင်း တဖြည်းဖြည်းချင်း လျော့လာတာ နောက်ဆုံးတော့ ဆန်နဲ့မီးသွေး မလုံလောက်တော့ပါဘူး။ အပြင်ထွက်ပြီး အလုပ်ရှာဖို့ကလည်း ခက်ခဲ တယ်လေ။ ဒီကို ပြန်လာရင် အခြေအနေတွေ ပိုကောင်းလာမယ်လို့ ထင်ခဲ့ပေမဲ့ အလုပ်ပင်ပင်ပန်းပန်းလုပ်ပြီး ရုန်းကန်နေရ ပါတယ်။ အခြားသူတွေကတော့ လယ်တွေရှိကြလို့ အခြေအနေပိုကောင်းပါတယ်။ ကျွန်မတို့ကတော့ သူများဆီကနေ လယ်ငှားလုပ်ရမှာပေါ့။ ဒါပေမဲ့ ငှားဖို့ ပိုက်ဆံက မရှိပြန်ဘူး။"*
**ကရင်အမျိုးသမီး၊ UNHCR အစီအစဉ်ဖြင့် ပြန်လာသူ၊ တာလော်သောကျေးရွာ၊ လှိုင်းဘွဲ့မြို့နယ်**

*"ပညာရေးနဲ့ပတ်သက်လို့တော့ ဒီမှာကလေးကို ကျောင်းထားဖို့ အဆင်ပြေပါတယ်။ တစ်ခုတည်းသော အခက်အခဲ ကတော့ဆေးရုံမရှိတာပဲ။ သာမန်ဖျားနာတာလောက်ကတော့ ဒီမှာကုလို့ရပေမဲ့အခြား (ဆိုးရွားတဲ့) ရောဂါတွေကုဖို့က တော့ မယ်လစခန်းကို သွားရပါတယ်။"*
**ကရင်အမျိုးသား ခြေလက်ဆုံးရှုံးခဲ့သူ၊ မိမိဆန္ဒအလျောက်ပြန်လာသူ၊ တာလော်သောကျေးရွာ၊ လှိုင်းဘွဲ့မြို့နယ်**

# ၄.၅ နေရပ်ပြန်လည်အခြေချနေထိုင်ရာတွင် အောင်မြင်မှုများ

နေရပ်ပြန်လာသူများသည် သူတို့ဒုက္ခသည်စခန်းမှ ထွက်ခွာပြီးနောက် သူတို့၏ အောင်မြင်မှုများကို ဆွေးနွေးပြောဆို ရာတွင်ပို၍ သတိထားကြသည်။ ထိုအချက်သည် လက်ရှိအချိန်အထိ ပြန်လည်ပေါင်းစည်းရေး၏ မရှိသလောက် အားနည်းသော သဘာဝကို ထင်ဟပ်နေသည်ဟု ဆိုနိုင်သည်။ သို့ရာတွင် နိုင်ငံသား စိစစ်ရေးကဒ်နှင့် အိမ်ထောင်စုစာရင်းပုံစံ ရရှိသည့်အတွက် ဂုဏ်ယူမှု ကိုမူ ထင်ထင်ရှားရှားတွေ့ရသည်။ ၎င်းတို့သည် ဥပဒေအရဆိုင်ရာ အခွင့်အရေးများ ပြန်လည်ရရှိရန်နှင့် မိမိကိုယ်ကိုမည်သူ မည်ဝါဖြစ်ကြောင်းပြသရန် အရေးကြီးသော စာရွက်စာတမ်းများဖြစ်ကြသည်။ ထို့အတူ ပြန်လည်ပေါင်းစည်းခြင်း၏ စီးပွားရေး အရ အလားအလာရှိမှုသည် ချက်ချင်းနှင့် ပုံမှန်ဝင်ငွေရလမ်းကို ထောက်ပံ့ပေးမည့် အလုပ်အကိုင်ရရှိမှုနှင့် နီးကပ်စွာ ဆက်စပ် နေသည်။ အင်တာဗျူးဖြေဆိုခဲ့သော နေရပ်ပြန်သူများ၏ ပြောပြချက်အရ မိမိကိုယ်မိမိ မည်သူမည်ဝါဖြစ်ကြောင်း အထောက် အထားကို ပြန်လည်တည်ဆောက်ခြင်းသည် အသက်မွေးဝမ်းကျောင်းလုပ်ငန်းကို ပြန်လည်တည်ဆောက်ခြင်းထက် ပို၍ လွယ်ကူသည်။ ထို့ကြောင့် ခိုင်မာသော အလုပ်အကိုင်ရရှိမှုအား အရေးပါသော အောင်မြင်မှုတစ်ခုအဖြစ် သတ်မှတ် ယူဆသည်။

*"သက်သေခံကဒ် (မှတ်ပုံတင်) ရတာက ကျွန်မအတွက်တော့ အောင်မြင်မှုပဲ။ (မှတ်ပုံတင်)ရဖို့ အချိန်တစ်ခုလောက် စောင့်လိုက်ရပေမဲ့လည်း ကျွန်မအခု ကြိုက်တဲ့နေရာကို လွတ်လွတ်လပ်လပ်သွားနိုင်ပြီ။ ကျွန်မ ပိုပြီးလုံခြုံမှုရှိတယ်လို့ ခံစားရတယ်။"*
**ကရင်အမျိုးသမီး၊ UNHCR အစီအစဉ်ဖြင့်ပြန်လာသူ၊ သေးဆူလဲကျေးရွာ၊ ဒီမောဆိုးမြို့နယ်**

*"ကျွန်မတို့မှာ မြန်မာနိုင်ငံသားစိစစ်ရေးကဒ် ရှိပြီးသားပါ။ ဒါပေမဲ့ ကျွန်မတို့ပြန်တော့ အိမ်ထောင်စုစာရင်းရဖို့က အရမ်းခက်ခဲခဲ့ပါတယ်။ ကျွန်မတို့ လူဝင်မှုကြီးကြပ်ရေးရုံးကို မကြာခဏဆိုသလို သွားရပြီး ၆ လ ၇ လ လောက်ကြာမှ ရခဲ့ပါတယ်။"*
**ကယားအမျိုးသမီး၊ မိမိဆန္ဒအလျောက်ပြန်လာသူ၊ ဒေါလယ်ခူးကျေးရွာ ၊ ရှားတောမြို့နယ်**

*"ခုတော့ ကျွန်တော်တို့မှာ ပြဿနာကြီးကြီးမားမား မရှိတော့ပါဘူး။ ကျွန်တော်တို့ မိသားစုနဲ့ ကျွန်တော်တို့ ရပ်ရွာနဲ့ အတူတကွ အလုပ်လုပ်နေတာမို့ ပြဿနာတွေအားလုံးကို ကျော်လွှားနိုင်ပါတယ်။ စခန်းက လူတွေက ကျွန်တော့်ကို မေးကြတော့ ဒီကိုပြန်လာကတည်းက ဘဝကပိုပြီး အဆင်ပြေလာတယ်လို့ ကျွန်တော် သူတို့ကိုပြောပါတယ်။ အလုပ် အတွက်ပဲဖြစ်ဖြစ် ခရီးသွားဖို့ပဲဖြစ်ဖြစ် လွတ်လွတ်လပ်လပ် သွားလာနိုင်ပါတယ်။ စခန်းမှာ ရှိနေသေးတဲ့ ကျွန်တော့်ရဲ့ မောင်နှမတွေနဲ့မကြာ ခဏတွေ့ဖြစ်ပါတယ်။ သူတို့ကို ကိုယ့်နေရာကိုယ်ပြန်လာနေဖို့ ပြောခဲ့ပါတယ်။ ဒီမှာ လူတွေအများကြီးနေပြီး အလုပ်တွေလည်း အများကြီးရှိပါတယ်။"*
**ကရင်အမျိုးသား၊ မိမိဆန္ဒအလျောက်ပြန်လာသူ၊ အမြားကျေးရွာ၊ ထားဝယ်မြို့နယ်**

*"ကျွန်မသားက ကျွန်မကို လုပ်ကျွေးနေတာမို့ ကျွန်မအတွက်တော့ ပြဿနာမရှိပါဘူး။ ကျွန်မမှာအိမ် တစ်လုံးရှိပြီး ကျွန်မသားမှာလည်း အလုပ်ရှိတာမို့ ကျွန်မကို စောင့်ရှောက်နိုင်တာကြောင့် ကောင်းကောင်းနေနိုင်ပါတယ်။ ဒါပေမဲ့ မိုခိုစရာ သားသမီးမရှိတဲ့သူတွေအတွက်ကတော့ ခက်ခဲကောင်းခက်ခဲပါလိမ့်မယ်။"*
**ကရင်အမျိုးသမီး၊ UNHCR အစီအစဉ်ဖြင့် ပြန်လာသူ၊ လေးကေကော်ကျေးရွာ၊ မြဝတီမြို့နယ်**

## ၄.၆ အခြားဒုက္ခသည်များအတွက် သင်ခန်းစာများ

နေရပ်ပြန်သူများက ၎င်းတို့ ရရှိခဲ့သည့် သင်ခန်းစာများအပေါ် ပြန်လည်ပြောပြရန်နှင့် နေရပ်ပြန်ရန် စိတ်ကူးနေသည့် ဒုက္ခသည်များ၏ အကျိုးအတွက် သင်ခန်းစာများမျှဝေရာတွင် တက်တက်ကြွကြွရှိကြသည်။ အကြံပြုချက်များတွင် အလုပ် အမျိုးမျိုးတွင် အသုံးချနိုင်သည့် စွမ်းရည်ကို အမြန်ဆုံးမြှင့်တင်ရန်၊ ပြန်လည်အခြေချနေထိုင်ရေးအတွက် အလားအလာရှိသော နေရာများ စဉ်းစားရန်နှင့် မည်ကဲ့သို့ ကိုယ့်အားကိုယ်ကိုး မည်ဆိုသည်နှင့်ပတ်သက်၍ ပြင်ဆင်ရန်တို့ ပါဝင်သည်။ မိမိဆန္ဒအလျောက် နေရပ်ပြန်လာသူအချို့က သူတို့အနေဖြင့် UNHCR ၏ အစီအစဉ်ဖြင့် နေရပ်ပြန်ခဲ့ပါက မှတ်ပုံတင်နှင့် အိမ်ထောင်စုစာရင်းများကို ပိုလွယ်ကူစွာရရှိခဲ့လိမ့်မည်ပြောပြီး အခြားဒုက္ခသည်များ UNHCR ၏ အစီအစဉ်ဖြင့် နေရပ်ပြန်ရန် တိုက်တွန်းသည်။ ကလေး ငယ်များ ငယ်သေးသည့်အချိန်တွင် နေရပ်ပြန်ပါက သူတို့အနေဖြင့် ပညာရေးကို တဆက်တည်း သင်ယူနိုင်လိမ့်မည်ဖြစ်ကြောင်း နှင့် မည်သည့်နေရာတွင် အခြေချနေထိုင်မလဲ ဆုံးဖြတ်ရာတွင် ကျန်းမာရေးစောင့်ရှောက်မှု ရရှိနိုင်သည့် အခြေအနေကိုပါ ထည့်သွင်းစဉ်းစားရန် အရေးကြီးကြောင်း တင်ပြသည်။ သူတို့အများစု သတိပေးသည့် အချက်မှာ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်သည် ဆောင်ရွက်နေဆဲသာဖြစ်ပြီး ၎င်းကို တည်ငြိမ်မှု ရှိနေပြီဟု မယူဆရန်ဖြစ်သည်။ သို့သော် မည်သူကမျှ ဒုက္ခသည်များ မြန်မာနိုင်ငံကို မပြန်လာသင့်ဟု ကန့်ကွက်အကြံပေးခြင်းမျိုး မရှိပါ။

*"ကျွန်မ ဘဝအတွက် ရေရှည်ကြည့်ပြီး မြန်မာနိုင်ငံကို ပြန်လာခဲ့တာ ဖြစ်ပါတယ်။ ဒုက္ခသည်စခန်းမှာ နေထိုင်တာ ခဏသာ ဖြစ်ပြီး လူတွေက ကျွန်မတို့ကို တစ်ချိန်လုံး မကူညီနိုင်ခဲ့ပါဘူး။ ဒီမှာတော့ သေတဲ့အချိန်ထိ နေထိုင်နိုင်ပါတယ်။ ကျွန်မတို့ ကြိုးစားရှန်းကန်မယ်ဆိုရင် ဒီနေရာဟာ ကျွန်မတို့ရဲ့ နေရာဖြစ်ပါတယ်။ တတိယတိုင်းပြည်ကို မသွားတဲ့သူတွေအတွက် နေရပ်ပြန်လာနိုင်ပြီး နေရာတစ်နေရာ ရှာနိုင်ပါတယ်။ နေစရာနေရာတွေ ရှိနေဆဲဖြစ်ပေမယ့် ကျွန်မတို့ ဝင်ငွေရရှိမယ့် နည်းလမ်းတွေ ရှာဖွေရမှာဖြစ်ပါတယ်။ ကိုယ့်ခြေထောက်ပေါ် ရပ်တည်ဖို့ဆုံးဖြတ်ထားတဲ့ လူတစ်ယောက်အတွက် မြန်မာ နိုင်ငံကို ပြန်လာနိုင်ပါတယ်။ ကျွန်မတို့ ကလေးတွေငယ်တုန်း စောစောပြန်လာမယ်ဆိုရင် မြန်မာနိုင်ငံရဲ့ ပညာရေးကို*

*ကလေးတွေ လိုက်မီနိုင်မှာဖြစ်ပါတယ်။ လက်ရှိအချိန်မှာ ပညာရေး အဆင့်အတန်းက သိပ်မမြင့်ပေမယ့် ကလေးတွေက ကိုးတန်း ဒါမှမဟုတ် ဆယ်တန်းဖြစ်ရင် သူတို့အတွက် လိုက်မီဖို့မလွယ်ပါဘူး”*

**ကရင်အမျိုးသမီး၊ UNHCR အစီအစဉ်ဖြင့်ပြန်လာသူ၊ လေးကေကော်ကျေးရွာ၊ မြဝတီမြို့နယ်**

*“သူတို့နေရပ်ပြန်မယ်ဆိုရင် ကလေးတွေရဲ့ပညာရေးအတွက်ပြင်ဆင်ဖို့ အရမ်းကိုအရေးကြီးပါတယ်။ ဒီမှာ ကျောင်းတက်နိုင်ဖို့ ဒုက္ခသည်စခန်းမှာ သူတို့ တက်ရောက်အောင်မြင်ခဲ့တဲ့ အထောက်အထား လက်မှတ်တစ်ခုအဆင်သင့်ရှိဖို့ သူတို့ လိုအပ်ပါတယ်။ ဒီမှာ လုပ်ကိုင်စားသောက်ဖို့ မြေမရှိရင်တော့ အလွန်ကို ခက်ခဲပါလိမ့်မယ်။ လုပ်ကိုင်စားသောက်ဖို့ မြေရှိရင်တော့ အဆင်ပြေပါလိမ့်မယ်”*

**ကော်ယော်အမျိုးသမီး၊ UNHCR အစီအစဉ်ဖြင့်ပြန်လာသူ၊ ထူဒူငံသ ကျေးရွာ ၊ လှိုင်ကော်မြို့နယ်**

*“မြန်မာနိုင်ငံကို မပြန်မီ နှစ်နှစ်ကြာ ပြင်ဆင်ခဲ့ပေမယ့် အခက်အခဲများစွာကို ကြုံတွေ့ခဲ့တယ်ဆိုတာ ဒုက္ခသည်စခန်းတွေက ဒုက္ခသည်တွေကို ပြောပြချင်ပါတယ်။ ကြိုတင်ပြင်ဆင်မှုက တစ်ကယ်ကို အရေးကြီးတယ်ဆိုတာ ဒုက္ခသည်တွေကို နားလည်သဘောပေါက်စေချင်ပါတယ်။ သက်မွေးဝမ်းကြောင်းနဲ့ အိမ်ယာတည်ဆောက်ဖို့ မြေယာရရှိဖို့ ဖြစ်နိုင်မလား? ကျွန်မက ဒုက္ခသည်စခန်းက ကျန်းမာရေးအပိုင်းမှာ အလုပ်လုပ်ခဲ့လို့ ဒီမှာ အဲဒီပညာကို အသုံးချနိုင်လို့ အသုံးဝင်ပါတယ်။ ဒါပေမယ့် ဒီမှာရှိတဲ့ ဆေးရုံ၊ ဆေးခန်းတွေက ဆေးဝါးတွေ မရှိပါဘူး။ ရွာသူ/ရွာသား အချို့က ဆေးကုပေးဖို့လာပြီး အကူအညီတောင်းခဲ့ပေမယ့် ဒုက္ခသည်စခန်းမှာဆေးပညာကို ကောင်းကောင်းမွန်မွန် မသင်ကြားခဲ့ရလို့ သူတို့ကို ကျွန်မကောင်းကောင်း မကုပေးနိုင်ပါဘူး။ သနားစရာကောင်းပါတယ်။ ဒါကြောင့်မို့ နေရပ်ပြန်တဲ့အချိန်ကျရင် ဒုက္ခတွေသိပ်မကြုံတွေ့ရအောင်လို့ ဗဟုသုတနဲ့ အတတ်ပညာတွေများများ သင်ယူလေ့လာဖို့ ဒုက္ခသည်စခန်းတွေက ဒုက္ခသည်တွေကို ကျွန်မ ပြောပြချင်ပါတယ်”*

**ကယန်းအမျိုးသမီး၊ UNHCR အစီအစဉ်ဖြင့်ပြန်လာသူ၊ ကျောက်စုကျေးရွာ မယ်စဲ့မြို့နယ်**

*“ဒုက္ခသည်စခန်းတွေမှာ နေထိုင်တဲ့သူတွေ ပြန်လာမယ်ဆိုရင် အများစုက အိမ်ဆောက်ဖို့ မြေမရှိသလို သူတို့နေထိုင်တဲ့ ရွာတွေက ပျောက်ကွယ်သွားခဲ့ဖွယ်ရှိပါတယ်။ နိုင်ငံရေးအခြေအနေက မတည်ငြိမ်သေးသလို လက်နက်ကိုင်ပဋိပက္ခက ဘယ်အချိန်မှာ နောက်တစ်ကြိမ် ပြန်စတင်မယ်ဆိုတာ ကျွန်မတို့မသိပါဘူး။ ဒီမှာ အခြေအနေတည်ငြိမ်မှ ဒုက္ခသည်တွေကို ပြန်လာစေချင်ပါတယ်။ ဒီလိုမဟုတ်ရင် သူတို့ဒုက္ခပေါင်းစုံကို ကြုံတွေ့ရမှာဖြစ်ပါတယ်။ အိမ်ရာပေးတာမျိုး၊ လုံလောက်တဲ့ အထောက်အပံ့ရရှိတာမျိုးလို စနစ်တကျရှိတဲ့ ပြန်လည်နေရာချထားရေး အစီအစဉ်တစ်ရပ်ရှိမယ်ဆိုရင် ပြန်လာခဲ့ပါ။ အရေးကြီးဆုံး အချက်ကတော့ ပညာရေးနဲ့ ကျန်းမာရေးဖြစ်ပါတယ်”*

**ကရင်အမျိုးသမီး၊ မိမိဆန္ဒအလျောက်ပြန်လာသူ၊ သေးဆူလဲ ကျေးရွာ၊ ဒီးမောဆိုမြို့နယ်**

*“ဒုက္ခသည်စခန်းတွေက လူတွေပြန်လာချင်တယ်ဆိုရင် ပထမဆုံးဘယ်နေရာမှာ အခြေချမယ်ဆိုတာ လေ့လာပြီး ဘယ်နေရာက သင့်တော်တယ်ဆိုတာ စဉ်းစားရမှာဖြစ်ပါတယ်။ အခြေချဖို့ ကိုယ်ရွေးချယ် လိုက်တဲ့နေရာက ဆန်ဒါမှမဟုတ် နှမ်းလိုမျိုး ထုတ်ကုန်တစ်မျိုး ထွက်ရှိရဲ့လား? ကျွန်မက အခက်အခဲများစွာကို ကြုံတွေ့ခဲ့ရလို့ သူတို့ကို ကျွန်မလိုမျိုး ပြန်မလာစေချင်ပါဘူး။ ဒုက္ခသည်တွေ နေရပ်ပြန်ချင်တယ်ဆိုရင် UNHCR က အထောက်အပံ့ပေးနိုင်ဖို့ ဒုက္ခသည်တွေ အနေနဲ့ UNHCR နဲ့ ဆွေးနွေးပါ။ ဒုက္ခသည်တွေကို အကူအညီပိုပေးနိုင်ဖို့ UNHCR က မြန်မာအစိုးရထံ အကူအညီ တောင်းနိုင်ပါတယ်။ ဒုက္ခသည်တွေ ပြန်လာချင်တယ်ဆိုရင် ကောင်းပါတယ်။ ဒါပေမယ့် ကြိုတင်ပြင်ဆင်မှုက အလွန်ကို အရေးကြီးပါတယ်။ ဥပမာ ဒုက္ခသည်တွေအနေနဲ့ အိမ်ထောင်စုဇယားနဲ့ မှတ်ပုံတင်မရှိရင် ဒီလိုစာရွက်စာတမ်းတွေကို ဘယ်လိုလျှောက်ထားနိုင်သလဲဆိုတာ သူတို့ ပထမဆုံး လေ့လာဖို့ လိုအပ်ပါတယ်။ သူတို့လက်ထဲမှာ ဒီစာရွက်စာတမ်းတွေ အဆင်သင့်ရှိမှသာ သူတို့ ပြန်လာသင့်ပါတယ်။ သို့မဟုတ်ဘဲ သူတို့ပြန်လာမယ်ဆိုရင် သူတို့ အသက်ရှင်သန်ဖို့ ရုန်းကန်ရမှာဖြစ်ပြီး တစ်ချိန်တည်းမှာဘဲ အာဏာပိုင်တွေဆီက ထောက်ခံစာတွေ တောင်းပြီး အိမ်ထောင်စုဇယားနဲ့ မှတ်ပုံတင်ကတ်ပြားလျှောက်ရမှာမို့ အချိန်တွေကုန်ပြီး အဆင်ပြေပြေနဲ့ ဘဝကိုပြန်လည်တည်ဆောက်နိုင်မှာ မဟုတ်ပါဘူး”*

**ကယားအမျိုးသမီး၊ မိမိဆန္ဒအလျောက်ပြန်လာသူ၊ ဒေါ်လယ်ခူး ကျေးရွာ ၊ ရှားတောမြို့နယ်**

*"ပြန်လာချင်တယ်ဆိုရင် တရားဝင်လမ်းကြောင်းအတိုင်း ပြန်လာဖို့ ဒုက္ခသည်စခန်းတွေက လူတွေကို ကျွန်တော်ပြောချင်ပါတယ်။ နေရပ်ပြန်တာ ပိုလုံခြုံပြီး တာရှည်ခံအောင်လို့ UNHCR ကို ဆက်သွယ်ကြပါ။ ပြန်လာတဲ့ အချိန်ကြရင် ပထမဆုံး အနေနဲ့ နိုင်ငံသားနဲ့ဆိုင်တဲ့ စာရွက်စာတမ်းတွေရရှိဖို့ ကြိုးစားပါ"*

**ကယားအမျိုးသားခြေလက်ဆုံးရှုံးခဲ့သူ၊ မိမိဆန္ဒအလျောက်ပြန်လာသူ၊ ထီးသဲကလိုး ကျေးရွာ၊ ဒီးမောဆိုမြို့နယ်**

*"ဒုက္ခသည်တွေ ကျွန်တော့်လို ဒီကိုပြန်လာပြီး နေနိုင်မယ်လို့ထင်ပါတယ်။ ဒုက္ခသည်အချို့က ကြောက်ရွံ့နေဆဲဖြစ်ပြီး အချို့က နေရပ်ပြန်လာချင်ပါတယ်။ ဒုက္ခသည်အချို့ကတော့ ဒုက္ခသည်စခန်းစာရင်းတွေက သူတို့ရဲ့ အမည်တွေကို ဖယ်ပစ်ချင်ကြပါတယ်။ ဘယ်လိုပဲဖြစ်ဖြစ် ကိုယ့်ဘာသာဆုံးဖြတ်ချက်ချပါ။ ကျွန်တော့်အတွက်ကတော့ ဒုက္ခသည်တွေ အားလုံးပြန်လာဖို့နဲ့ ဒီမှာ ဘဝသစ်တည်ဆောက်မှု စတင်ဖို့သူတို့အားလုံးကို ကျွန်တော်ဖိတ်ခေါ်ပါတယ်။ ခေါင်းဆောင်တွေက ငြိမ်းချမ်းရေးတည်ဆောက်မှုမှာ နှေးကွေးအောင် လုပ်ဆောင်မယ်လို့ ကျွန်တော်မထင်ပါဘူး။ ခေါင်းဆောင်တွေက ငြိမ်းချမ်းရေးရရှိအောင် လုပ်ဆောင်မှာဖြစ်ပြီး ငြိမ်းချမ်းမှုရှိရင် တည်ငြိမ်မှုရှိမှာဖြစ်ပါတယ်။ ကျွန်တော်တို့ ဥပဒေနဲ့ညီညွတ်တဲ့ တရားဝင်နိုင်ငံသားတွေ ဖြစ်ချင်ပါတယ်"*

**ကရင်အမျိုးသား၊ မိမိဆန္ဒအလျောက်ပြန်လာသူ၊ အမြား ကျေးရွာ၊ ထားဝယ်မြို့နယ်**

*"ဒုက္ခသည်တွေ ပြန်လာချင်တယ်ဆိုရင် သူတို့ပြန်လာနိုင်ပါတယ်။ ပြဿနာမရှိပါဘူး။ ဒါပေမယ့် ပြန်မလာခင် ပထမဆုံး ကြိုတင်ပြင်ဆင်ပါ။ အခြားအဖွဲ့အစည်းတွေက ကျွန်တော်တို့ကို အကူအညီပေးစေချင်ပါတယ်"*

**ကရင်အမျိုးသမီး၊ UNHCR အစီအစဉ်ဖြင့်ပြန်လာသူ၊ တာလော်သောကျေးရွာ ၊ လှိုင်းဘွဲ့မြို့နယ်**

*"နောက်ပိုင်း ပြန်မယ့်သူတွေ ကျွန်တော်တို့လိုမျိုး မပြန်စေချင်ပါဘူး။ ကျွန်တော်တို့ ဘာအထောက်အပံ့မှ မရခဲ့သလို ပြဿနာပေါင်းများစွာ ရှိနေပါတယ်။ ကျွန်တော်တို့ ဒုက္ခသည်စခန်းကို ပြန်ချင်ပေမယ့် ကျွန်တော်တို့ရဲ့ ရိက္ခာ ခွဲတမ်းတွေကို စာရင်းကနေ ဖယ်ပစ်လိုက်ပြီဖြစ်ပါတယ်။ လူတွေက ငြိမ်းချမ်းရေးအကြောင်း ပြောနေပေမယ့် ဒီမှာက တည်ငြိမ်မှုမရှိပါဘူး။ ကျွန်တော်တို့ ဒီမှာရှိနေရမှာ မဟုတ်ပါဘူး။ ကျွန်တော်တို့ ဒီကိုအလုပ်လုပ်ဖို့ လာခဲ့ပါတယ်။ ဒါပေမယ့် ကျွန်တော်တို့ရဲ့ ရိက္ခာခွဲတမ်းတွေကို စာရင်းကနေ ဖယ်ပစ်လိုက်တဲ့အတွက် ဒီမှာဆက်နေတာဖြစ်ပါတယ်။ စစ်ဆေးဖို့အတွက် မပြန်ခဲ့လို့ ကျွန်တော်တို့ရဲ့ ရိက္ခာခွဲတမ်းတွေကို ရုတ်သိမ်းခဲ့တာဖြစ်ပါတယ်။ သူတို့ (ဒုက္ခသည်) တွေကို ကျွန်တော့်လို ပြန်လာတာမျိုး မလုပ်ဖို့ အသိပေးချင်ပါတယ်။ အခုပြန်ဖို့ အချိန်မကျသေးပါဘူး။ ပြန်ဖို့အချိန် ကျလာရင် ပြန်နိုင်ပါတယ်။ ဒါပေမယ့် ကျွန်တော် ပြန်ခဲ့တဲ့နည်းလမ်းအတိုင်း မပြန်ပါနဲ့"*

**ကရင်အမျိုးသား ခြေလက်ဆုံးရှုံးခဲ့သူ၊ မိမိဆန္ဒအလျောက်ပြန်လာသူ၊ တာလော်သောကျေးရွာ၊ လှိုင်းဘွဲ့မြို့နယ်**

# ၄.၇ အာဏာပိုင်များအတွက် အကြံပြုချက်များ

အစိုးရ၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့နှင့် နိုင်ငံတကာမှ အလှူရှင်များအနေဖြင့် နေရပ်ပြန်ရေးနှင့် ပြန်လည်ပေါင်းစည်းရေးကို နည်းလမ်းများစွာဖြင့် ပံ့ပိုးပေးနိုင်ကြောင်း နေရပ်ပြန်များက အကြံပြုခဲ့ပြီး အိမ်ရာတည်ဆောက်ရေးနှင့် စိုက်ပျိုးရေးဆိုင်ရာ အသုံးပြုရန် မြေယာအစားရရှိရေးအတွက် ထိရောက်သော လုပ်ငန်းစဉ်တစ်ရပ်ရှိရေးမှာ နေရပ်ပြန်များအများဆုံးတောင်းဆိုသည့် အချက်ဖြစ်သည်။ ကနဦးအဆင့် ပြန်လည်ပေါင်းစည်းရေးလုပ်ငန်းစဉ် အဆင်ပြေ ချောမွေ့စေရန်ဆိုပါက အနည်းဆုံး တစ်နှစ်တာ အတွက် လိုအပ်သည့် အစားအသောက်စရိတ်များကို ထောက်ပံ့ပေးရန် လိုအပ်ကြောင်းလည်း အကြံပြုခဲ့ကြသည်။ ပဋိပက္ခ ဖြစ်ပွားရသည့် အကြောင်းရင်းများနှင့် နေရပ်စွန့်ခွာရမှုများကို ဖြေရှင်းရန် ငြိမ်းချမ်းရေးလုပ်ငန်းစဉ် ခိုင်မာလာစေရေးနှင့် ပတ်သက်၍ ကျယ်ပြန့်သည့် အမြင်များကိုလည်း နေရပ်ပြန်များက အလေးထား ပြောကြားခဲ့သည့်အပြင် ထိခိုက်လွယ်အုပ်စုများ နောက်ကျ မကျန်စေရေးအတွက် ဒုက္ခသည်စခန်းများကို ဆက်လက်ပံ့ပိုးကူညီမှုထားရှိရေး၏ အရေးပါမှုကိုလည်း ပြောပြ ခဲ့သည်။ ထိုအဓိကအချက်များအပြင် နိုင်ငံသားစိစစ်ရေးကတ်ပြားရရှိရေး၊ ပညာရေး၊ အလုပ်အကိုင်ဖန်တီးရေးနှင့် ရေပေး ဝေရေး အခြေခံ အဆောက်အဦးကဏ္ဍများနှင့် သက်ဆိုင်သည့် လိုအပ်လျက်ရှိသော လုပ်ငန်းများကိုလည်း တင်ပြခဲ့ကြသည်။

*"ရေရှည်မှာ ကိုယ့်ခြေထောက်ပေါ်ကိုယ် ရပ်တည်နိုင်ဖို့ အစိုးရက ပြန်လာတဲ့မိသားစုတိုင်းကို မြေတစ်ကွက်စီ ထောက်ပံ့ပေးဖို့ လိုအပ်တယ်လို့ ကျွန်မထင်တယ်။ အစိုးရက ဒီမှာ(မြန်မာနိုင်ငံ) သက်မွေးဝမ်းကျောင်း အခွင့်အလမ်းတွေ ဖန်တီးပေးနိုင်မယ်ဆိုရင် ကျွန်မတို့ အကောင်းဆုံး ကြိုးစားမှာဖြစ်ပါတယ်"*

**ကော်ယော်အမျိုးသမီး၊ UNHCR အစီအစဉ်ဖြင့်ပြန်လာသူ၊ ထူဒူငံသကျေးရွာ လွိုင်ကော်မြို့နယ်**

*"အခုကျွန်မတို့ရဲ့ အိမ်ရာမြေရာ အမည်ပေါက်မရှိသလို အစိုးရက ကားလမ်းကိုတိုးချဲ့လိုပြီး ကျွန်မတို့ အိမ်ကို နောက်ကို ဆုတ်ဖို့ပြောခဲ့ပါတယ်။ အရင်က ကျွန်မတို့အိမ်ကို တစ်ကြိမ် နောက်ဆုတ်ခဲ့ပြီးဖြစ်ပေမယ့် နောက်ထပ်တစ်ကြိမ် ဆုတ်ပေးဖို့အစိုးရက ပြောမယ်လို့ကြားပါတယ်။ ကျွန်မတို့ရဲ့ ရွှေ့ပြောင်းတောင်ယာခင်းတွေ အတွက် အမည်ပေါက်ကိုလည်း ရချင်ပါတယ်"*

**ကယန်းအမျိုးသမီး၊ UNHCR အစီအစဉ်ဖြင့်ပြန်လာသူ၊ ကျောက်စုကျေးရွာ၊ မယ်စဲ့မြို့နယ်**

*"စဉ်ဆက်မပြတ်တဲ့ပညာရေး ပံ့ပိုးပေးနိုင်မယ်ဆိုရင် အရမ်းကို ကောင်းပါလိမ့်မယ်။ ဒုက္ခသည်စခန်းက ပညာရေးနဲ့ ဒီက ပညာရေးကို ချိတ်ဆက်နိုင်မယ်ဆိုရင် ပိုကောင်းပါလိမ့်မယ်။ ဒုက္ခသည်စခန်းမှာ ဗမာစာကို ကောင်းကောင်းမသင်ပေမယ့် အင်္ဂလိပ်ဘာသာစကားတော့ ကောင်းမွန်စွာသင်ကြားပေးပါတယ်။ ဒါပေမယ့် ဒီမှာတော့ပြောင်းပြန်၊ ဒုက္ခသည်တွေက ဗမာစာကို ကောင်းကောင်းသင်ကြားရပေမယ့် အင်္ဂလိပ်စာကို သိပ်မသင်ရပါဘူး။ ဒါကြောင့် ဘာသာစကားနှစ်မျိုးစလုံးကို ပိုကောင်းအောင်သင်ပေးရင် ကောင်းပါတယ်"*

**ကယန်းအမျိုးသမီး၊ UNHCR အစီအစဉ်ဖြင့်ပြန်လာသူ၊ ကျောက်စု ကျေးရွာ၊ မယ်စဲ့မြို့**

*"ကျွန်တော်တို့အတွက် တစ်ယောက်ယောက်က အလုပ်ရှာပေးမယ်ဆိုရင် ပိုကောင်းပါလိမ့်မယ်။ ရေပေးဝေရေးစနစ် တစ်ရပ်တည်ဆောက်တာနဲ့ အခြားအရာတွေ ရမယ်ဆိုရင် ပိုကောင်းပါလိမ့်မယ်"*

**ကရင်အမျိုးသား၊ မိမိဆန္ဒအလျောက်ပြန်လာသူ၊ လေးကေကော်ကျေးရွာ၊ မြဝတီမြို့နယ်**

*"နိုင်ငံသားစိစစ်ရေးကဒ်ပြားထုတ်ပေးဖို့နဲ့ အိမ်ဆောက်စရာ မြေတစ်ကွက်ပေးဖို့ အာဏာပိုင်တွေဆီ တောင်းဆိုချင်ပါတယ်။ အဲလိုလုပ်ပေးမယ်ဆိုရင် နောက်ပိုင်းမှာ ပြန်လာတဲ့သူတွေအတွက် ဥပမာကောင်း တစ်ခုလည်း ဖြစ်လာပါလိမ့်မယ်။ အခု လက်ရှိမှာတော့ ကျွန်တော့်မှာ ဘာစာရွက်စာတမ်းမှမရှိသလို ဘယ်သူကမှလည်း ကျွန်တော့်ကို အသိအမှတ်မပြုပါဘူး။ အကူအညီ ဘယ်လိုတောင်းရမယ်ဆိုတာ ကျွန်တော်မသိပါဘူး"*

**ကယားအမျိုးသား၊ မိမိဆန္ဒအလျောက်ပြန်လာသူ၊ ဒေါလယ်ခူး ကျေးရွာ၊  ရှားတောမြို့နယ်**

*"ဒုက္ခသည်တွေ အဖွဲ့လိုက်ပြန်လာမယ်ဆိုရင် မြေယာကိစ္စက ကြီးမားတဲ့ပြဿနာတစ်ခုဖြစ်လာလိမ့်မယ်လို့ ကျွန်တော်ထင် ပါတယ်။ တစ်ချိန်တည်းမှာ လူတစ်ဦး ဒါမှမဟုတ် နှစ်ဦး ပြန်လာမယ်ဆိုရင် ကောင်းတယ်လို့ ကျွန်တော်ထင်ပါတယ်။ ဒီကိစ္စနဲ့ပတ်သက်လို့ အစိုးရနဲ့ ကယားအမျိုးသားတိုးတက်ရေးပါတီ (KNPP) က နေရပ်ပြန်တွေကို အကူအညီနဲ့မြေယာ ပေးသင့်ပါတယ်။ တိုင်းပြည်ကို ငြိမ်းချမ်းအောင်လုပ်ပေးဖို့ လုပ်ပိုင်ခွင့်ရှိတဲ့ အဖွဲ့အစည်းတွေ၊ အခြားသက်ဆိုင်တဲ့ ပါဝင်ပတ်သက်သူတွေကို တောင်းဆိုချင်ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ကိုယ့်ရွာ၊ ကိုယ့်မြေ၊ ကိုယ့်တိုင်း ပြည်ကိုပြန်လိုတဲ့ လူတွေအများကြီးရှိပါတယ်"*

**ကယားအမျိုးသား၊မိမိဆန္ဒအလျောက်ပြန်လာသူ ဒေါလယ်ခူး ကျေးရွာ၊ ရှားတောမြို့နယ်**

*"ဒုက္ခသည်တွေ မြန်မာနိုင်ငံကိုပြန်ဖို့ ထိုင်းအာဏာပိုင်တွေက ဖိအားပေးမယ်လို့ ကျွန်မကြားတယ်။ ဒါကြောင့် မြန်မာ အစိုးရက ဒုက္ခသည်တွေနေဖို့ မြေပေးတာ၊ မှတ်ပုံတင်ကတ်ပြားထုတ်ပေးတာ၊ ၃ နှစ်အထိ အထောက်အပံ့ပေးတာ လုပ်ပေးသင့်ပါတယ်။ ဒုက္ခသည်တွေမှာ အိမ်ဆောက်ဖို့နဲ့ လုပ်ကိုင်စားသောက်ဖို့ မြေမရှိရင် သူတို့အတွက် တစ်ကယ်ကို ခက်ခဲပါလိမ့်မယ်။ သူတို့ ခြေထောက်ပေါ် သူတို့ရပ်တည်နိုင်တဲ့အချိန်ကျရင် သူတို့ အဲဒီအိမ်တွေ၊ မြေတွေကို ထားခဲ့ပါ လိမ့်မယ်။ ဒါကြောင့် ဒုက္ခသည်တွေကို ၃ နှစ်ကြာတဲ့အထိ အကူအညီပေးဖို့ အစိုးရထံ မေတ္တာရပ်ခံလိုပါတယ်။ ကျွန်မတို့ အခက်အခဲများစွာ ကြုံတွေ့နေရပေမယ့် အာဏာပိုင်တွေ ဒါမှမဟုတ် အလှူရှင်တွေဆီ ဘယ်လိုချဉ်းကပ်ရမယ်ဆိုတာမသိပါ ဘူး။ ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာမဟာမင်းကြီးရုံး (UNHCR) နဲ့ အစိုးရက ပံ့ပိုးပေးတဲ့ အကူအညီက အသုံးဝင်ပေမယ့် ကာလတိုအတွက်သာ ဖြစ်ပါတယ်။ အစိုးရက ရေရှည်ပံ့ပိုးပေးနိုင်မယ့် အစီအစဉ်ကို စဉ်းစားသင့်ပါတယ်။ ၃ လ အတွင်း*

*ဘဝသစ်တစ်ခု တည်ဆောက်ဖို့ဆိုတာ မလွယ်ပါဘူး။ အစိုးရက အနည်းဆုံး တစ်နှစ်လောက် ပံ့ပိုးကူညီ ပေးမယ်ဆိုရင် ပိုကောင်းပါ လိမ့်မယ်။ စခန်း - ၁ နဲ့ စခန်း - ၂ မှာ နေထိုင်တဲ့ ဒုက္ခသည်တွေကို ကျေးဇူးပြု၍ ပစ်မထားဖို့ အလှူရှင်တွေကို ပြောချင်ပါတယ်။ အပေါ်ယံမှာတော့ လူအများစုက ကိုယ့်ခြေထောက်ပေါ် ကိုယ်ရပ်တည်နိုင်ပုံပေါ်ပေမယ့်အများစုက ကိုယ့်ခြေထောက်ပေါ် ကိုယ်မရပ်တည်နိုင်သေးပါဘူး။အိမ်တွင်း အကြမ်းဖက်မှုနဲ့ စိတ်ဒဏ်ရာများစွာခံစားနေရတဲ့ လူပေါင်းများစွာလည်းရှိပြီး ကျေးဇူးပြု၍ သူတို့ကို စောင့်ရှောက်ပေးပါ"*

**ကရင်အမျိုးသမီး၊ UNHCR အစီအစဉ်ဖြင့်ပြန်လာသူ၊ သေးဆူလဲ ကျေးရွာ ၊ ဒီးမောဆိုမြို့နယ်**

*"ကရင်ပြည်နယ်အစိုးရနဲ့ မြန်မာအစိုးရက ပြည်သူတွေ သူတို့ရဲ့အိမ်တွေက ဖယ်ရှားမခံရအောင် စေ့စပ်ညှိနှိုင်းနေတယ်။ တိုင်းပြည်အတွင်း ငြိမ်းချမ်းရေးနဲ့ တည်ငြိမ်မှုကို ကျွန်တော်တို့အလိုရှိပြီး ကျွန်တော်တို့ကို နိုင်ငံသားအဖြစ်လည်း ဂုဏ်သိက္ခာရှိရှိ အသိအမှတ်ပြုစေချင်ပါတယ်။ အခြားနိုင်ငံတွေမှာနေတဲ့ သူတွေက မှတ်ပုံတင်ကတ်ပြားရှိသလို ကျွန်တော်တို့လည်း သူတို့လို မှတ်ပုံတင်ရှိချင်ပါတယ်"*

**ကရင်အမျိုးသား၊ မိမိဆန္ဒအလျောက်ပြန်လာသူ၊  အမြား ကျေးရွာ ၊ ထားဝယ်မြို့နယ်**

*"ကျွန်တော်က ဒုက္ခသည်တစ်ဦးဖြစ်ခဲ့ပြီး ကျွန်တော့်မှာ UNHCR ကတ်ရှိပါတယ်။ ဒါကြောင့် UNHCR က အခုချိန်မှာ ကျွန်တော်နဲ့ ပတ်သက်ပြီး ဘယ်လိုတာဝန်ရှိပါသလဲ? အကူအညီပေးဖို့ အခြားအဖွဲ့အစည်းတွေကို ကျွန်တော် မေးလေ့ရှိ ပေမယ့် ဒါဟာ UNHCR ရဲ့တာဝန်လို့ အဲဒီအဖွဲ့အစည်းတွေက ပြောခဲ့ပါတယ်။ UNHCR ကို ဆက်သွယ်ဖို့ ကျွန်တော် ကြိုးစားချိန်မှာ သူတို့ ကျွန်တော်ဆက်သွယ်တာကို လက်မခံခဲ့ပါဘူး။ ဘာ့ကြောင့် လက်မခံလဲဆိုတာ ကျွန်တော် မေးချင်ပါတယ်"*

**ကယားအမျိုးသားခြေလက်ဆုံးရှုံးခဲ့သူ၊ မိမိဆန္ဒအလျောက်ပြန်လာသူ၊ ထီးသဲကလိုး ကျေးရွာ ဒီးမောဆိုမြို့နယ်**

*"ကျွန်မတို့ကို ခြောက်လပံ့ပိုးကူညီမယ်လို့ သူတို့အရင်က ပြောခဲ့ပေမယ့် ကျွန်မတို့အခု မရပါဘူး။ ထိုင်းနိုင်ငံ ဘက်မှာရှိတဲ့ ကုလသမဂ္ဂအဖွဲ့အစည်းက ကျွန်မတို့ကို ဘာမှမပံ့ပိုးပေးဘူးလို့ ပြောပြီးသားပါ။ အခြားဘက် (မြန်မာ/UN) ကတော့ ပံ့ပိုးကူညီပေးမယ်လို့ ပြောခဲ့ပါတယ်။ ကျွန်မတို့ ပြဿနာကြုံတွေ့ရင် သူတို့ကိုခေါ်ဖို့ ပြောခဲ့ပေမယ့် ကျွန်မတို့ မခေါ်နိုင်ခဲ့ပါဘူး။ သူတို့ ဖုန်းနံပါတ်လည်း ကျွန်မတို့ဆီမှာ မရှိပါဘူး။ TBC ဒါမှမဟုတ် UNHCR လို အစိုးရမဟုတ်တဲ့အဖွဲ့အစည်း (NGO) တွေကလာပြီး ကျွန်မတို့ကို အကူအညီပေးရင် သိပ်ကောင်းမှာဘဲ။ အခက်အခဲတွေ အများကြီး ရှိနေပါတယ်။"*

**ကရင်အမျိုးသမီး၊ UNHCR အစီအစဉ်ဖြင့်ပြန်လာသူ၊ တာလော်သောကျေးရွာ၊ လှိုင်းဘွဲ့မြို့နယ်**

*"ဒီမှာအဖွဲ့အစည်းတွေ အများကြီးရှိပြီး ငြိမ်းချမ်းရေးကောင်စီရဲ့နယ်မြေဆိုပေမယ့် ကေအန်ယူ၊ နယ်ခြားစောင့်တပ်ဖွဲ့ (BGF) နဲ့ တပ်မတော် သားတွေလည်း ဒီမှာရှိပါတယ်။ တစ်ခါတစ်ရံ ကျွန်တော်တို့ စိတ်ရှုပ်သည်းခံဖို့ လိုအပ်ပါတယ်။ စစ်ပွဲမရှိပေမယ့် ကျွန်တော်တို့ တပ်မတော်ကို ကြောက်နေရပါတယ်။ တစ်ခါတစ်လေ တပ်မတော်က ကျွန်တော်တို့ စိုက်ခင်းတွေကို ဖြတ်သွားပါတယ်။ တစ်ခါတစ်ရံ ကျွန်တော်တို့ လွတ်လွတ်လပ်လပ် ခရီးသွားလို့ မရပါဘူး။ ဒုက္ခသည်စခန်းကို စွန့်ခွာပြီး ပြန်လာဖို့ အစီအစဉ်ရှိတဲ့ ကျွန်တော်တို့ရဲ့ ညီနောင်သားချင်းတွေ အားလုံးအတွက် အိမ်ဆောက်ဖို့၊ လယ်ယာလုပ်ကိုင် စားသောက်ဖို့ မြေယာပံ့ပိုးပေးခြင်းလို အကူအညီပေးပြီး ကိုယ့်ခြေထောက်ပေါ် ကိုယ်ရပ်တည်နိုင်အောင် ကေအန်ယူနဲ့ ငြိမ်းချမ်းရေးကောင်စီ (Peace Council) က ကူညီစေချင်ပါတယ်"*

**ကရင်အမျိုးသားခြေလက်ဆုံးရှုံးခဲ့သူ၊ မိမိဆန္ဒအလျောက်ပြန်လာသူ၊ တာလော်သောကျေးရွာ၊ လှိုင်းဘွဲ့မြို့နယ်**

# အခန်း ၅။

# အရပ်ဘက်လူမှုအဖွဲ့အစည်းများ၏ ရှုထောင့်အမြင်



ကျောက်မီးသွေးတူးဖေါ်ခြင်း၊ ဘန်ချောင်း၊ ထားဝယ်၊ ၂၀၁၄၊ *TRIPNET*



စားအုန်းဆီစိုက်ခင်း တနင်္သာရီတိုင်းဒေသကြီး၊ ၂၀၁၆၊ *TBC*

# ၅.၁ အရပ်ဘက် အပစ်အခတ်ရပ်စဲရေး လေ့လာစောင့်ကြည့်ခြင်း

*ကယားပြည်နယ် ငြိမ်းချမ်းရေး လေ့လာစောင့်ကြည့်ရေးကွန်ရက်*

အခွင့်အလမ်းနည်းပါးခြင်း၊ အစိုးရအပေါ် သံသယစိတ်များခြင်း၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များနှင့်ပတ်သက်၍ နာမည် ပျက်စာရင်းသွင်းခံရမည်ကို စိုးရွံ့ခြင်းတို့ကြောင့် ကယားပြည်နယ်၏ ငြိမ်းချမ်းရေးဖြစ်စဉ်တွင် ပြည်သူတို့၏ ပူးပေါင်းပါဝင်မှုမှာ လက်ရှိအချိန်ထိ အကန့်အသတ်ဖြင့်သာ ရှိခဲ့သည်။ မြန်မာအစိုးရနှင့် ကရင်နီအမျိုးသားတိုးတက်ရေးပါတီတို့သည် နှစ်ဦးနှစ်ဖက် အပစ်အခတ်ရပ်စဲအောင် မဆောင်ရွက်နိုင်သောကြောင့် ကရင်နီအမျိုးသားတိုးတက်ရေးပါတီသည် တစ်နိုင်ငံလုံး အပစ်အခတ် ရပ်စဲရေး သဘောတူစာချုပ်တွင် လက်မှတ်ရေးထိုးခြင်းမရှိပေ။ ဒေသခံများ မြေယာပိုင်ဆိုင်ခွင့် ပိုမိုရရှိရေးနှင့် ပြည်သူလူထု၏ ယုံကြည်မှု တည်ဆောက်ရေးတို့မှာ ရေရှည်ခိုင်မြဲသော ငြိမ်းချမ်းရေးအတွက် အဓိကကျသော စိန်ခေါ်မှု တစ်ရပ်ဖြစ်သည်။

အပစ်အခတ်ရပ်စဲရေး သဘောတူစာချုပ်များ ပျက်ပြားခဲ့ရခြင်းမှာ တစ်စိတ်တစ်ပိုင်းအားဖြင့် ပြည်သူများအနေဖြင့် ၎င်းသဘောတူ စာချုပ်များနှင့်ပတ်သက်၍ မသိရှိခြင်းနှင့် ၎င်းသဘောတူစာချုပ်များအား အကောင်အထည်ဖော်ရာတွင် ပါဝင်ခွင့် မရခြင်းတို့ ကြောင့် ဖြစ်သည်။ လက်ရှိငြိမ်းချမ်းရေးဖြစ်စဉ်တွင်လည်း ဘက်မလိုက်သော တတိယအဖွဲ့အစည်းမှ လေ့လာသူများနှင့် စေ့စပ် ညှိနှိုင်းသူများအား ပါဝင်ခွင့်မပြုခြင်းက အလားတူ အန္တရာယ်များရှိနိုင်ပြီး ငြိမ်းချမ်းရေးဖြစ်စဉ်အပေါ် ထိခိုက်မှုရှိနိုင်သည်။ ပဋိပက္ခဖြစ်နေသော အဖွဲ့အစည်းများကြားတင်းမာမှုများ ပြန်လည်ဖြစ်ပေါ်လာမှုသည် ကယားပြည်နယ်အတွင်း ညှိနှိုင်း ဆွေးနွေးမှု ဖြစ်စဉ်ကို ခက်ခဲသော အခြေအနေတစ်ခုသို့ တွန်းပို့ပေးခဲ့ သည်။

လက်ရှိအခြေအနေတွင် ကယားပြည်နယ်ရှိ အရပ်ဘက်ရပ်ရွာလူထုများသည် ပြည်သူများ သတင်းအချက်အလက်အပေါ် အခြေခံ၍ ဆွေးနွေးနိုင်စေရန်ဆောင်ရွက်ခြင်း၊ ရပ်ရွာအသိုင်းအဝိုင်းများမှ အကြံဉာဏ်များ တောင်းခံခြင်း၊ အစိုးရနှင့် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းများနှင့် ထိတွေ့ဆက်ဆံမှု ပြုလုပ်ခြင်းတို့ကို အောင်အောင်မြင်မြင် ဆောင်ရွက်နိုင်ခြင်း မရှိသေးပါ။ သို့သော် အရပ်ဘက်ရပ်ရွာလူထု အဖွဲ့ဝင်များသည် အဖြစ်အပျက်များကို စောင့်ကြည့်ရန်နှင့် ငြိမ်းချမ်းရေးဖြစ်စဉ် မှေးမှိန်နေမှု အပေါ် စုပေါင်းအမြင်များကို ချိန်ညှိရန် ဆက်လက်ဆောင်ရွက်လျက်ရှိသည်။

မြန်မာအစိုးရ၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများနှင့် အရပ်ဘက်ရပ်ရွာလူထုများအကြား ယုံကြည်မှုကင်းမဲ့ခြင်း သည် အရပ်ဘက် အပစ်အခတ်ရပ်စဲရေး စောင့်ကြည့်မှုအတွက် အခြေခံကျသော စိန်ခေါ်မှုတစ်ရပ်ဖြစ်ခဲ့သည်။ အရပ်ဘက် အပစ်အခတ်ရပ်စဲရေး စောင့်ကြည့်လေ့လာသူများသည် အမှီအခိုကင်းပြီး သူတို့၏ လုံခြုံရေးအတွက် ခြိမ်းခြောက်မှုများမရှိဘဲ လွတ်လပ်စွာ လုပ်ကိုင်နိုင်စွမ်းရှိရမည်။ နှစ်ဖက်အပစ်အခတ်ရပ်စဲရေး သဘောတူစာချုပ်ကို အကောင်အထည်ဖော်မှုနှင့် ပတ်သက်၍ အစိုးရနှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်း နှစ်ဖက်စလုံး၏ လုပ်ဆောင်မှုအား စောင့်ကြည့်မည့် စွမ်းဆောင်ရည်များအပေါ် ကန့်သတ်ထားခြင်းမရှိသင့်ပါ။ သို့သော်လည်း ကယားပြည်နယ်တွင် အရပ်ဘက် အပစ်အခတ် ရပ်စဲရေး စောင့်ကြည့်မှုကို တတိယအဖွဲ့အစည်းမှ ငြိမ်းချမ်းရေးထိန်းသိမ်းခြင်းဆိုင်ရာ သမားရိုးကျပုံစံများနှင့် အစားထိုး ခံခဲ့ရသည်။ ပဋိပက္ခဖြစ်နေသည့် အဖွဲ့အစည်းများက ငြိမ်းချမ်းရေးထိန်းသိမ်းခြင်းဆိုသည်မှာ ၎င်းတို့အကြား အပြန်အလှန် တာဝန်ယူခြင်း ဖြစ်သည်ဟု နားလည်းယူဆထားကြသည်။ ပြည်သူလူထုပါဝင်မှုမှာ မလိုအပ်ဘဲ ကန့်သတ်ထားသင့်သည်ဟု ယူဆ ကြသည်။ အမှီအခိုကင်းသော အပစ်အခတ်ရပ်စဲရေး စောင့်ကြည့်မှုသည် မြန်မာ့သမိုင်းတွင် ပထမဆုံးဖြစ်သဖြင့် ဒေသခံ အရပ်ဘက် ရပ်ရွာလူထုများအနေနှင့် နိုင်ငံတွင်း၌သာမက နိုင်ငံပြင်ပ၌ပါ ကွန်ရက်များ ခိုင်မာအောင်လုပ်ဆောင်ရန် အခက် အခဲရှိသည်။ သို့ရာတွင် ဒေသခံအရပ်ဘက် လူမှုအဖွဲ့အစည်းများသည် အကြမ်းဖက်မှုနှင့် အခွင့်အရေးချိုးဖောက်ခံရခြင်း ဖြစ်စဉ်များမှ အသက်ရှင်ကျန်ရစ်သူများကို ငြိမ်းချမ်းရေးဖြစ်စဉ်တွင် တက်ကြွစွာပါဝင်သူများ ဖြစ်လာစေရန် စိတ်ဓာတ်ခွန်အား မြှင့်တင်ခြင်း အားဖြင့် ဤအကြပ်အတည်းတလျှောက်လုံးတွင် ပြည်သူ့ ဒေါက်တိုင်ဖြစ်ခဲ့သည်။ အရပ်ဘက်ရပ်ရွာလူထုများသည် အရပ်ဘက် အပစ်အခတ်ရပ်စဲရေးစောင့်ကြည့်မှုနှင့် အရပ်သားများ ကာကွယ်ရေးစောင့်ကြည့်မှု တာဝန်တို့တွင် ၎င်းတို့ ကိုယ်တိုင် ပါဝင်ပတ်သက်ရန် လိုအပ်နေသည်ကို ၂၀၁၂ ခုနှစ် အစောပိုင်းမှစ၍ နားလည်သိမြင်လာခဲ့သည်။ ဤတာဝန်များ ပြီးမြောက်ရေး အတွက် အဓိကသော့ချက်မှာ ကယားပြည်နယ်၏ လိုအပ်ချက်နှင့် အခြေအနေပေါ်မူတည်၍ အယူအဆများနှင့် လုပ်ထုံး လုပ်နည်းများကို လိုက်လျော ညီထွေရှိစွာ ပြောင်းလဲကျင့်သုံးရန်ပင် ဖြစ်သည်။

ကယားပြည်နယ်အတွင်း အရပ်ဘက်အပစ်အခတ်ရပ်စဲရေး စောင့်ကြည့်သူများအတွက် အများဆုံး ကြုံတွေ့ရလေ့ရှိသည့် အခက်အခဲများမှာ အောက်ပါအတိုင်းဖြစ်သည်။

- အစိုးရနှင့် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများကြား ယုံကြည်မှုကင်းမဲ့လျက်ရှိသည်။ ကရင်နီအမျိုးသားတိုးတက်ရေးပါတီ၊ နယ်ခြားစောင့်တပ်နှင့် ပြည်သူ့စစ်တပ်ဖွဲ့ကြား ပြန်လည်သင့်မြတ်ရန်လိုအပ်သည်။
- ပြည်သူလူထုစိတ်တွင် နိုင်ငံရေးစိတ်ဒဏ်ရာများ ရှိနေဆဲဖြစ်ပြီး အများစုမှာ အတိတ်က ကြုံတွေ့ခံစားခဲ့ရမှုများကြောင့် ငြိမ်းချမ်းရေးဖြစ်စဉ်ကို အယုံအကြည်မရှိဘဲ အပစ်အခတ်ရပ်စဲရေး နောက်တဖန် ပြန်လည်ကျိုးပျက်မည်ကို စိုးရွံ့နေကြသည်။ ထို့ကြောင့် အရပ်ဘက် ရပ်ရွာလူထုများက လူထုနှင့် အနီးကပ်လက်တွဲ အလုပ်လုပ်လျက်ရှိပြီး ၎င်းတို့၏ စိုးရိမ်ကြောက်ရွံ့မှုကို လျော့ချရန် ကြိုးပမ်းခဲ့သည်။
- အချို့သော အရပ်ဘက်ရပ်ရွာလူထုများက ငြိမ်းချမ်းရေးဖြစ်စဉ်နှင့် တိုက်ရိုက်ဆောင်ရွက်လိုသော ဆန္ဒမရှိသောကြောင့် ငြိမ်းချမ်းရေးဆောင်ရွက်မှုများထက် ဖွံ့ဖြိုးရေးလုပ်ငန်းကို ပိုမိုနှစ်သက်ကြပြီး ယင်းအချက်က ပဋိပက္ခ အသွင်ပြောင်းလဲမှုများနှင့် စဉ်ဆက်မပြတ်သော ငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးရေးဆောင်ရွက်ရာတွင် အရပ်ဘက် ရပ်ရွာလူထုများကို အားနည်းချက်ဖြစ်စေသည်။
- အစိုးရနှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ၏ လက်ရှိအပစ်အခတ်ရပ်စဲရေး စောင့်ကြည့်မှု ယန္တရားသည် ပူးတွဲစောင့်ကြည့်မှုကို ဗဟိုပြုထားသည်။ အမှီအခိုကင်းသော အရပ်ဘက်ရပ်ရွာလူထုများသည် အရပ်ဘက် အပစ်အခတ်ရပ်စဲရေး စောင့်ကြည့်မှုတွင် ပါဝင်ရန် တိုက်ရိုက်လုပ်ပိုင်ခွင့်မရှိပေ။
- အရပ်ဘက် ရပ်ရွာလူထု၏ အစီရင်ခံစာများနှင့် စည်းရုံးလှုံ့ဆော်မှုတို့သည် အချို့သော ပါဝင်ပတ်သက်သူများအပေါ် များစွာလွှမ်းမိုးမှု မရှိသည့်အတွက် အရပ်ဘက် အပစ်အခတ်ရပ်စဲရေးစောင့်ကြည့်မှု တာဝန်များကို ကျယ်ပြန့်စွာ အသိအမှတ်ပြုခြင်းမရှိပေ။
- ဒေသခံ အသိုင်းအဝိုင်းအများစုမှာ ၎င်းတို့၏ အသက်မွေးဝမ်းကျောင်းမှုနှင့် ဆင်းရဲနွမ်းပါးမှု အခက်အခဲများကို နေ့စဉ်ရင်ဆိုင် ဖြေရှင်းရင်း ဖိစီးနေသည်ကို တွေ့ရှိရသည်။

အရပ်ဘက်အပစ်အခတ်ရပ်စဲရေးစောင့်ကြည့်မှုအတွက် အဓိကကျသော အောင်မြင်မှုများနှင့် အခွင့်အလမ်းများမှာ အောက်ပါအတိုင်းဖြစ်သည်။

- အရပ်ဘက်ရပ်ရွာလူထု ၁၅ ခုသည် ကယားပြည်နယ် ငြိမ်းချမ်းရေး လေ့လာစောင့်ကြည့်ရေးကွန်ရက် (Kayah State Peace Monitoring Network - KSPMN) ကို ဖွဲ့စည်းခဲ့ပြီး ယင်းအဖွဲ့၏ ရည်မှန်းချက်များထဲမှ တစ်ခုမှာ ဒေသခံအရပ်ဘက် ရပ်ရွာလူထုများ၊ လူထုခေါင်းဆောင်များနှင့် ပြည်သူတစ်ဦးချင်းစီပါဝင်သော ပြည်နယ်အလိုက် အရပ်ဘက်အပစ်အခတ် ရပ်စဲရေး စောင့်ကြည့်မှု ကွန်ရက်တစ်ခု ဖွဲ့စည်းရန်ဖြစ်သည်။
- KSPMN အဖွဲ့အစည်းအနေဖြင့် စောင့်ကြည့်ခြင်း၊ အစီရင်ခံခြင်း၊ တိုင်ကြားခြင်း၊ ဆက်သွယ်ခြင်း၊ လုံခြုံရေး၊ ကွန်ရက်ချိတ်ဆက်ခြင်း၊ စည်းရုံးခြင်း၊ လွှဲပြောင်းပေးခြင်း စသည်တို့အတွက် လုပ်ငန်းစဉ်နှင့် လုပ်ထုံးလုပ်နည်းများကို ကယားပြည်နယ်၏ ပဋိပက္ခ အခြေအနေနှင့် ဒေသတွင်းပကတိ အရှိတရားများပေါ်အခြေခံ၍ ဖော်ဆောင်ခဲ့သည်။
- KSPMN အနေဖြင့် နှစ်ဦးနှစ်ဖက်အပစ်အခတ်ရပ်စဲရေး သဘောတူညီချက် ချိုးဖောက်မှုများအပေါ် တုံ့ပြန်မှုများ ပိုမိုလုပ်ဆောင်နိုင်ရန် ရပ်ရွာလူထုများကြား ကွန်ရက်ချိတ်ဆက်ခြင်း၊ မျှဝေခြင်းနှင့် သင်ကြားခြင်းတို့အတွက် မူဝါဒတစ်ရပ် ဖော်ဆောင်ခဲ့သည်။
- ကျေးရွာ၊ ကျေးရွာအုပ်စုနှင့် မြို့နယ်အဆင့် စောင့်ကြည့်သူများကြား ဆက်သွယ်မှုနှင့် ပူးပေါင်းဆောင်ရွက်မှု ယန္တရားများက သတင်းအချက်အလက် မျှဝေခြင်း၊ ပူးတွဲစောင့်ကြည့်ခြင်းနှင့် အစီရင်ခံခြင်းတို့အတွက် ရှင်းလင်းသော လမ်းကြောင်းများကို ဖော်ဆောင်ပေးခဲ့သည်။ ယင်းသို့ လုပ်ဆောင်ခြင်းဖြင့် စောင့်ကြည့်သူများနှင့် လူထုအသိုင်းအဝိုင်းများအကြား ယုံကြည်မှု၊ ကောင်းမွန်သော ဆက်ဆံရေးနှင့် ခိုင်မာသော ကွန်ရက်ချိတ်ဆက်မှုတို့ကို တည်ဆောက်ပေးခဲ့သည်။
- စောင့်ကြည့်သူများနှင့် ရပ်ရွာလူထု၏ စွမ်းဆောင်ရည်နှင့် ယုံကြည်မှုကို သင်တန်းမျိုးစုံမှတစ်ဆင့် တိုးမြှင့်ပေးလျက်ရှိသည်။ အခြေခံနည်းပညာပိုင်းဆိုင်ရာ သင်တန်းမှာ ပြဿနာများကို ခွဲခြမ်းစိတ်ဖြာရာတွင်လည်းကောင်း၊ အဖြစ်အပျက်များကို လေ့လာဆန်းစစ်ရာတွင်လည်းကောင်း၊ သက်ဆိုင်သော အဖွဲ့အစည်း/လူပုဂ္ဂိုလ်များနှင့် ဆက်ဆံရာတွင်လည်းကောင်း စောင့်ကြည့်သူများအတွက် များစွာအသုံးဝင်သည်။
- ပြည်နယ်အသီးသီးတွင် လုပ်ကိုင်နေကြသော အရပ်ဘက်အပစ်အခတ်ရပ်စဲရေး စောင့်ကြည့်မှုအဖွဲ့များကြား ကွန်ရက်ချိတ်ဆက်ခြင်း၊ မျှဝေခြင်းနှင့် လေ့လာသင်ယူခြင်းတို့ လုပ်ဆောင်ရန် နိုင်ငံတော်အဆင့် မူဝါဒတစ်ရပ်ဖော်ဆောင်ခဲ့သည်။

# ၅.၂ စစ်နှင့် ငြိမ်းချမ်းရေး

### *ကရင်ငြိမ်းချမ်းရေး အထောက်အကူပြုကွန်ရက် (KPSN)*

၂၀၁၈ ခုနှစ် မတ်လ ၁၄ ရက်တွင် တပ်မတော်သည် ကရင်ပြည်နယ်တွင် ဆယ်နှစ်နီးပါးအတွင်း ၎င်း၏ တစ်ကြိမ်တည်းတွင် အကြီးမားဆုံး တပ်ဖွဲ့တပ်ဖြန့်မှုကို စတင်ခဲ့သည်။ တပ်မတော်မှ တပ်ဖွဲ့ဝင် ၁၅၀၀ ကျော်သည် ကရင်အမျိုးသားအစည်းအရုံး (KNU) ထိန်းချုပ်ထားသော ဖာပွန်မြို့နယ် မြောက်ပိုင်းနယ်မြေထဲသို့ ဝင်ရောက်ခဲ့ကြသည်။ တပ်မတော်၏ လှုပ်ရှားမှုသည် တစ်နိုင်ငံလုံး အပစ်အခတ်ရပ်စဲရေး သဘောတူညီမှုစာချုပ်ကို ချိုးဖောက်သကဲ့သို့ ကရင်အမျိုးသား လွတ်မြောက်ရေး တပ်မတော် (KNLA) လက်အောက်ရှိ တပ်မဟာ - ၅ နှင့်လည်း လက်နက်ကိုင်တိုက်ပွဲများလည်း ဖြစ်ပေါ်စေခဲ့သည်။ ၎င်းဖြစ်စဉ်များကြောင့် ဒေသခံ ၃,၀၀၀ ကျော် အိုးအိမ်စွန့်ခွာထွက်ပြေးခဲ့ရပြီး အိုးမဲ့အိမ်မဲ့ဘဝရောက်ခဲ့ကြရသည်။ ထိုသို့နေရပ်စွန့်ခွာထွက်ပြေးတိမ်းရှောင်သူ အများစုသည် ဆယ်စုနှစ် အတော်ကြာ ပဋိပက္ခဖြစ်ပွားပြီးနောက် ၎င်းတို့၏ ဘဝကို အသစ်တစ်ဖန် ပြန်လည် တည်ဆောက်ရန် မကြာသေးမီက နေရပ်သို့ ပြန်သွားခဲ့ကြသူများဖြစ်သည်။

ဒေသခံ ရွာသားတစ်ဦးလည်းဖြစ် လူထုခေါင်းဆောင်တစ်ဦးလည်းဖြစ်သော စောအိုမူးသည် နေရပ်စွန့်ခွာထွက်ပြေး တိမ်းရှောင်သူများအတွက် လူသားချင်း စာနာထောက်ထားမှု အကူအညီအထောက်အပံ့များ ရရှိရေးအတွက် ပူးပေါင်းဆောင်ရွက်ရေး ဆွေးနွေးပွဲတက်ရောက်ပြီး နေအိမ်သို့ ပြန်လာစဉ် ဗမာ့တပ်မတော်၏ ပစ်သတ်ခံခဲ့ရသည်။

အသစ်ဖြစ်ပေါ်လာသော ပဋိပက္ခသည် အပစ်အခတ်ရပ်စဲရေးဆိုသည့် ငြိမ်းချမ်းရေးကို ဦးတည်နေသော လမ်းကြောင်းတစ်ခုထက် ပဋိပက္ခအတွင်း ခဏတ္တခဏ ရပ်နားထားခြင်းသာ ဖြစ်မည်ဟူသော စိုးရိမ်မှုများကို ပိုမိုခိုင်မာလာစေသည်။ ယင်းအသစ်ဖြစ်ပေါ်လာသော ပဋိပက္ခများသည် ဖာပွန်နှင့် ကရင်ပြည်နယ်အတွင်းရှိ အခြားသောနေရာများနှင့် အခြားတိုင်းရင်းသား ပြည်နယ်များတွင် ပိုမိုကြီးမားသော အပစ်အခတ်ရပ်စဲရေး ချိုးဖောက်မှုများကို ထင်ဟပ်စေသည်။ အပစ်အခတ်ရပ်စဲရေး သဘောတူစာချုပ်ကို စနစ်တကျ ချိုးဖောက်နေခြင်းသည် ပဋိပက္ခဒဏ်ခံရသည့် အသိုင်းအဝိုင်းများအနေဖြင့် လက်ရှိငြိမ်းချမ်းရေး ဖြစ်စဉ်အပေါ် ယုံကြည်မှုနှင့် ထောက်ခံမှုတို့ကို လျော့နည်းစေလျက်ရှိသည်။

ကရင်ငြိမ်းချမ်းရေး အထောက်အကူပြု ကွန်ရက်သည် ၂၀၁၂ နှင့် ၂၀၁၅ ခုနှစ် အပစ်အခတ်ရပ်စဲရေး သဘောတူညီချက်များနှင့် ပတ်သက်၍ တပ်မတော်၏ များပြားလှစွာသော ချိုးဖောက်မှုများကို မှတ်တမ်းတင်ခဲ့သည်။ ယင်းချိုးဖောက်မှုများတွင် ကြိုတင်သဘောတူညီမှု ရယူခြင်းမရှိဘဲ ကရင်အမျိုးသားအစည်းအရုံး ထိန်းချုပ်ထားသော နယ်မြေအတွင်းသို့ ဝင်ရောက်ခြင်းများ ပါဝင်သည်။ အများအားဖြင့် လမ်းဖောက်ခြင်းကဲ့သို့ အခြေခံအဆောက်အဦး စီမံကိန်းများ အကောင်အထည်ဖော် ဆောင်ရွက်ရန် ဝင်ရောက်ခြင်းဖြစ်သည်။ အပစ်အခတ်ရပ်စဲရေးစာချုပ် မချုပ်ဆိုမီက မရောက်ရှိနိုင်ခဲ့သေးသည့် နေရာများတွင် ၎င်း၏ တည်ရှိမှုကို ချဲ့ထွင်တိုးမြှင့်ခြင်းဖြင့် တပ်မတော်သည် ဒေသခံနယ်မြေနှင့် သဘာဝသယံဇာတများကို ထိန်းချုပ်နိုင်ရန် ဆောင်ရွက်လျက်ရှိသည်။ စစ်ဘက်ဆိုင်ရာ အခြေခံအဆောက်အဦးများ အခိုင်အမာတည်ဆောက်မှု တိုးမြှင့်များပြားလာခြင်းက ငြိမ်းချမ်းရေးနှင့် ယုံကြည်မှု တည်ဆောက်ရာတွင် အတားအဆီး တစ်ခုဖြစ်နေပြီး ဒုက္ခသည်များနှင့် နေရပ်စွန့်ခွာတိမ်းရှောင်သူများအား မိမိတို့ နေရပ်သို့ပြန်လည် အခြေချရန်အတွက် စိတ်ပိုင်းဆိုင်ရာလုံခြုံမှုကိုလည်း အနှောက်အယှက်ဖြစ်စေသည်။

ဒေသခံ ကရင်အသိုင်းအဝိုင်းက ၎င်းတို့၏နယ်မြေ၊ သဘာဝပတ်ဝန်းကျင်နှင့် ယဉ်ကျေးမှုတို့ကို ထိန်းသိမ်းရန်နှင့် မြှင့်တင်ရန် ရည်မှန်းချက်ကြီးမားစွာဖြင့် တည်ဆောက်ခဲ့သော သံလွင်ငြိမ်းချမ်းရေးဥယျာဉ် (Salween Peace Park) သည် ဖာပွန်မြို့နယ်တွင် တည်ရှိသည်။ ယင်းငြိမ်းချမ်းရေး ဥယျာဉ်နယ်မြေတွင် ဒေသခံ ၇၀,၀၀၀ ကျော်နေထိုင်ပြီး ယခုအခါ တပ်မတော်၏ လမ်းများတိုးချဲ့မည့် အစီအစဉ်များကြောင့် ခြိမ်းခြောက်မှုကို ခံနေရသည်။ ဒေသခံ ရပ်ရွာလူထုသည် ထိုလမ်းများကို အသုံးပြုရန်ထက် တပ်မတော်တပ်ဖွဲ့များနှင့် တွေ့ကြုံရင်ဆိုင်ရမည်ကို သို့မဟုတ် လက်လွတ်စပယ် ပစ်မှတ်ထားပြုမှုခံရမည်ကို ကြောက်ရွံ့နေကြသည်။ ထို့ကြောင့် အသစ်ဖောက်လုပ်သော လမ်းများသည် ရွာသားများ ဈေးနှင့် လုပ်ငန်းခွင် လယ်ကွင်းများသို့ သွားရောက်ရာတွင် ပိုမိုလွယ်ကူစေခြင်းထက် ၎င်းတို့၏ လှုပ်ရှားမှုကို ကန့်သတ်လိုက်သည့် အတားအဆီး တစ်ခုသာ ဖြစ်လာသည်။

၂၀၁၂ ခုနှစ်တွင် ကရင်အမျိုးသားအစည်းအရုံးက တပ်မတော်နှင့် နှစ်ဦးနှစ်ဖက် အပစ်အခတ်ရပ်စဲရေး သဘောတူစာချုပ်ချုပ်ဆိုပြီးနောက်တွင် နိုင်ငံတကာမှ အလှူရှင်များက နေရပ်စွန့်ခွာတိမ်းရှောင်သူများနှင့် ပဋိပက္ခဒဏ်ခံရသည့် ပြည်သူများသို့ လူသားချင်း စာနာထောက်ထားမှု အကူအညီများ ထောက်ပံ့မှုကို လျှော့ချခဲ့သည်။ ထောက်ပံ့မှုများအား နယ်စပ်အခြေစိုက် အရပ်ဘက်အဖွဲ့

အစည်းများမှတဆင့် ပေးအပ်ခြင်းထက် မြန်မာအစိုးရထံ မှတ်ပုံတင်ထားသော အဖွဲ့အစည်းများမှတဆင့် ပေးအပ်သည့် အနေအထားသို့ ပြောင်းသွားခဲ့ပြီး ၎င်းသည် အနုတ်လက္ခဏာဆောင်သော သက်ရောက်မှုအချို့ ရှိခဲ့သည်။ အစိုးရထံ မှတ်ပုံတင်ထားသည့် အဖွဲ့အစည်းများ (၎င်းတို့ အနက်အချို့မှာ ပဋိပက္ခဒဏ်ခံရသည့် နေရာမှမဟုတ်သည့် အဖွဲ့အစည်းများ) အား အဓိက အသုံးပြုခြင်းဖြင့် ထောက်ပံ့သည့် အကူအညီများအား လက်ခံရရှိမည့် ဦးတည်အုပ်စုနှင့် ရရှိမည့် အကူအညီများအပေါ် တပ်မတော်နှင့် အစိုးရတို့က ပိုမိုထိန်းချုပ်နိုင်စေသည်။

ဒေသခံအရပ်ဘက် လူထုအဖွဲ့အစည်းများသည် လူသားချင်းစာနာထောက်ထားမှု အကူအညီများ ထောက်ပံ့ပေးသည်။ ထို့အပြင် သူတို့ကြားသိခဲ့ရသော ပဋိပက္ခဒဏ်ခံစားနေရသော ဒေသရှိ ရပ်ရွာလူထုခံစားခဲ့ရသည့် လူ့အခွင့်အရေးချိုးဖောက်မှုများနှင့် လူထု၏ အသံများကိုလည်း မှတ်တမ်းတင်ထားပြီး နိုင်ငံတော်အဆင့်နှင့် နိုင်ငံတကာအဆင့်တွင် ကြားသိစေရန် လုပ်ဆောင်ပေးသည်။ အစိုးရထံ မှတ်ပုံတင်ထားသော အဖွဲ့အစည်းအများစုက ယင်းကဲ့သို့ လူ့အခွင့်အရေး ချိုးဖောက်မှုမျိုးကို မှတ်တမ်းတင်လိုခြင်းမရှိပေ သို့မဟုတ် မှတ်တမ်းတင်နိုင်ခြင်းမရှိပေ။ ထိခိုက်လွယ်မှုများအား လူ့အခွင့်အရေးအပေါ် အခြေခံ၍ မှတ်တမ်းတင်မှုများ လျော့နည်းလာခြင်း၏ အကျိုးဆက်အဖြစ် အကာအကွယ်ပေးရေးကို ဦးတည်သော ခွဲခြမ်းစိတ်ဖြာလေ့လာမှုများ လျော့နည်းလာစေပြီး ၎င်းသည် လူသားချင်းစာနာထောက်ထားမှု အကူအညီများ ထပ်မံလျော့ကျမှုကို မရည်ရွယ်ပဲ ဆက်လက်ဖြစ်ပေါ်စေသည်။

နိုင်ငံတော်အဆင့်တွင် ပါဝင်သူများနှင့် လေ့လာသူများက ငြိမ်းချမ်းရေးဖြစ်စဉ်သည် အချိန်ဆွဲထားခြင်း ခံနေရသည်ဟု ယခုအခါ လက်ခံလာကြသည်။ ဒေသခံလူထုအနေဖြင့် အချို့သော ထောက်ပံ့မှုများကို လက်ခံရရှိနေသော်လည်း အများစုမှာ မလုံခြုံမှုကို ခံစားနေရဆဲဖြစ်ပြီး ပဋိပက္ခဒဏ်နှင့် အိုးအိမ်စွန့်ခွာ ထွက်ပြေးမှုများကို ထပ်မံကြုံတွေ့ရဖွယ် ရှိနေဆဲဖြစ်သည်။ ကရင်ပြည်နယ်၏ လက်ရှိ အပစ်အခတ်ရပ်စဲရေး အနေအထားနှင့် ကချင်ပြည်နယ်တွင် ၁၉၉၄ ခုနှစ် အပစ်အခတ်ရပ်စဲရေးကို ဟန်ပြကာ စစ်ပွဲများ ပြန်လည်မစတင်မီ တပ်မတော်၏ အခြေအနေကို ပြန်လည်တောင့်တင်း ခိုင်မာအောင် အခွင့်အရေးအဖြစ် အသုံးပြုခဲ့ပုံများ၏ တူညီမှုများကို ပြည်သူလူထုအနေနှင့် သိမြင်သဘောပေါက်လာသည်။

တပ်မတော်သည် ငြိမ်းချမ်းရေးဖြစ်စဉ်အပေါ် ဩဇာလွှမ်းမိုးထားပြီး မည်သည့် အကြောင်းအရာကို ဆွေးနွေးမည်နှင့် မည်သည့် အကြောင်းရာကို ဆွေးနွေးမည်မဟုတ်ကြောင်း ဆုံးဖြတ်နိုင်သလို အရေးကြီးသော ဆွေးနွေးပွဲများတွင် အဆင့်မြင့် ကိုယ်စားလှယ်များ တက်ရောက်ရန် ပျက်ကွက်ခြင်းဖြင့် ငြိမ်းချမ်းရေးဖြစ်စဉ်ကို နှောင့်နှေးအောင် ဆောင်ရွက်လျက်ရှိသည်။ တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းများအား တစ်နိုင်ငံလုံး အပစ်အခတ်ရပ်စဲရေးစာချုပ်ကို လိုက်နာစောင့်ထိန်းရန် စစ်တိုင်းမှူးများက ဆော်ဩနေပြီး သူတို့ကိုယ်တိုင် ယင်းအချက်ကို အကြိမ်ကြိမ် ချိုးဖောက်နေကြသည်။ ကြားကာလ အငြင်းပွားမှုများကို ဖြေရှင်းရန်အတွက် ရည်ရွယ်တည်ဆောက်ထားသည့် တစ်နိုင်ငံလုံး အပစ်အခတ်ရပ်စဲရေး ယန္တရားအား လျစ်လျူရှုထားသည့် အတွက် ရေရှည် တည်တံ့သည့် ငြိမ်းချမ်းရေးသို့ သွားရာလမ်းတွင် အတားအဆီးဖြစ်နေသည်။

တပ်မတော်သည် တစ်နိုင်ငံလုံးအပစ်အခတ်ရပ်စဲရေး သဘောတူစာချုပ်ပါ အနှစ်သာရကိုသာမက ဆိုလိုရင်းကိုပါ ချိုးဖောက်ဆန့်ကျင်နေခြင်းသည် လက်ရှိ နိုင်ငံတော်အဆင့် ငြိမ်းချမ်းရေးဖြစ်စဉ်ကို အနှောက်အယှက်ဖြစ်စေပြီး ဒေသတွင်းအဆင့်တွင်လည်း အပြန်အလှန် ယုံကြည်မှုကို လျော့နည်းလာစေသည်။ ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေကို ဆွဲကိုင်ရန် တောင်းဆိုမှုများသည် တရားမျှတပြီး ရေရှည်တည်တံ့ခိုင်မြဲသော ငြိမ်းချမ်းရေးရရှိရန်အတွက် နိုင်ငံရေးဆိုင်ရာ ညှိနှိုင်းမှု နယ်ပယ်များကို ကျဉ်းမြောင်းလာစေသည်။ ၂၀၁၈ ခုနှစ် ဖာပွန်အရေးအခင်းသည် ထိုဒေသအတွင်း အကြောင်းတစ်စုံတစ်ရာကြောင့် ဖြစ်သွားခဲ့သည့် သီးသန့်ဖြစ်ရပ် မဟုတ်ပါ။ ၎င်းသည် လက်ရှိ ငြိမ်းချမ်းရေးဖြစ်စဉ်အတွင်း များပြားလာသော ပြဿနာများ၏ ထင်ဟပ်မှု တစ်ခုသာဖြစ်သည်။ ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေကို ကျော်လွှန်လုပ်ဆောင်နိုင်မည့် နိုင်ငံရေး စကားဝိုင်းလုပ်ငန်းစဉ် အသစ်တစ်ခုကို တည်ဆောက်ရမည်ဖြစ်သည်။ ထိုသို့ လုပ်ဆောင်ရန် တပ်မတော်က နိုင်ငံရေးအရ ဆက်လက်လွှမ်းမိုးနေမှုကို ဖြေရှင်းရန် လိုအပ်မည်ဖြစ်သည်။

ဒေသခံ လူထုအနေနှင့် စစ်မှန်သော ရေရှည် တည်တံ့မည့် ငြိမ်းချမ်းရေးကို လိုလားသော်လည်း ၎င်းတို့၏ အသံနှင့် ပူပန်မှုများကို မူဝါဒနှင့် လက်ရှိငြိမ်းချမ်းရေးဖြစ်စဉ် ချဉ်းကပ်မှုများတွင် ကြားသိစေရန် လုပ်ဆောင်နိုင်ခြင်း၊ ပေါင်းစပ်ဖြည့်ဆည်းနိုင်ခြင်း မရှိပေ။ ဒေသခံလူထု၏ အသံများကို အမှန်တကယ်နားမထောင်မချင်း လက်ရှိငြိမ်းချမ်းရေးဖြစ်စဉ်၏ ရှိရင်းစွဲချို့ယွင်းချက်များကို ရင်ဆိုင်ကျော်လွှားနိုင်မည်မဟုတ်ဘဲ ငြိမ်းချမ်းရေးလည်း ရရှိနိုင်မည်မဟုတ်ပေ။

## ၅.၃ ကရင်ရပ်ရွာလူထုများတွင် မြေပိုင်ခွင့် ရရှိရေး

*ကရင်သဘာဝပတ်ဝန်းကျင်နှင့် လူမှုရေးဆိုင်ရာ လှုပ်ရှားမှုကွန်ရက် (KESAN)*

မြေကို ထိန်းချုပ်၊ စီမံခန့်ခွဲ၊ ပိုင်ဆိုင်မှုသည် မြန်မာနိုင်ငံတွင် အရှုပ်ထွေးဆုံး ကိစ္စများအနက်တစ်ခုဖြစ်ပြီး ဖြစ်ပွားနေသော ပဋိပက္ခ အခြေအနေနှင့် ခွဲမရအောင် ဆက်စပ်နေသည်။ ဗဟိုအစိုးရ အဆက်ဆက်သည် နိုင်ငံ၏ မြေနှင့် သယံဇာတများအပေါ် နိုင်ငံတော်၏ ထိန်းချုပ်မှုတိုးချဲ့ရန် ကြိုးစားခဲ့ကြပြီး ထိုသို့ လုပ်ဆောင်ခြင်းမှာ နိုင်ငံတဝန်း အုပ်ချုပ်ရေး ဗဟိုချုပ်ကိုင်မှုစနစ်တစ်ခုကို ပိုမိုခိုင်မာအောင် လုပ်ဆောင်သော သေနင်္ဗျူဟာဖြစ်သည်။

၂၀၀၈ ခုနှစ် နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ၊ ၂၀၁၂ ခုနှစ် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲမှုဥပဒေ (Vacant Fallow and Virgin Land Law. ၂၀၁၈ တွင်ပြင်ဆင်)၊ ၂၀၁၂ ခုနှစ် လယ်ယာမြေဥပဒေ၊ အထူးစီးပွားရေးဇုန် ဥပဒေ၊ ၁၈၉၄ ခုနှစ် မြေသိမ်းအက်ဥပဒေ (ပြန်လည်သုံးသပ်ဆဲ) တို့ အပါအဝင် တည်ဆဲဥပဒေ မူဘောင်များသည် ထိုသို့ မြေအပေါ် ဗဟိုအစိုးရ၏ ချုပ်ကိုင်မှုကို ခိုင်မာအောင် လုပ်ဆောင်ပေးသည်။ အထူးသဖြင့် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲမှု ဥပဒေသည် မြေအနည်းငယ်သာ ပိုင်သော လယ်သမားများအား မြေနှင့် အသက်မွေးဝမ်းကျောင်းမှုများကို စွန့်လွှတ်စေပြီး တစ်ချိန်တည်းတွင် မြေကို ရင်းနှီးမြှုပ်နှံမှု အခွင့်အလမ်းအဖြစ် အားပေးမြင့်တင်သည်။

ကံမကောင်း အကြောင်းမလှစွာပင် မြေအနည်းငယ်သာ ပိုင်သော လယ်သမားများ ရင်ဆိုင်ရသော မြေပိုင်ဆိုင်မှု မလုံခြုံခြင်းကို မြန်မာအစိုးရ (GoM) နှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ (EAOs) အကြား အပစ်အခတ်ရပ်စဲရေး သဘောတူညီချက်များက အခြေအနေ ပိုမိုဆိုးရွားစေသည်။ ထိုသဘောတူညီချက်များသည် လက်နက်ကိုင် ပဋိပက္ခ၏ အရင်းခံအကြောင်းရင်းများကို ဖြေရှင်းရန် လုပ်ဆောင်နိုင်ခြင်း မရှိသလောက်ပင်ဖြစ်သည်။ ထို့အပြင် ၎င်းတို့သည် ယခင်က သွားရောက်ရန် မလွယ်သော ပဋိပက္ခဒေသများသို့ သဘာဝသယံဇာတကို ပစ်မှတ်ထားသည့် စီးပွားရေး လုပ်ငန်းကြီးများအတွက်လည်း တံခါးဖွင့်ပေးခဲ့သည်။

ကရင်ပြည်နယ်တွင် ၂၀၁၂ ခုနှစ် အပစ်အခတ်ရပ်စဲရေးမှ စတင်ပြီး နိုင်ငံတကာ ဘဏ္ဍာရေးအဖွဲ့အစည်းများ၊ ရင်းနှီးမြှုပ်နှံသူများ၊ ပြည်တွင်းလုပ်ငန်းစုကြီးများနှင့် အငြိမ်းစား တပ်မတော်အရာရှိများသည် အပစ်အခတ်ရပ်စဲရေးကြောင့် ရရှိလာသော ဗဟိုအစိုးရ၏ မြေနှင့် ပတ်သက်သော ဥပဒေမူဘောင်များ အောက်တွင် ခွင့်ပြုသော အခွင့်အလမ်းများကို ပိုမိုအသုံးချလာကြသည်။ ထို့ကြောင့် မြန်မာနိုင်ငံ၏ အခြေခံအဆောက်အအုံနှင့် သယံဇာတတူးဖော်ရေးတွင် ကြီးမားသော ရင်းနှီးမြှုပ်နှံမှုများ ဖြစ်လာပြီး ၎င်းတို့သည် ပဋိပက္ခဒဏ်ခံ ရပ်ရွာအသိုင်းအဝန်းများကို စတေးပြီး လျှင်မြန်စွာ တိုးတက်လာသည်။ စက်မှုလုပ်ငန်းများ၊ အထူးစီးပွားရေးဇုန်များ၊ အကြီးစား စွမ်းအင်စီမံကိန်းကြီးများ၊ စိုက်ပျိုးစီးပွားလုပ်ငန်းများနှင့် အဓိက အခြေခံအဆောက်အအုံ အစီအစဉ်များသို့ ပြည်တွင်းပြည်ပ အရင်းအနှီးများ ကြီးမားစွာ စီးဝင်မှုသည် ပဋိပက္ခ၊ နေရပ်စွန့်ခွာ ထွက်ပြေးရခြင်းနှင့် မြေယာ သိမ်းယူခြင်း သံသရာကို အဖန်ဖန်ပြန်လည်ဖြစ်စေသည်။

ဗဟိုအစိုးရ၏ မြေယာနှင့်ပတ်သက်သော ဥပဒေမူဘောင်များ အထူးသဖြင့် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲမှု ဥပဒေကို အသုံးပြုပြီး တပ်မတော်သည် ကရင်ပြည်နယ်ရှိ မြန်မာအစိုးရထိန်းချုပ်မှုအောက်နှင့် နှစ်ဘက်အားပြိုင်နေသော နေရာများရှိ ကြီးမားကျယ်ပြန့်သော မြေများအပေါ် ၎င်းတို့၏ ထိန်းချုပ်မှုကို ခိုင်မာအောင်ပြုလုပ်ခဲ့သည်။ ထိုလက်ရှိ မြေယာ ပြုပြင်ပြောင်းလဲရေး လုပ်ငန်းကြောင့် လယ်သမားများ မြေယာသိမ်းခံရမည့် အန္တရာယ် ပိုမိုရင်ဆိုင်ကြရချိန်တွင် မြန်မာအစိုးရသည် ငြိမ်းချမ်းရေး ညှိနှိုင်းမှုလုပ်ငန်းကြောင့် ရင်းနှီးမြှုပ်နှံမှု ပိုမိုဆွဲဆောင်လာနိုင်သည်။ ထိုအကြောင်းအရာ ၂ ခုကို ပေါင်းစပ်လိုက်သောအခါ မြေသိမ်းယူခြင်းကို လွယ်ကူအောင်ပြုလုပ်ပေးသော မြေဥပဒေများနှင့် နှစ်ဖက်အားပြိုင်နေသော နေရာများသို့ ကုမ္ပဏီများ ဝင်ရောက်ခွင့်ရခြင်းတို့အကြား မြေအနည်းငယ်သာ ပိုင်ဆိုင်သော လယ်သမားများ ပိတ်မိပြီး လက်ရှိမြေယာ မလုံခြုံမှုကို ပိုမိုဆိုးရွားစေသည်။

ဒို့မြေ (Land in our Hands) အမည်ရှိ နိုင်ငံတော်အဆင့် လူမှုအခြေပြုအဖွဲ့အစည်းကွန်ယက်၏ ၂၀၁၅ ခုနှစ် စစ်တမ်းတစ်ရပ် အရ တပ်မတော်သည် မြေယာသိမ်းယူမှုတွင် အဓိက အဖွဲ့အစည်းဖြစ်နေပြီး စစ်တမ်းကောက်ယူသော မြေယာသိမ်းယူမှု အားလုံး၏ ၄၇.၇ ရာခိုင်နှုန်းကို သိမ်းယူပြီး အစိုးရဌာနများက ၁၈.၈ ရာခိုင်နှုန်း ပါဝင်ပတ်သက်ကာ ကုမ္ပဏီများက ၁၃.၉

ရာခိုင်နှုန်းပါဝင်သည်။[25] လွန်ခဲ့သော ၅ နှစ်အတွင်း တပ်မတော်သည် သိမ်းဆည်းမြေအချို့ကို ပြန်လည်စွန့်လွှတ်ခဲ့ သော်လည်း ထိုမြေများကို မူလပိုင်ရှင်အား ပြန်မပေးဘဲ အများအားဖြင့် စစ်ဖက် - ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်မှု ရင်းနှီးမြှုပ်နှံသူများ၊ စီးပွားရေးအကျိုးစီးပွားများသို့ အငှားချသည်။

တပ်မတော်၊ မြန်မာအစိုးရနှင့် ပုဂ္ဂလိကကုမ္ပဏီများက မြေနှင့် သယံဇာတများကို သိမ်းယူခြင်းနှင့် ကုန်စည်သဖွယ် ပြုမူခြင်းသည် ပြည်တွင်းနေရပ်စွန့်ခွာရသူ (IDPs) များနှင့် ဒုက္ခသည်များ နေရပ်ပြန်ရေးအခွင့်အလမ်းကို လျော့နည်းစေသည်။ လွန်ခဲ့သော ဆယ်စုနှစ် ၃ စု အတွင်း သိန်းချီသော ကရင်တိုင်းရင်းသားများသည် တပ်မတော်စစ်ဆင်ရေးများကို ရှောင်ရှားရန် ၎င်းတို့၏ မြေများကို စွန့်ခွာထွက်ပြေးခဲ့ကြသည်။ ရှည်ကြာသော လုံခြုံမှုကင်းမဲ့ခြင်းနှင့် လက်ရှိစစ်ရေးပြင်ဆင်ခြင်းကြောင့် နေရပ်စွန့်ခွာလာရသူများသည် အပစ်အခတ်ရပ်စဲရေး အကြိမ်ကြိမ်လုပ်ပြီးသည့်တိုင် နေရပ်မပြန်နိုင်သေးပါ။ နေရပ်ပြန်နိုင်သော IDPs အနည်းငယ်မှာလည်း ထိုအချိန်မှစတင်ပြီး ၎င်းတို့၏ ထုံးတမ်းစဉ်လာ မြေယာစီမံခန့်ခွဲမှုနှင့် ရပ်ရွာပိုင် သစ်တောစနစ်များအပါအဝင် နဂိုမူလမြေနှင့် အသက်မွေးဝမ်းကျောင်းများ ပြန်လည်ရရှိရေးအတွက် ကြိုးစားနေရသည်။

ဒေသခံအသိုင်းအဝန်းများနှင့် လူမှုအခြေပြုအဖွဲ့အစည်းများနှင့် ဆွေးနွေးတိုင်ပင်ပြီး ချမှတ်ထားသော ကရင်အမျိုးသားအစည်းအရုံး (KNU) ၏ မြေနှင့် သစ်တောမူဝါဒများသည် စုပေါင်းပိုင်ဆိုင်မှု၊ မြေအသုံးပြုမှုနှင့် စီမံခန့်ခွဲမှုကို စီမံသော ရပ်ရွာအခြေပြု မဏ္ဍိုင် အဖွဲ့အစည်းများကို အသိအမှတ်ပြုသည်။ ထိုသို့ အသိအမှတ်ပြုခြင်းကြောင့် ရပ်ရွာအသိုင်းအဝန်းအနေဖြင့် ၎င်းတို့၏ ထုံးတန်းစဉ်လာ အလေ့အထအရ မြေကိုပိုင်ဆိုင်၊ အသုံးပြုခွင့်ရသည်။ KNU နှင့် ပူးပေါင်းဆောင်ရွက်ထားသည့် KESAN ၏ မြေ၊ သယံဇာတ အခွင့်အရေးနှင့် ဇီဝမျိုးစုံကွဲပြားမှုဆိုင်ရာ လုပ်ငန်းသည် ရပ်ရွာအသိုင်းအဝန်းများကို မြေနှင့်ပတ်သက်သော ၎င်းတို့၏ အခွင့်အရေးများကို ရရှိစေသည်။ ဒေသခံများသည် ရပ်ရွာအစုအဖွဲ့ပိုင် သစ်တောများနှင့် သားရိုင်းတိရစ္ဆာန်ဘေးမဲ့တောများကို တရားဝင် နယ်နမိတ်သတ်မှတ်သော အစီအစဉ်များကို ဦးဆောင်ပြီး ထုံးတမ်းစဉ်လာ မြေစီမံခန့်ခွဲမှု ဗဟိုပြုအဖွဲ့အစည်းများကို ပိုမိုအားကောင်းခိုင်မာစေသည်။

အနာဂါတ် နိုင်ငံရေးဆွေးနွေးပွဲများသည် စစ်မှန်ရေရှည်တည်တံ့သော ငြိမ်းချမ်းရေးရရှိရေးအတွက် အုတ်မြစ်ချပေးရန် ဖြစ်ပါက ဒေသခံရပ်ရွာ အသိုင်းအဝန်းများအတွင်းရှိ လက်ရှိထုံးတမ်းစဉ်လာ မြေစီမံခန့်ခွဲမှုစနစ်များကို အသိအမှတ်ပြုခြင်းသည် ဆက်လက်အရေးပါ နေမည်ဖြစ်သည်။

# ၅.၄ ကရင်ရပ်ရွာလူထုများတွင် မြေယာအခွင့်အရေး ကာကွယ်ခြင်း

### *ကရင်လူ့အခွင့်အရေးအဖွဲ့*[26]

၂၀၁၂ ခုနှစ် အပစ်အခတ်ရပ်စဲရေး သဘောတူညီမှုနောက်ပိုင်း ကရင်ရပ်ရွာ အသိုင်းအဝန်းများသည် ၎င်းတို့၏ မြေတွင် အခြေခံ အဆောက်အအုံ၊ သယံဇာတထုတ်လုပ်ခြင်းနှင့် စီးပွားဖြစ် စိုက်ပျိုးရေးလုပ်ငန်းများ တိုးပွားလာသည်ကို တွေ့ကြုံရသည်။ လက်နက်ကိုင် အဖွဲ့အစည်းများသည်လည်း စခန်းများ၊ စစ်သားမိသားစုများအတွက် တန်းလျားများ၊ စစ်သင်တန်းကျောင်းများ တည်ဆောက်ခြင်းနှင့် မြေယာသိမ်းယူမှုများဖြင့် ၎င်းတို့၏ တည်ရှိမှုကို ပိုမိုခိုင်မာအောင် ဆောင်ရွက်လာကြသည်။ မြေမှတ်ပုံတင်စနစ်၊ တရားရုံးစနစ်နှင့် အုပ်ချုပ်ရေးစနစ် ၂ ခုစီ အပြိုင်တည်ရှိနေသော ရောနှောထိန်းချုပ် နယ်မြေများ ကျယ်ပြန့်လာခြင်းသည် လုပ်ပိုင်ခွင့်အာဏာများ ရောထွေးနေသော ရှုပ်ထွေးသည့်စနစ်များကို ဖန်တီးခဲ့ပြီး မြေယာအခွင့်အရေးများ ဆုံးရှုံးစေသည်။

မြန်မာဥပဒေများသည် မြေနှင့် လူ့အခွင့်အရေးကို လုံလောက်စွာ ကာကွယ်ပေးရန် ပျက်ကွက်သည်။ တရားရုံးများသည်လည်း ထုံးစံအားဖြင့် အကန့်အသတ်ဖြင့်သာ ဖြေရှင်းပေးရန် တတ်နိုင်ကြပြီး ၎င်းတို့သည် ခွဲခြားဆက်ဆံခြင်း၊ ကျိုးကြောင်း ဆီလျော်မှု မရှိသော နှောင့်နှေးကြန့်ကြာမှု၊ အင်အားကြီးသူများ၏ အကျိုးစီးပွားကို ကာကွယ်ပေးမှုနှင့် ဥပဒေစိုးမိုးရေး လုပ်ဆောင်ရန်

[25] တို့မြေ။ ၂၀၁၅, ပြည်သူ့ဘဝများကိုဖျက်ဆီးခြင်း-မြန်မာနိုင်ငံမှရပ်ရွာအသိုင်းအဝန်းများအပေါ်မြေယာသိမ်းယူခြင်း၏ ရိုက်ခတ်မှု။ စာ-၂၉ https://www.tni.org/files/article-downloads/lioh_research_report_eng_0.pdf

[26] KHRG ၂၀၁၈ လူထုပါဝင်ခွင့်မရှိသည့်ဖွံ့ဖြိုးရေးစီမံကိန်းများ၊၂၀၁၅ .မြန်မာပြည်အရှေ့တောင်ပိုင်းရှိ မြေယာသိမ်းယူမှုများနှင့် ကျေးလက် စွမ်းရည် လုပ်ဆောင်ချက်များ http://khrg.org/2018/08/khrg-2018-01/%E2%80%98development-without-us %E2% 80%99-village-agency-and-land-confi scationssoutheast

ပျက်ကွက်မှုတို့ ရှိနေသည်ဟု ပြည်သူများက ယူဆကြသည်။ မြန်မာအစိုးရနှင့် KNU တို့တွင် မြေယာအငြင်းပွားမှု ဖြေရှင်းရေး ယန္တရားများရှိသော်လည်း ၎င်းတို့သည် မြေယာအငြင်းပွားမှုများကို ပွင့်လင်းစွာနှင့် တာဝန်ခံမှု ရှိရှိဖြေရှင်းခြင်းမရှိပေ။

ကျေးလက်နေ ပြည်သူများသည် ၎င်းတို့၏ မြေပိုင်ခွင့်ကို ထိန်းသိမ်းရန်နှင့် မြေသိမ်းခံရပါက တရားမျှတမှုရရန်အတွက် အောက်ပါအတိုင်း လုပ်ဆောင်ကြောင်း KHRG ၏ ကွင်းဆင်းသုတေသီများက မှတ်ချက်ချခဲ့သည်။

- ၎င်းတို့မြေအတွက် ဥပဒေအကာအကွယ်ရရန် KNU နှင့် မြန်မာအစိုးရထံတွင် မှတ်ပုံတင်ခြင်း
- လက်ရှိမြေသိမ်းမှုများတွင် တရားမျှတမှုရရန်နှင့် မြေကို ခြိမ်းခြောက်ခံရသောအခါ သိမ်းဆည်းခံရခြင်းမှ ကာကွယ်ရန် မြေအငြင်းပွားမှု တိုင်ကြားစာများကို KNU နှင့် မြန်မာအစိုးရသို့ တင်ပြခြင်း
- ၎င်းတို့၏ အခွင့်အရေးများ အထူးသဖြင့် မြေယာအခွင့်အရေးများကို မြှင့်တင်ရန် ကျေးရွာကော်မတီများဖွဲ့စည်းခြင်း
- မြေကို ပြန်လည်တောင်းခံရန်နှင့် မျှတသော လျော်ကြေးရရန် အာဏာပိုင်များ၊ ကုမ္ပဏီများနှင့် တိုက်ရိုက်ဆွေးနွေးခြင်း
- ကုမ္ပဏီများက မြေသိမ်းခြင်းကို ဆန့်ကျင်ရန်နှင့် မြေယာပြဿနာများကို ဖြေရှင်းသည့် အရေးယူမှုများကို တောင်းဆိုရန် ငြိမ်းချမ်းစွာ ဆန္ဒထုတ်ဖော်ပွဲနှင့် ဆုတောင်းပွဲများကျင်းပခြင်း

တည်ဆဲမြန်မာမြေဥပဒေများ၏ အားနည်းချက်များ၊ တရားဥပဒေစိုးမိုးမှုမရှိခြင်း၊ မြေယာအငြင်းပွားမှုဖြေရှင်းရန် တာဝန်ရှိသော အစိုးရအဖွဲ့အစည်းများအတွင်း စနစ်တကျအကျင့်ပျက်ခြစားမှု စသည့် အားနည်းချက်များကြောင့် မြေယာအငြင်းပွားမှု အနည်း ငယ်ကိုသာ အုပ်ချုပ်ရေး (သို့မဟုတ်) တရားစီရင်ရေး လုပ်ငန်းစဉ်က ဖြေရှင်းပေးနိုင်သည်။ တရားမျှတမှု ရရှိရေးအတွက် ကျေးလက်နေ ပြည်သူများ ရင်ဆိုင်ရသည့် အဓိကစိန်ခေါ်မှုများတွင် အောက်ပါတို့ကိုတွေ့ရသည်။

- ဓလေ့ထုံးတမ်းစဉ်လာမြေပိုင်ဆိုင်မှုစနစ်များနှင့် KNU ကထုတ်ပေးသော မြေပိုင်ဆိုင်ခွင့်များကို မြန်မာအစိုးရ၏ မြေယာ ဥပဒေများက အသိအမှတ်မပြုခြင်း
- ရပ်ရွာအသိုင်းအဝန်းအဆင့် အသီးသီးတွင် ဥပဒေဗဟုသုတနှင့် တရားဥပဒေလုပ်ငန်းစဉ်ဆိုင်ရာ သတင်းအချက်အလက် များကို သိရှိမှုနည်းခြင်း
- တဝမ်းတခါး စိုက်ပျိုးခြင်းနှင့်/သို့မဟုတ် နေ့စားလုပ်အားအပေါ် မှီခိုရသော မိသားစုများအတွက် တရားစွဲဆိုခြင်းနှင့် တရားရုံး သို့သွားရောက်ရသော ငွေကြေးကုန်ကျစရိတ် ဝန်ထုပ်ဝန်ပိုးကြီးမားနေခြင်း
- မြန်မာ တရားဥပဒေစနစ်သည် စနစ်တကျ အကျင့်ပျက်ခြစားသည်၊ ဥပဒေကျင့်သုံးမှု တန်းတူညီမျှမှုမရှိ စသည့်အယူအဆများ ကြောင့် ကျေးလက်ရပ်ရွာ အသိုင်းအဝန်းများက တရားရုံးစနစ်ကိုသုံးရန် ဆန္ဒမရှိခြင်း
- မိမိတို့ ထုံးတမ်းစဉ်လာပိုင်မြေတွင် နေထိုင်လုပ်ကိုင်ခြင်းအတွက် ဖမ်းဆီးမှုများဖြင့် ခြိမ်းခြောက်ခံရသော အတွေ့အကြုံများ ကြောင့် ၎င်းတို့ကို ကာကွယ်ရန်ထက် အပြစ်ပေးရန် တရားရေးစနစ်ကို သုံးနိုင်သည်ဟု ထင်မြင်လာကြခြင်း

မြေယာအငြင်းပွားမှုများသည် ဒေသခံပြည်သူများ၏ ရေရှည်အသက်မွေးဝမ်းကြောင်းနှင့် တည်တံ့ခိုင်မြဲသော ငြိမ်းချမ်းမှုကို ခြိမ်းခြောက်နေသည်သာမက ၎င်းတို့သည် ကျေးလက်နေပြည်သူများအနေဖြင့် တရားမျှတမှု လက်လှမ်းမီရရှိခံစားရခြင်း နှင့်ပတ်သက်ပြီး ကြီးမားသော အားနည်းပျက်ကွက်မှုဖြစ်ကြောင်း KNU နှင့် မြန်မာအာဏာပိုင်များအား သတိပေးလိုက်ခြင်း လည်း ဖြစ်သည်။ ထို့ကြောင့် KHRG ၏ မြေယာအငြင်းပွားမှုများ ဖြေရှင်းရေး အကြံပြုချက်များသည် တရားမျှတမှုရရှိရေးကို အားပေးသော ပိုမိုကျယ်ပြန့်သည့် တောင်းဆိုမှုများကိုလည်း ထင်ဟပ်နေသည်။

တရားမျှတမှုရရှိရေးအတွက် မြန်မာအစိုးရ၊ KNU နှင့် ဒေသအာဏာပိုင်များသည် အောက်ပါတို့ကို ဆောင်ရွက်သင့်သည်။

- ကွဲပြားခြားနားသော တိုင်းရင်းသားလူမျိုးစုများ၏ အခွင့်အရေးများနှင့်ပတ်သက်လျှင် ဘက်မလိုက်ဘဲ ဒေသခံပြည်သူများ အတွက် ဥပဒေကို တန်းတူညီမျှစွာ ကျင့်သုံးသင့်သည်။
- မြေယာသိမ်းယူမှုနှင့် အိုးအိမ်ဥစ္စာ ပျက်ဆီးမှုများနှင့် ပတ်သက်သော အငြင်းပွားမှုများကို လေ့လာစောင့်ကြည့် ဖြေရှင်းရန် တာဝန်ရှိသော အစိုးရအဖွဲ့အစည်းများ၏ စွမ်းဆောင်ရည် တိုးတက်စေရန် လုပ်ဆောင်သင့်သည်။

တိုင်ကြားမှုနှင့် ဆုံးဖြတ်စီရင်သော အဖွဲ့အစည်းများ အပါအဝင် နစ်နာမှုဖြေရှင်းရေး ယန္တရားများအား ပြည်သူလူထုအသုံးပြုနိုင်ခွင့် တိုးတက်စေရေးအတွက် မြန်မာအစိုးရသည် အောက်ပါတို့ကို ဆောင်ရွက်သင့်သည်။

- မြေယာအငြင်းပွားမှုဖြေရှင်းရေး ယန္တရားများကို ရပ်ရွာအသိုင်းအဝန်းတွင် အခြေစိုက်ပြီး ဓလေ့ထုံးတမ်းအလေ့အထများ အတိုင်း ထူထောင်ရန် လုပ်ဆောင်သင့်သည်။
- ကိုယ်ပိုင်ဆုံးဖြတ်ခွင့်နှင့် အငြင်းပွားမှုဖြေရှင်းရန် နည်းစနစ်များပေးခြင်းဖြင့် မြန်မာနိုင်ငံလူ့အခွင့်အရေးကော်မရှင်ကို ပဲရစ်မူဘောင်များနှင့်အညီဖြစ်အောင် လုပ်ဆောင်သင့်သည်။
- အောက်ပါတို့ကိုလုပ်ဆောင်ခြင်းဖြင့် လယ်ယာမြေနှင့် အခြားမြေများ ပြန်လည်စိစစ်ရေးကော်မတီ၏ လုပ်ငန်းဆောင်ရွက်မှုများ တိုးတက်အောင် လုပ်ဆောင်သင့်သည်။
  (၁) ကော်မတီကိုမည်သို့ ဆက်သွယ်ရမည်ကို အများပြည်သူသိရှိစေရန် လူထုလှုံ့ဆော်ရေး လှုပ်ရှားမှုများ ဆောင်ရွက်ခြင်း
  (၂ ကော်မတီထံ မြေယာအခွင့်အရေးတောင်းခံသူများအား နောက်ဆုံးရရှိသော သတင်းအချက်အလက်များကို အချိန်မှီ ပုံမှန်ပေးပို့အောင် ဆောင်ရွက်ခြင်း
  (၃) မျှတပြီး အရည်အသွေးမီသော စုံစမ်းစစ်ဆေးမှုများ ပြုလုပ်ရန် ကော်မတီ၏ စွမ်းဆောင်ရည်ကို တည်ဆောက်ခြင်း
  (၄) မြေသိမ်းသည့် အမှုများကို ရည်ရွယ်သည့်အတိုင်း ဒေသအဆင့်တွင် ဖြေရှင်းအောင် လုပ်ဆောင်ခြင်း

တိုင်ကြားမှုနှင့် ဆုံးဖြတ်စီရင်သော အဖွဲ့အစည်းများအပါအဝင် နစ်နာမှုဖြေရှင်းရေး ယန္တရားများအား ပြည်သူလူထုအသုံးပြုနိုင်ခွင့် တိုးတက်စေရေးအတွက် KNU သည် ၎င်းတို့၏ လူ့အခွင့်အရေး ကော်မတီကို အမြန်ထူထောင်ပြီး ပဲရစ်မူဘောင်များနှင့်အညီ ထူထောင်ရန် လုပ်ဆောင်သင့်သည်။

တာဝန်ယူမှု၊ တာဝန်ခံမှု တိုးတက်ရေးအတွက် မြန်မာအစိုးရနှင့် KNU နှင့်/သို့မဟုတ် ဒေသအာဏာပိုင်များသည် အောက်ပါတို့ကို လုပ်ဆောင်သင့်သည်။

- တရားရေးစနစ်အတွင်း အဂတိလိုက်စားမှုနှင့် လာဘ်ပေးလာဘ်ယူ စွပ်စွဲချက်များကို ဖြေရှင်းရန် သံန္နိဋ္ဌာန်ချပြီး ကတိကဝတ်ပြုခြင်း
- မြေပြဿနာများနှင့်ပတ်သက်သော စနစ်တကျအဂတိလိုက်စားမှုများကို စုံစမ်းစစ်ဆေးရန် မြန်မာနိုင်ငံ အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်အား အခွင့်အာဏာပေးအပ်ခြင်း

# ၅.၅ မွန်ရပ်ရွာလူထုများတွင် တရားမျှတမှု လက်လှမ်းမှီရရှိမှု

***မွန်ပြည်လူ့အခွင့်အရေးဖေါင်ဒေးရှင်း***

မြန်မာအစိုးရနှင့် မွန်ပြည်သစ်ပါတီ (NMSP) နှင့် ကရင်အမျိုးသားအစည်းအရုံး (KNU) တို့နှစ်ဘက် အပစ်အခတ်ရပ်စဲရေး သဘောတူစာချုပ်များကို ၂၀၁၂ တွင် အသီးသီး လက်မှတ်ရေးထိုးပြီးနောက် တိုက်ခိုက်မှုနှင့် တင်းမာမှုများ လျော့ကျလာသည်။ KNU နှင့် NMSP နှစ်ဖွဲ့လုံးသည် တစ်နိုင်ငံလုံး အပစ်အခတ်ရပ်စဲရေးသဘောတူစာချုပ် (NCA) တွင် ပါဝင်သော်လည်း KNU က ၂၀၁၅ တွင် လက်မှတ်ရေးထိုးပြီး NMSP က ၂၀၁၈ ခုနှစ်အထိ စောင့်ဆိုင်းနေခဲ့သည်။

မည်သို့ပင်ဆိုစေ နှစ်ဖက်အပစ်အခတ်ရပ်စဲရေး သဘောတူညီမှုများအပြီးတွင် မွန်ရပ်ရွာ အသိုင်းအဝန်းများတွင် စစ်ရေးလှုပ်ရှားမှုများ ကျဆင်းလာသည်။ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်း လိုလားသူများဟု သံသယရှိသူများကို အငြင်းပွားဖွယ်ရာ ဖမ်းဆီးမှု၊ တရားစီရင်မှု ပြင်ပတွင်သတ်ဖြတ်ခြင်း၊ ပျောက်ကွယ်သွားအောင် အတင်းအကျပ်လုပ်ခြင်း၊ အထမ်းသမားအဖြစ် အတင်းအကျပ်စေခိုင်းခြင်းနှင့် အတင်းအကျပ်ရွှေ့ပြောင်းစေခြင်းတို့ဖြင့် ပစ်မှတ်ထားဆောင်ရွက်သော လူ့အခွင့်အရေး ချိုးဖေါက်မှုများလည်း ကျဆင်းလာသည်။ သို့သော်မွန်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် တနင်္သာရီတိုင်း အာဏာပိုင်များသည် လူ့အခွင့်အရေး ချိုးဖေါက်မှု ပုံစံသစ်များ ပေါ်ပေါက်လာခြင်းကို တားဆီးနိုင်ခြင်းမရှိကြပေ။

အချို့လူ့အခွင့်အရေးချိုးဖေါက်မှုများကို တပ်မတော်တပ်ဖွဲ့ဝင်များက ကျူးလွန်နေကြဆဲပင်ဖြစ်သည်။ အပစ်အခတ်ရပ်စဲခြင်းသည် တပ်မတော်တပ်ဖွဲ့ဝင်များကို ယခင်က ၎င်းတို့မရောက်ဖူးသော နေရာများ အပါအဝင် နစ်သက်ရာ မည်သည့် နေရာသို့မဆို

သွားလာနိုင်စေသောကြောင့် တပ်မတော်တပ်ဖွဲ့များအတွက် အကျိုးကျေးဇူးဖြစ်စေသည်။ ၂၀၁၈ ခုနှစ် မတ်လ ၉ ရက်နေ့တွင် အမှတ် ၂၈၀ ခြေလျင်တပ်ရင်းမှ ဗိုလ်ကြီးတစ်ဦးသည် မွန်ပြည်နယ် ရေးမြို့နယ် တောင်ပိုင်း ခေါဇာမြို့နယ်ခွဲ မကျီးချောင်းဝ ကျေးရွာမှ ရွာသား ၂ ဦးကို ပစ်သတ်ခဲ့သည်။ ထိုနောက် ၂၀၁၈ ခုနှစ် မေလ ၁၆ ရက်နေ့တွင် အမှတ် ၅၈၇ ခြေလျင်တပ်ရင်းမှ ဗိုလ်ကြီးတစ်ဦးသည် ရေးမြို့နယ် ကုလားဂုတ်ကျွန်းမှ ဒေသခံတစ်ဦးကို ဖမ်းဆီးခဲ့ပြီး ထိုဒေသခံသည် နောင်တွင် စစ်စခန်းတစ်ခုတွင် သတ်ဖြတ်ခံရသည်။[27]

အထက်ပါ ဥပဒေပြင်ပသတ်ဖြတ်ခြင်း ၂ ခုလုံးသည် NMSP က NCA ကို ၂၀၁၈ ခုနှစ် ဖေဖော်ဝါရီလတွင် လက်မှတ် ရေးထိုးပြီး နောက် ပေါ်ပေါက်ခဲ့ခြင်းဖြစ်သည်။ သို့သော် ပြစ်မှုကျူးလွန်သူများကို လျှို့ဝှက်စစ်ခုံရုံးတင်ခဲ့ပြီး နှစ်မှုလုံးကို အရပ်ဘက် တရားရုံးများသို့ လွှဲပြောင်းပေးခြင်းမရှိခဲ့ပေ။ စစ်တရားရုံးက ချမှတ်သည့် ဥပဒေအရအရေးယူမှု၊ တွေ့ရှိချက် သို့မဟုတ် ထောင်ဒဏ်များကိုလည်း သတ်ဖြတ်ခံရသူများ၏ မိသားစုများကို အသိပေးခြင်းမရှိခဲ့ပေ။ ထိုသို့ပွင့်လင်းမြင်သာမှု ကင်းမဲ့ခြင်းသည် တရားစီရင်ရေးတွင် အထူးသဖြင့် စစ်ဘက်ဆိုင်ရာပုဂ္ဂိုလ်များ ပါဝင်ပတ်သက်နေသော အခါတွင် စိန်ခေါ်မှုအဖြစ် ဆက်လက်ကျန်ရှိနေသည်။

အပစ်အခတ်ရပ်စဲပြီးနောက် မွန်ပြည်နယ် အနောက်ဘက် ကမ်းခြေဒေသများ မြေသိမ်းဆည်းမှု အန္တရာယ်နှင့် ပတ်သက်ပြီး ပိုမိုအကာအကွယ် မဲ့လာသည်။ ပြည်ပရင်းနှီးမြှုပ်နှံသူများသို့ လုပ်ပိုင်ခွင့်ရောင်းရန်အတွက် ပြည်တွင်းကုမ္ပဏီများသည် မြေသိမ်းရန် ဒေသအာဏာပိုင်များနှင့် ပူးပေါင်းခြင်းဖြင့် ဝေးလံသော ဒေသများ၏ ပိုမိုတည်ငြိမ်လာခြင်းကို အမြတ်ထုတ် အသုံးချရန် ကြိုးစားလာကြသည်။ ဥပမာ ကျိုက်မရောမြို့နယ်မှ ဒေသခံမြေပိုင်ရှင်များသည် မြေဧက ၁၀၀၀ ကျော်ကို ပေါက်ဈေးအောက်များစွာ နိမ့်ရောင်းချရန် ဖိအားပေးခံကြရသည်။ ထိုနောက် ကျောက်မီးသွေးသုံး ဓါတ်အားပေးစက်ရုံတစ်ရုံနှင့် ဘိလပ်မြေစက်ရုံတစ်ရုံဆောက်ရန် လုပ်ပိုင်ခွင့်ကို ပြည်ပကုမ္ပဏီများအား ရောင်းချကြသည်။ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေမှ သက်ဆိုင်ရာပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ခြင်း မရှိသောကြောင့် ဒေသခံများ၏ အသက်မွေးဝမ်းကျောင်းများ လုယူခံခဲ့ရသည်။

ပြည်တွင်းနေရပ်စွန့်ခွာရသူများ၊ ဒုက္ခသည်များ၊ ထိုင်းနှင့် မလေးရှားမှ ပြန်လာလိုသော ရွှေ့ပြောင်းလုပ်သားများအတွက် မြေပြန်လည်ပေးအပ်ခြင်းသည်လည်း ကြီးမားသော စိန်ခေါ်မှုဖြစ်နေသည်။ ကာလကြာ နေရပ်စွန့်ခွာရခြင်းနှင့်/သို့မဟုတ် ထိုကာလအတွင်း ဝင်ရောက်လာသော အခြားအခြေချသူများက ယခင်လူများ၏ နေအိမ်များ၊ စိုက်ပျိုးမြေများကို ပိုင်ဆိုင်ကြောင်း ကြေညာထားလိုက်သည့်အခါ အသက်မွေးဝမ်းကျောင်း ပြန်လည်ထူထောင်ရန်နှင့် မြန်မာနိုင်ငံတွင်း ပြန်လည်ပေါင်းစည်းနေထိုင်ရန် အားထုတ်မှုများသည် များစွာပိုမိုခက်ခဲလာသည်။ တိုင်းနှင့်ပြည်နယ် အစိုးရများနှင့် နယ်စပ်နှင့် တိုင်းရင်းသားရေးရာဝန်ကြီးဌာနတို့သည် ပြန်လည်ပေါင်းစည်းရေးအတွက် ယေဘုယျအကူအညီကိုသာ ပေးကြသည်။ သို့သော်မြေဆုံးရှုံးသော မိသားစုများအတွက် မြေပြန်လည်ပေးအပ်ခြင်း သို့မဟုတ် လျော်ကြေးပေးခြင်းတွင်ပင် ကွာဟမှုများရှိနေသည်။

မိန်းကလေးငယ်များနှင့် အမျိုးသမီးများအပေါ် လိင်ပိုင်းဆိုင်ရာကျူးလွန်မှုသည်လည်း ကျယ်ပြန့်သော စိုးရိမ်ပူပန်စရာ ဖြစ်နေသည်။ ထိပါးခံရသူများအတွက် တရားမျှတမှုရှာဖွေရေးနှင့် ကျူးလွန်သူများကို အရေးယူရေးတို့တွင် ပြဿနာ ၂ ခု ရှိနေသည်။ ပထမအချက်မှာ ကျေးလက်ပြည်သူများသည် ဥပဒေနှင့် ဥပဒေလုပ်ထုံးလုပ်နည်းများကို သိရှိမှုနှင့် အသုံးပြုခွင့် နည်းပါးနေသည်။ ဥပဒေအထောက်အကူပြုအဖွဲ့အချို့ ဖွံ့ဖြိုးလာသော်လည်း ၎င်းတို့အတွက် ရန်ပုံငွေရရှိမှုမှာ အကန့်အသတ်ဖြင့်သာ ရှိနေသည်။ ဒုတိယအချက်မှာ မြန်မာနိုင်ငံမှ တရားရေးစနစ်သည်  နာမည်ပျက်လောက်အောင် အကျင့်ပျက်ခြစားနေသည်။ ထိုအချက်ကြောင့် ရာဇဝတ်မှု၏ သားကောင်များ (အထူးသဖြင့် လိင်ပိုင်း ဆိုင်ရာကျူးလွန်မှုခံရသူများ) သည် ထိုတရားဥပဒေစနစ်နှင့် ထိတွေ့ဆက်ဆံရန် စိတ်အားမထက်သန်ပါ။ သို့သော် လူမှုအခြေပြုအဖွဲ့အစည်းများ၏ ထောက်ခံအားပေး တောင်းဆိုမှုများကြောင့် အနည်းဆုံးအနေဖြင့် လိင်အကြမ်းဖက်မှုနှင့် လိင်အရခွဲခြားဆက်ဆံမှုကို စောင့်ကြည့်ထိန်းသိမ်းရန် မွန်ပြည်နယ် လွှတ်တော်တွင် အမျိုးသမီးနှင့် ကလေးသူငယ်အခွင့်အရေး ကော်မတီကို ဖွဲ့စည်းနိုင်ခဲ့သည်။

အခွင့်အရေးချိုးဖေါက်မှုများ ရပ်တန့်စေရေးနှင့် အနာဂါတ်တွင် ထပ်မံမပေါ် ပေါက်ရေး တားဆီးခြင်းအပြင် ချိုးဖောက်ခံရသူများကို အသိအမှတ်ပြုရေးနှင့် အတိတ်က လူ့အခွင့်အရေးချိုးဖောက်မှုများအတွက် တရားမျှတမှုကို အားပေးရေးတွင်လည်း စိန်ခေါ်မှု ရှိနေသည်။ ၂၀၀၈ ခုနှစ်မတိုင်မီက လူ့အခွင့်အရေးချိုးဖောက်သည်ဟု စွပ်စွဲခံရသော အစိုးရနှင့် တပ်မတော် အာဏာပိုင်များကို ဖွဲ့စည်းပုံအခြေခံဥပဒေက လွတ်ငြိမ်းခွင့်ပေးထားသောကြောင့် အကူးအပြောင်းကာလ တရားမျှတမှု ပြဿနာများသည် အထူးသဖြင့် စိန်ခေါ်မှုဖြစ်နေသည်။ သို့သော် ၂၀၀၈ ခုနှစ်နောက်ပိုင်း ကျူးလွန်သော လူ့အခွင့်အရေးချိုးဖေါက်မှုများကိုလည်း တရား

[27] https://www.bnionline.net/en/news/man-killed-kalagoke-island-after-tatmadaw-captain-took-him-away-nrc-inspection

မှုတမှုအတွက် တရားရုံးသို့မတင်ပြနိုင်သေးဘဲ ကျူးလွန်သူအများအပြားသည် ပြစ်ဒဏ် ကင်းလွတ်ခွင့် ခံစားနေကြဆဲဖြစ်သည်။ အကျဉ်းချုပ်တင်ပြရပါက လူ့အခွင့်အရေးဆိုင်ရာ စိန်ခေါ်မှုသစ်များမှာ ဒေသခံရပ်ရွာ အသိုင်းအဝန်းများ ၎င်းတို့၏ သဘာဝ သယံဇာတကို စီမံပြီး သဘာဝပတ်ဝန်းကျင်ကို ကာကွယ်ခွင့်ကို အကာအကွယ်ပေးရေးသာဖြစ်သည်။ သို့သော် အတိတ် လူ့အခွင့်အရေး ချိုးဖေါက်မှုများသည် ချိုးဖောက်ခံရသူများ၏ နှလုံးသားနှင့် စိတ်တွင် အမာရွတ်အဖြစ် ကျန်ရစ်နေသည်။

# ၅.၆ ရေရှည်တည်တံ့သော စိုက်ပျိုးရေး

### *တနင်္သာရီမြစ်မကြီးနှင့် ဌာနေတိုင်းရင်းသားများကွန်ရက်*

ရေ၊ သစ်တောများနှင့် မြေသည် ဒေသရေရှည်စိုက်ပျိုးရေးစနစ် အောင်မြင်ရေး သို့မဟုတ် အခြေခံရိက္ခာလုံခြုံမှုအတွက် အရေး ပါသည်။ တနင်္သာရီတိုင်းမှ ပြည်သူများသည် ရေရှည်တည်တံ့သော စိုက်ပျိုးရေးနှင့် ရိက္ခာလုံခြုံရေးနှင့်ပတ်သက်သော စိန်ခေါ်မှု အများအပြားကို ရင်ဆိုင်ကြရသည်။ ထိုစိန်ခေါ်မှုများတွင် သတ္တုတူးဖေါ်ရေး လုပ်ငန်းများကြောင့် ရေညစ်ညမ်းခြင်း၊ သစ်တော ပြုန်းတီးမှုကြောင့် ရေမလုံလောက်ခြင်း၊ မြေယာအခွင့်အရေးမရှိခြင်း၊ ပဋိပက္ခနှင့်ပတ်သက်သော မြေယာသိမ်းယူမှုများနှင့် ဓါတုပစ္စည်း အများအပြားသုံးသော စိုက်ပျိုးရေးစနစ် စတင်ကျင့်သုံးလာခြင်းတို့ပါဝင်သည်။

စိုက်ပျိုးရေး ရပ်ရွာအသိုင်းအဝန်းများအတွက် ရေရရှိရေးသည် အရေးပါသည်။ မြန်မာနိုင်ငံ၏ ကျန်အပိုင်းများကဲ့သို့ပင် တနင်္သာရီ တွင်လည်း ဖွန်လမှ အောက်တိုဘာလအထိ မိုးရာသီတွင် ရေကို စိုက်ပျိုးမြေများတွင် တိုက်ရိုက်သိုလှောင်သကဲ့သို့ ရေသွင်း စိုက်ပျိုးရေးအတွက် ဒေသခံများသုံးသော မြစ်များ၊ ချောင်းများ၊ စမ်းချောင်းများအတွက်လည်း ရေရရှိသည်။ တနင်္သာရီတိုင်းတွင် သတ္တုတူးဖေါ်ရေးလုပ်ငန်းများ တိုးချဲ့လာခြင်းနှင့်အတူ ဒေသခံပြည်သူများ မှီခိုနေရသော ရေအရင်းအမြစ်များသည် ညစ်ညမ်း လာကြသည်။ ဘန်ချောင်းကျောက်မီးသွေးတွင်း၊ ဟိန္ဒားသံဖြူတွင်းနှင့် မြစ်ကြမ်းပြင်တွင် သောင်တူးရွှေရှာဖွေရေး လုပ်ငန်းများ သည် ရေးပါသော ဒေသရေအရင်းအမြစ်များကို ညစ်ညမ်းစေသည်။ ထို့အပြင် သစ်စိုက်ခင်း၊ စက်မှုလယ်ယာတို့သည် သစ်တော ပြုန်းတီးမှုကို ဖြစ်စေပြီး ဒေသရေရှားပါးမှုကို ဖြစ်စေသည့် အရေးပါသော အချက်များဖြစ်သည်။

စိုက်ပျိုးရေး ရပ်ရွာအသိုင်းအဝန်းများသည် မြေအသုံးပြုခွင့်မရလျှင် မတည်ရှိနိုင်သည်ကို အားလုံးသိကြသည်။ မြန်မာနိုင်ငံတွင် တစ်ဦးချင်းအနေဖြင့်ဖြစ်စေ ရပ်ရွာအသိုင်းအဝန်းအနေဖြင့်ဖြစ်စေ ကျယ်ပြန့်သော မြေယာအခွင့်အရေးမူဘောင် မရှိခြင်းသည် စိုက်ပျိုးရေး ရပ်ရွာအသိုင်းအဝန်းများအတွက် မလုံခြုံမှုကိုဖြစ်စေသည်။ အဆိုပြုထားသည့် လန်းညာနှင့် တနင်္သာရီအမျိုးသား ဥယာဉ်ကဲ့သို့သော အထက်မှအောက်သို့ အမိန့်ပေးညွှန်ကြားသည့် ပတ်ဝန်းကျင်ထိန်းသိမ်းရေး အစီအစဉ်များသည် အဆိုပြု ဥယျာဉ်နယ်နမိတ်အတွင်း နေထိုင်သော ဌာနေပြည်သူများ၏ မြေယာအခွင့်အရေးများနှင့် ထုံးတမ်းစဉ်လာ စိုက်ပျိုးရေး အလေ့ အထများကို ထိခိုက်စေသည်။ တနင်္သာရီတိုင်းတွင် ရင်းနှီးမြှုပ်နှံမှုစီမံကိန်းများ များစွာဝင်ရောက်လာချိန်တွင် ထားဝယ် အထူး စီးပွားရေး ဇုန်စီမံကိန်းအတွက် ထီးခီး - ထားဝယ် ဆက်လမ်းကဲ့သို့သော ကြီးမားသည့် အခြေခံအဆောက်အအုံ တည်ဆောက်ရေး အလားအလာသည် ဒေသခံပြည်သူများအကြားတွင် မလုံခြုံသော ခံစားမှုကို ပိုမိုဆိုးရွားစေသည်။

လက်နက်ကိုင် ပဋိပက္ခသည် မြေအသုံးပြုပိုင်ခွင့်နှင့် ဒေသစိုက်ပျိုးရေးစနစ်ကို ရှုပ်ထွေးစေသည်။ တနင်္သာရီ အရှေ့ပိုင်းမှ စိုက်ပျိုးရေးကို မှီခိုသည့် ရပ်ရွာအသိုင်းအဝန်းများအတွက် ကာလကြာလက်နက်ကိုင် ပဋိပက္ခ၏ အရှိတရားမှာ နေရပ်စွန့်ခွာရခြင်း သာဖြစ်သည်။ လူအများအပြားသည် အစိုးရထိန်းချုပ်ဒေသများသို့ အတင်းအကျပ်ရွှေ့ပြောင်းခြင်းခံရပြီး အခြားသူများမှာလည်း ပဋိပက္ခကို ရှောင်ရှားရန် ရွာနှင့်လယ်မြေများမှ ထွက်ပြေးကြရသည်။ ထိုသို့အခြေအမြစ် မဲ့စေရန်လုပ်ဆောင်ခြင်းခံရသော ရပ်ရွာအသိုင်းအဝန်းများမှ မိသားစုများသည် ပြည်တွင်းနေရပ်စွန့်ခွာထွက်ပြေးရသူများ (IDPs) အဖြစ် မြန်မာနိုင်ငံ၏ အခြား ဒေသများတွင် နေရာချထားခံရသည် သို့မဟုတ် နယ်စပ်တစ်ဖက် ထိုင်းနိုင်ငံတွင် ဒုက္ခသည်များ အဖြစ်နေကြရသည်။

၂၀၁၂ ခုနှစ် ဒေသတွင်းအဆင့်နှင့် ၂၀၁၅ ခုနှစ် ပြည်ထောင်စုအဆင့် အပစ်အခတ်ရပ်စဲရေး သဘောတူစာချုပ်များအား လက် မှတ်ရေးထိုးပြီး နောက်ပိုင်းတွင် IDPs အဖြစ် သို့မဟုတ် ဒုက္ခသည်အဖြစ် ထွက်ပြေးရသူအချို့သည် ၎င်းတို့၏ ဘဝများကို ပြန်လည်တည်ဆောက်ရန် ၎င်းတို့၏ ရွာများ၊ လယ်မြေများသို့ ပြန်လာကြသည်။ ပြန်လာသူများ အများအပြားသည် ၎င်းတို့၏ မြေကို မြန်မာစစ်တပ်ဒေသခံတပ်မှူး သို့မဟုတ် မြန်မာအစိုးရ၏ ဖိတ်ကြားမှုဖြင့် ရောက်နေသော အခြားသူများက ယူထားပြီး ဖြစ်ကြောင်း တွေ့ကြရသည်။ ဇာတိကျေးရွာများသို့ ပြန်လိုသော IDPs များနှင့် ဒုက္ခသည်များအတွက် ၎င်းတို့မြေကို မြန်မာနိုင်ငံ

အခြားဒေသမှ လူများသို့မဟုတ် ဆီအုန်း သို့မဟုတ် ရာဘာအမြောက်အများ စိုက်သည့် ပုဂ္ဂလိက လုပ်ငန်းကြီးများက သိမ်းပိုက်ထားခြင်းသည် အဓိက စိန်ခေါ်မှုတစ်ခု ဖြစ်သည်။ မြန်မာအစိုးရက သတ်မှတ်ထားသည့် ခိုင်မာသော မြေယာပြန်လည် ပေးအပ်သည့် ယန္တရားမရှိသည့် အနေအထားတွင် ယခင်မြေပိုင်ရှင်များနှင့် မကြာသေးမီကမှ လာရောက်အခြေချသူများအကြား အငြင်းပွားမှုများကို ဒေသခံရပ်ရွာ အသိုင်းအဝန်းများတွင် အတွေ့ရများသည်။

တနင်္သာရီတိုင်းတွင် ၂၀၁၃ ခုနှစ်မှစပြီး တရားဝင် ထိုင်း-မြန်မာ နယ်စပ်ဖြတ်ကျော်စခန်း ၂ ခု ဖွင့်သည်။ ထီးခီး-ကချနာဘူရီ နယ်စပ်ဂိတ်နှင့် မောတောင်-ပရာချာအပ်ခီရီခန် နယ်စပ်ဂိတ်တို့ဖြစ်သည်။ ထိုနယ်စပ်ဂိတ်များ ဖွင့်လှစ်ခြင်းကြောင့် နယ်စပ်ကုန်သွယ်ရေး တိုးလာပြီး စိုက်ပျိုးရေးထုတ်ကုန်များသည် နယ်စပ်ဖြတ်ကျော် ကုန်သွယ်သော အဓိကကုန်စည်များဖြစ်လာသည်။ ထိုနယ်စပ်ဂိတ်များကြောင့် ထိုင်းနိုင်ငံ၏ ဓါတုပစ္စည်းများပြားစွာ သုံးစွဲသည့် စက်မှုလယ်ယာကဏ္ဍမှ ဓါတုပစ္စည်း ကြွင်းကျန်မှု အဆင့်မြင့်မားသည့် ထုတ်ကုန်များ (အထူးသဖြင့် ပန်းသီး၊ စပျစ်သီး၊ သစ်တော်သီး၊ နဂါးမောက်သီးနှင့် တောကြက်မောက်သီး) သည် တနင်္သာရီတိုင်းသို့ အလုံးအရင်းဖြင့် ဝင်ရောက်လာသည်။

ထိုဖြစ်ရပ်နှင့်အတူ ပြည်ပပို့ ကုန်ဦးတည်သော ဓါတုပစ္စည်းများပြားစွာ အသုံးပြုထုတ်လုပ်သည့် စိုက်ပျိုးရေးပုံစံများကို ပိုမိုကျင့်သုံးလာကြကြောင့် လယ်သမားများသည် ကမ္ဘာ့ဈေးကွက်ဈေးနှုန်း အတက်အကျဒဏ်ကို ခံလာရပြီး အကြွေးများဖြင့် ရုန်းကန်နေကြရသည်။ ယခုအခါ ဆင်ဖြူဒိုင်နှင့်အမ်မိုမှ ရပ်ရွာလူထုများသည် ပေါင်းသတ်ဆေး၊ ပိုးသတ်ဆေးနှင့် ဓါတုမြေသြဇာများ အသုံးပြုရန်လိုအပ်သော သီးနှံတစ်မျိုးတည်း စိုက်ပျိုးသော စနစ်သုံးပြီး ပြောင်း၊ ဖရုံသီး၊ ပလောပီနန်စသည့် ငွေပေါ်သီးနှံများ စိုက်ပျိုးကြသည်။ ထိုဓါတုသွင်းအားစုများတွင် ရင်းနှီးမြှုပ်နှံခြင်းကြောင့် အမြတ်များများရလိမ့်မည်ဟု အာမခံချက်ပေးခံရသော်လည်း ယခုအခါ လယ်သမားများသည် ၎င်းတို့ ထုတ်ကုန်များ အတွက်ရရှိသော ဈေးနည်းနေခြင်းကို ညည်းညူနေကြသည်။ အချို့လယ်သမားများက ဓါတုသွင်းအားစုများအား အများအပြားအသုံးပြုခြင်းနှင့် ဆက်စပ်သည်ဟု ၎င်းတို့ယူဆသည့် ကျန်းမာရေးပြဿနာများကြောင့် ညည်းညူကြသည်။

TRIP NET သည် ရေရှည်တည်တံ့သော စိုက်ပျိုးရေးနှင့် စားနပ်ရိက္ခာလုံခြုံရေးအတွက် အဆိုပါ စိန်ခေါ်မှုများကို ရင်ဆိုင်ရန် တနင်္သာရီတိုင်းမှ စိုက်ပျိုးရေးရပ်ရွာ အသိုင်းအဝန်းများနှင့် ပူးပေါင်းဆောင်ရွက်သည်။ သူတို့၏ လုပ်ငန်းများတွင် သစ်တောများနှင့် ရေဝေရေလဲဒေသများကို ကာကွယ်ရေး၊ ရပ်ရွာအသိုင်းအဝန်းအခြေပြု မြေစီမံခန့်ခွဲမှု စွမ်းရည်တည်ဆောက်ရေးနှင့် လုပ်ပိုင်ခွင့်ပေးရေး၊ မျိုးစေ့စုဆောင်းရေး အစီအစဉ်များ၊ ဓါတုပစ္စည်း များပြားစွာသုံးသော စိုက်ပျိုးရေးပုံစံအား အစားထိုးရန် ဂေဟဗေဒနှင့် ကိုက်ညီသော စိုက်ပျိုးရေးနည်းလမ်းများ စမ်းသပ်ခြင်းနှင့် သရုပ်ပြခြင်းတို့ပါဝင်သည်။

# ၅.၇ ယကားပြည်နယ်တွင် သဘာဝအရင်းအမြစ် စီမံခန့်ခွဲမှု

***စိမ်းလမ်းစိုပြေ ကရင်နီမြေ***

ကယားပြည်နယ်သည် တွင်းထွက်၊ ကျွန်းနှင့် ရေအရင်းအမြစ်ကဲ့သို့ သဘာဝအရင်းအမြစ်များ ကြွယ်ဝသည်။ ထို့ကြောင့် ပြည်နယ်၏ သယံဇာတများကို အစိုးရအဆက်ဆက် စီးပွားရေးသမားများ၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများက ဆယ်စုနှစ်များစွာ အမြတ်ထုတ် အသုံးချကြသည်မှာ ယနေ့တိုင်ပင်ဖြစ်သည်။ သို့သော် ကရင်နီ ပြည်သူများသည် သူတို့၏ အခွင့်အရေးများကို မြှင့်တင်ရန်နှင့် ဘိုးဘွားအမွေအနှစ်ဖြစ်သော သဘာဝသယံဇာတများကို ကာကွယ်နိုင်သည့် ယန္တရားအနည်းငယ်သာ ရှိသည်။

ဖြစ်ရပ်တော်တော်များများတွင် သဘာဝအရင်းအမြစ်များကို ရေရှည်တိုးတက်စေရေး အစီအစဉ်ပုံစံများ မရှိဘဲ အလွန်အကျွံ ထုတ်ယူခဲ့သည်။ ထိခိုက်ခံရသူများအတွက် ပိုမိုထိရောက်မှုရှိပြီး ညီမျှသော သယံဇာတစီမံခန့်ခွဲမှု ပြုလုပ်ရန် ခက်ခဲနေသည်။ ပတ်ဝန်းကျင်ညစ်ညမ်းမှု၊ မြေဆီလွှာတိုက်စားမှုနှင့် သစ်တောပြုန်းတီးမှု စသည့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ပူပန်မှုများသည် လူတိုင်းအပေါ် သက်ရောက်သော်လည်း ဒေသခံရပ်ရွာ အသိုင်းအဝန်းများကို အများဆုံး ထိခိုက်ဆုံးရှုံးစေသည်။ ၎င်းတို့ကို အထိခိုက်စေဆုံးမှာ သဘာဝပတ်ဝန်းကျင် ပျက်စီးခြင်းဖြစ်ပြီး အခြေအနေနှင့် ညှိနိုင်းပြောင်းလဲရန်လည်း အရင်းအမြစ် အနည်းဆုံးသာရှိနေသည်။

မြန်မာရေရှည်ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း (MSDP) တွင် ငြိမ်းချမ်းကြွယ်ဝသော ဒီမိုကရေစီနိုင်ငံအတွက် အဆင့်မြင့် ပန်းတိုင် ၅ ခုအနက် တစ်ခုအဖြစ် သဘာဝသယံဇာတများကို ရေရှည်စီမံခန့်ခွဲခြင်းကို သတ်မှတ်ထားသည်။[28] သို့သော် တိုးတက်မှုအတွက် ထိုကဲ့သို့သော ရည်မှန်းချက်မအောင်မြင်မီ လက်ရှိဥပဒေမူဘောင်ကို ကျယ်ပြန့်စွာပြုပြင်ရန် လိုအပ်နေသည်။ ထို့အပြင် ကောင်းမွန်သော ဂေဟစနစ်များ၊ ရာသီဥတုပြောင်းလဲမှုကို ခုခံနိုင်စွမ်း၊ ရေအရင်းအမြစ်များအသုံးချနိုင်ရေး၊ စွမ်းအင်ထုတ်လုပ်ရေးနှင့် မြေယာအုပ်ချုပ်ရေးတို့နှင့်ပတ်သက်သော MSDP ၏ ရည်မှန်းချက်များ အောင်မြင်ရန်အတွက် ဒေသခံရပ်ရွာအသိုင်းအဝန်းများ၏ အခွင့်အရေးများကို အာမခံရန်လိုအပ်သည်။

မြန်မာနိုင်ငံ၏ ပြည်သူ့ရေးရာဝန်ဆောင်မှုအတွင်း ပျံ့နှံ့နေသော အကျင့်ပျက်ခြစားမှုကိုလည်း ဖြေရှင်းရန် လိုအပ်မည်ဖြစ်သည်။ သဘာဝသယံဇာတများ ထုတ်ယူခြင်းနှင့် ပတ်ဝန်းကျင်ညစ်ညမ်းမှုဆိုင်ရာများကို ကန့်သတ်ရန် လုပ်ထုံးလုပ်နည်းများရှိသော နေရာများတွင် အစိုးရဝန်ထမ်းများသို့ "လက်ဖက်ရည်ဖိုး" ပေးရသော ယဉ်ကျေးမှုသည် တရားဥပဒေစိုးမိုးရေးကို အင်အားချိနဲ့စေသည်။ ထိုသို့ လာဘ်စားခြင်းဖြင့် စီးပွားရေး အခွင့်အလမ်းရှာသော စနစ်သည်အုပ်ချုပ်ရေး၏ ဘက်မလိုက်မှုအပေါ် အများပြည်သူယုံကြည်မှုကိုလည်း လျှော့ကျစေပြီး အပြန်အလှန်အားဖြင့် သစ်တောစီမံရေး စီမံကိန်းများတွင် အစိုးရဌာနများနှင့် ပူးပေါင်းဆောင်ရွက်ရန် ရပ်ရွာအသိုင်းအဝန်းများ၏ စိတ်ထက်သန်မှုကိုလည်း ကျဆင်းစေသည်။

သဘာဝသယံဇာတများ ထုတ်လုပ်ရေးကို ထိန်းချုပ်နိုင်ရေးအတွက် အားပြိုင်မှုသည် ပြည်တွင်းစစ်ကို မီးထိုးအရှိန်မြှင့်ပေးနေသည့် အဓိကအကြောင်းများအနက် တစ်ခုဖြစ်သည်။ သတ္တုတူးဖော်ခြင်းနှင့် သစ်ထုတ်လုပ်ခြင်းတို့သည် ကယားပြည်နယ်တွင် အဓိက သယံဇာတထုတ်ယူသော လုပ်ငန်းများဖြစ်ပြီး ပဋိပက္ခတွင်ပါဝင်သော အဖွဲ့အားလုံးတို့သည် ထိုလုပ်ငန်းများတွင် ကိုယ်ကျိုးစီးပွားများ ပါဝင်နေကြသည်။ သို့သော် ဒေသခံရပ်ရွာအသိုင်းအဝန်းများသည် ထိုလုပ်ငန်းများနှင့်ပတ်သက်သည့် သဘာဝပတ်ဝန်းကျင်နှင့် လူမှုတန်ဖိုးပေးဆပ်ရခြင်းများကြောင့် အချိုးအစားမမျှတသည့် ဝန်ထုပ်ဝန်ပိုးကို ထမ်းနေရသော်လည်း လုပ်ခအကျိုးကျေးဇူးနှင့် အမြတ်အစွန်းတို့ကို မခံစားကြရပေ။

ကျယ်ပြန့်သော ဆင်းရဲနွမ်းပါးမှုကြောင့် ဒေသခံကျေးရွာသားများမှာ သစ်တောများနှင့် မြစ်များမှ သယံဇာတကို အသေးစား ထုတ်ယူရန် တွန်းအားပေးခံကြရသည်။ သက်ကယ်မိုးရန်အရွက်၊ တံမျက်စည်းအတွက် ကျူရိုးနှင့် လောင်စာအတွက် ထင်းကဲ့သို့သော သစ်တောထွက် ပစ္စည်းများရယူခြင်းတို့သည် ဆင်းရဲသော ကျေးလက်မိသားစုများအတွက် အသုံးများသော ဖြေရှင်းရေးနည်းလမ်းများဖြစ်ကြသော်လည်း စီမံခန့်ခွဲခြင်းမရှိလျှင် မြေအကာနှင့် မြေဆီမြေနှစ်ကို ပြုန်းတီးစေသည်။ ငွေရင်းရှိသော မိသားစုများသည် ပရိဘောဂ ထုတ်လုပ်ရန်အတွက် သစ်ပင်ခုတ်ခြင်း၊ သစ်ခွဲခြင်းများ ကိုလည်း လုပ်နိုင်ကြသည်။

စိမ်းလမ်းစိုပြေကရင်နီမြေ (KEG) သည် ရေရှည်တည်တံ့ခိုင်မြဲပြီး ညီမျှသော သဘာဝသယံဇာတ စီမံခန့်ခွဲမှုတွင် ရပ်ရွာအသိုင်းအဝန်းများ ပါဝင်ဆောင်ရွက်နိုင်ရေးကို ထောက်ခံအားပေးရန် ပါဝင်ဆောင်ရွက်သော နည်းလမ်းကို အသုံးပြုသည်။ ထိုနည်းလမ်းတွင် သဘာဝပတ်ဝန်းကျင်နှင့် ဇီဝမျိုးကွဲစုံလင်မှုကို ကာကွယ်ရန် လှုံ့ဆော်ခြင်း၊ သဘာဝသယံဇာတစီမံခန့်ခွဲရန် ရပ်ရွာအသိုင်း အဝန်းကော်မတီများကို ထောက်ခံအားပေးခြင်းနှင့် ပူးတွဲအကျိုးဆောင်ကွန်ရက်များ တည်ဆောက်ခြင်းတို့ ပါဝင်သည်။ KEG သည် ရေရှည်တည်တံ့သော နည်းလမ်းများဖြင့် မိမိတို့ပိုင် သဘာဝသယံဇာတများကို စီမံခန့်ခွဲရန် စွမ်းရည်အားကောင်းစေရန်အတွက် ရပ်ရွာအသိုင်းအဝန်း သစ်တောစီမံခန့်ခွဲရေး၊ မြေစီမံခန့်ခွဲရေး၊ သဘာဝသားရိုင်းတိရစ္ဆာန်များကို စစ်တမ်းကောက်ယူရေးဆိုင်ရာ သင်တန်းများပို့ချသည်။

# ၅.၈ သန့်ရှင်းသောရေနှင့် ပတ်ဝန်းကျင်သန့်ရှင်းရေးရရှိမှု

*နယ်လှည့်ကျောပိုးအိတ် ကျန်းမာရေးလုပ်သားအဖွဲ့*

မြန်မာနိုင်ငံ အရှေ့တောင်ပိုင်းမှ ပဋိပက္ခဖြစ်ပွားနေသည့် ဒေသများမှ ရပ်ရွာအသိုင်းအဝန်းများတွင် ကာလဝမ်းရောဂါ၊ အူရောင်ငန်းဖျားနှင့် ဝမ်းပျက်ဝမ်းလျှောကဲ့သို့သော ရေတွင်ပါသည့် ပိုးမွှားများကြောင့် ဖြစ်ပွားသော ရောဂါများ ကျယ်ပြန့်စွာပျံ့နှံ့မှုကိုလည်း တွေ့ရများသည်။ ထိုအချက်က အိမ်မှုကိစ္စအတွက်သုံးသော ရေများတွင် ပါဝင်နေသော (လူ့မစင်ကဲ့သို့) ဇီဝညစ်ညမ်းဝတ္ထုများနှင့် (စည်းကမ်းမဲ့ သတ္တုတူးဖော်ခြင်း၊ သစ်ထုတ်လုပ်ခြင်းနှင့် စီးပွားဖြစ်စိုက်ပျိုးရေးလုပ်ငန်းများမှ) ဓါတုညစ်ညမ်း

[28] စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန။ ၂၀၁၈ ခုနှစ် မြန်မာရေရှည် ဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်း (၂၀၁၈-၂၀၃၀) http://themimu.info/sites/themimu.info/files/documents/Core_Doc_Myanmar_Sustainable_Development_Plan_2018_-_2030_Aug2018.pdf

ဝတ္ထုများနှင့် ထိတွေ့မှုတို့ကို ထင်ဟပ်နေသည်။ ထိုသို့ဖြစ်စေသော အကြောင်းရင်းများတွင် အိမ်သုံးရေစနစ်နှင့် ပတ်ဝန်းကျင်သန့်ရှင်းရေး အခြေခံ အဆောက်အအုံကင်းမဲ့ခြင်း၊ သဘာဝသယံဇာတများကို စီးပွားကုန်စည် ပြုလုပ်ခြင်းနှင့် ကြိုတင်ကာကွယ်သော/ ကုသသော ကျန်းမာရေးစောင့်ရှောက်မှု အနည်းငယ်သာ ရရှိခြင်းတို့ပါဝင်သည်။

သန့်ရှင်းသော ရေအလုံအလောက်မရခြင်းကို တုံ့ပြန်ဖြေရှင်းသည့်အနေဖြင့် တိုင်းရင်းသား ကျန်းမာရေးဝန်ဆောင်မှုပေးသူများသည် ရေတိမ်တွင်းများ၊ မြေဆွဲအားဖြင့် စီးဆင်းသော ရေပေးဝေရေးစနစ်များ၊ ရေလှောင်ကန်များနှင့် အဆင့်ဆင့် ရေသန့်စင်သော ရေစစ်ကန်များ တည်ဆောက်ရေးကို ထောက်ပံ့ကူညီသည်။ ထိုတည်ဆောက်ရေးအတွက် နည်းပညာ အထောက်အပံ့ကို အိမ်နီးချင်းကျေးရွာ ခေါင်းဆောင်များနှင့် ညှိနှိုင်းတိုင်ပင်ဆောင်ရွက်ခြင်းဖြင့် မြစ်/ချောင်းအောက်ပိုင်းရှိ ရပ်ရွာအသိုင်းအဝန်းများအတွက် ရေဝေရေလဲဒေသများ စီမံခန့်ခွဲမှု တာဝန်ယူမှု၊ တာဝန်ခံမှုကို မြှင့်တင်ပေးသည်။ ရေအရင်းအမြစ်များ၊ ရေတိမ်တွင်းများနှင့် ရေလှောင်ကန်များကို ကွန်ကရစ်ခြံစည်းရိုးခေတ်၍ ဝပ်ရေနှင့်တိရစ္ဆာန်များမှ ကာကွယ်ရန် လုပ်ဆောင်ထားပြီး မြေဆွဲအား သုံးရေပေးဝေရေးစနစ်များကို တောမီးမှ ကာကွယ်ရန်အတွက် မြောင်းတိမ်များတူး၍ ချထားသည်။ အများပြည်သူသုံးရေသန့်စင်စနစ်များတွင် ရေစစ်ရန်အတွက် နေ့စဉ်အလွယ်တကူရနိုင်သော ကျောက်စရစ်၊ သဲနှင့် ညစ်ညမ်းစေသောပစ္စည်းများကို စုတ်ယူရန် မီးသွေးတို့ကို အသုံးပြုသည်။

ပတ်ဝန်းကျင်ရှိ တောများနှင့်ကွင်းများတွင် လူအများအပြား ကျင်ကြီးစွန့်ခြင်းမှကာကွယ်ရန် တိုင်းရင်းသားကျန်းမာရေးဝန်ဆောင်မှုပေးသူများသည် နေအိမ်ပြင်ပဖုံးကာထားသော ကျင်းပေါ်တွင်သစ် သို့မဟုတ် ဝါးဖြင့် ရေလောင်းအိမ်သာများတည်ဆောက်ခြင်းကို ပံ့ပိုးသည်။ ကူးစက်ရောဂါပျံ့နှံ့ခြင်းကို လျှော့ချရန်အတွက် ရေလောင်းအိမ်သာများ တည်ဆောက်ခြင်းနှင့် တကိုယ်ရေကျန်းမာရေး အသိပညာပေးခြင်းကို ပူးတွဲဆောင်ရွက်သည်။ ရေကိုကျိုချက်သောက်သုံးရန်နှင့် အိမ်သာတက်အပြီးတွင် လက်ဆေးခြင်းနှင့်ပတ်သက်ပြီး အများပြည်သူ ပညာပေးလုပ်ငန်းများကို ရေဖြန့်ဝေရေးနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး လှုပ်ရှားမှုအားလုံးတွင် ထည့်သွင်းလုပ်ဆောင်သည်။

ကျန်းမာရေးစောင့်ရှောက်မှု အကန့်အသတ်ဖြင့်သာရရှိခြင်းကို တုံ့ပြန်ဖြေရှင်းသည့်အနေဖြင့် ကျေးရွာအုပ်စုဆေးခန်းများနှင့် ရပ်ရွာအခြေပြု ကျန်းမာရေးလုပ်သားများ စေလွှတ်ခြင်းတို့ကို ညှိနှိုင်းဆောင်ရွက်နိုင်ရန် တိုင်းရင်းသားကျန်းမာရေး စောင့်ရှောက်သူများသည် ရပ်ရွာအသိုင်းအဝန်းများမှ အရင်းအမြစ်များ စုဆောင်းနေသည်။ ယေဘုယျအားဖြင့် ရပ်ရွာအခြေပြု ကျန်းမာရေးလုပ်သားများသည် ပြည်သူ့ ကျန်းမာရေးပညာပေးခြင်း၊ နေအိမ်များသို့သွားရောက်ကုသခြင်း၊ ဆေးခန်းတွင် ကုသခံရန် လွှဲပြောင်းပေးခြင်း၊ ရေပေးဝေရေးနှင့် သန့်ရှင်းရေး အခြေခံအဆောက်အအုံများ ထိန်းသိမ်းမှုကို ကြီးကြပ်ခြင်း စသည်တို့အတွက် တာဝန်ရှိသည်။ ကျေးရွာအုပ်စု ဆေးခန်းများသည် ရောဂါရှာဖွေရေးနှင့် ကုသရေး ကျင့်ဝတ်များကို လိုက်နာကြပြီး ရောဂါတစ်ခုခု ဖြစ်ပွားသော အခါများတွင်မူ ဆေးဝါးမလုံလောက်မှုကြောင့် အခက်အခဲ ဖြစ်ရသည်။

သဘာဝအရင်းအမြစ်များကို ကုန်စည်ပြုလုပ်ခြင်းသည် တိုင်းရင်းသား ကျန်းမာရေး စောင့်ရှောက်မှုပေးသူများအနေဖြင့် လူ့အခွင့် အရေးကာကွယ်သူများ၊ သဘာဝတ်ဝန်းကျင်ထိန်းသိမ်းရေးသမားများနှင့် ပူးပေါင်းဆောင်ရွက်ရန် လိုအပ်သော ပိုမိုကြီးမားသည့် စိန်ခေါ်မှုဖြစ်သည်။ စက်မှုလုပ်ငန်းသုံး ဓါတုစွန့်ပစ်ပစ္စည်းများသည် မြေအောက်ရေကို ညစ်ညမ်းစေပြီး အရေပြား၊ အသက်ရှူလမ်းကြောင်းနှင့် အသည်းရောဂါများ ဖြစ်ပွားမှုနှင့် ဆက်စပ်နေသည်။ အလားတူပင် သတ်မှတ်ထားသော စည်းမျဉ်းစည်းကမ်းများ နှင့် မညီသော လမ်းများနှင့် ဆည်ကြီးများ တည်ဆောက်ခြင်း၊ သစ်ထုတ်လုပ်ခြင်းနှင့် သတ္တုတူးဖေါ်ခြင်းတို့သည် မြေဆီနှင့် မြေအောက်ရေ အရည်အသွေးကို ကျဆင်းစေသော သစ်တောပြုန်းတီးခြင်းနှင့် မြေတိုက်စားခြင်းတို့ကို ဖြစ်စေသည်။

မြန်မာနိုင်ငံအရှေ့တောင်ပိုင်းမှ တိုင်းရင်းသားနှင့် အစိုးရကျန်းမာရေး စောင့်ရှောက်သူများအတွက် စိန်ခေါ်မှုမှာ အလုံးစုံကျန်းမာရေး စောင့်ရှောက်မှုရရှိရေးကို ပံ့ပိုးအားပေးရေးဖြစ်သည်။ ငြိမ်းချမ်းရေးညှိနှိုင်းမှုများသည် ကာလရှည်ကြာနိုင်သောကြောင့် မည်သူမှ နောက်ကျမကျန်ရေးအတွက် ပြည်ပအလှူရှင်များက လက်ရှိတိုင်းရင်းသား ကျန်းမာရေးစောင့်ရှောက်မှုစွမ်းရည်ကို ပိုမိုတည်ဆောက်ပေးရန် အရေးကြီးသည်။

# ၅.၉ ပညာသင်ကြားခွင့်ရရှိမှု

***မွန်အမျိုးသမီး အစည်းအရုံး***

ဆယ်စုနှစ်များစွာကြာသော ပဋိပက္ခသည် မွန်ပြည်နယ်တွင် ကျန်းမာရေးစောင့်ရှောက်မှုနှင့် ပညာရေးအပါအဝင် လူမှုစီးပွား တိုးတက်မှုများကို အဟန့်အတား ဖြစ်စေသည်။ ပဋိပက္ခကြောင့် ထိခိုက်ရသော နေရာအများစုတွင် အစိုးရက ပံ့ပိုးသော ကျောင်းများနှင့် ဆရာများမရှိကြပေ။ ၎င်းတို့အစား မွန်ပြည်သစ်ပါတီ (NMSP) ကဲ့သို့သော တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများနှင့် စာပေနှင့် ယဉ်ကျေးမှုကော်မတီများသည် ကျောင်းပြုပြင်ထိန်းသိမ်းရန်နှင့် ဆရာများကို ထောက်ပံ့ရန် စရိတ်အတွက် ရပ်ရွာအသိုင်းအဝန်းနှင့် ပူးပေါင်းဆောင်ရွက်ပြီး မူလတန်းပညာရေးပံ့ပိုးသူများ ဖြစ်နေသည်။ အချို့သော အခြေအနေများတွင် ဘုန်းတော်ကြီးကျောင်း သို့မဟုတ် ဘုရားကျောင်းအခြေစိုက် ကျောင်းများ ထူထောင်ထားသည်လည်းရှိသည်။

ဒေသခံတိုင်းရင်းသား ပညာရေးပံ့ပိုးသူ အများစုသည် ၎င်းတို့၏ သင်ကြားမှုစနစ်များကို မိခင်ဘာသာစကားအခြေပြု ဘာသာစကားစုံပညာရေး (MTB-MLE) ပေါ်တွင် အခြေခံကြသည်။ ထိုနည်းလမ်းဖြင့် တိုင်းရင်းသား ကလေးငယ်များသည် ၎င်းတို့၏ မိခင်ဘာသာစကားကို ပညာရေး အစောပိုင်းနှစ်များတွင် အသုံးပြုနိုင်ကြသည်။ ထိုနည်းလမ်းသည် ကလေးများ ပညာရေး စတင်ရန် အကောင်းဆုံး နည်းလမ်းဖြစ်ကြောင်း နိုင်ငံတကာ အထောက်အထားများက ပြသနေသည်။ မိခင်ဘာသာစကားဖြင့် အခြေခံအယူအဆများကို လေ့လာပြီးသောအခါ တိုင်းရင်းသားကလေးများသည် အလယ်တန်းနှင့် အထက်တန်းတွင် ဗမာဘာသာစကားကို သင်ကြားမှုကြားခံအဖြစ် ကူးပြောင်းသည်မှာ ပိုမိုလွယ်ကူလာသည်။

အစိုးရကျောင်းစနစ်တွင် အဓိကပြဿနာမှာ ဗမာမှုပြုခြင်းဖြစ်သည်။ အစိုးရမှ တိုင်းရင်းသား ဘာသာစကားများကို ဖိနှိပ်ခြင်းနှင့် ဗမာယဉ်ကျေးမှုနှင့် သမိုင်းအမြင်များကို အားပေးခြင်းတို့သည် ၎င်းအချက်ကို ထင်ဟပ်နေသည်။ ထို MTB-MLE စနစ်ကို တရားဝင် ပံ့ပိုးပေးမှုနှင့် တာဝန်ယူမှုမရှိသည့် တချိန်တည်းမှာပင် EAOs တို့ စီမံခန့်ခွဲသော ကျောင်းများမှ အကျိုးကျေးဇူးခံစားရသော ရပ်ရွာအသိုင်းအဝန်းများအပေါ် အစိုးရနှင့် စစ်တပ်တို့၏ ခြိမ်းခြောက်မှုများ ရှိနေသည်။ အချို့ ဖြစ်ရပ်များတွင် ဒေသခံ ရပ်ရွာအသိုင်းအဝန်းများသည် အစိုးရထောက်ပံ့သော ဆရာများနှင့်စနစ်များကို နေရာချထားရန် ၎င်းတို့၏ ကျောင်းစနစ်များအား အတင်းအကျပ်ပြောင်းလဲစေခြင်းကို ခံကြရသည်။

မြန်မာအစိုးရသည် တိုင်းရင်းသား ပညာရေးဝန်ဆောင်မှုများနှင့် MTB-MLE စနစ်ကို အခြေခံသော ကျောင်းများနှင့် ပညာရေးကို အသိအမှတ်မပြုသောကြောင့် နိုင်ငံတကာအသိုင်းအဝန်းသည် ဒေသခံရပ်ရွာအသိုင်းအဝန်း၏ ထောက်ပံ့မှုကို ကူညီ ဖြည့်ဆည်းသော အဓိကအလှူရှင်ဖြစ်နေသည်။ ထိုကဲ့သို့သော ဘဏ္ဍာငွေထောက်ပံ့မှုပုံစံသည် ရေရှည်တည်တံ့ခြင်း မရှိနိုင်သော်လည်း ဗဟိုအစိုးရက MTB-MLE စနစ်များကို အသိအမှတ်မပြုမီ ကြားကာလတွင် လိုအပ်သည်။ အကောင်းဆုံး ဖြစ်သင့်သည်မှာ ထိုသို့ လုပ်ဆောင်ခြင်းသည် ဒေသခံတို့ပိုင်ဆိုင်ပြီး ဒေသခံတို့ စီမံအုပ်ချုပ်သော ပညာရေးများကို အသိအမှတ်ပြုထောက်ပံ့သော၊ မြန်မာနိုင်ငံရှိ ပဋိပက္ခအတွက် ဖက်ဒရယ်နိုင်ငံရေးအဖြေ၏ အစိတ်အပိုင်းတစ်ရပ်ဖြစ်သင့်သည်။

MTB-MLE မူဝါဒများနှင့် ယန္တရားများကို မြန်မာနိုင်ငံတွင် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် ကျယ်ကျယ်ပြန့်ပြန့် ဆွေးနွေးခြင်း မရှိသေးပေ။ EAOsများ၊ စာပေနှင့် ယဉ်ကျေးမှုကော်မတီများ၊ ဘာသာရေးအခြေပြု အလွတ်ပညာသင်ကြားပေးသူများသည် ပဋိပက္ခကြောင့် ထိခိုက်ရသော ကလေးများအတွက် ပညာရေးအခွင့်အလမ်းချဲ့ထွင်ရာတွင် အရေးပါသည်။ သို့သော် ထိုဦးဆောင်ဦးရွက်ပြုသူများသည် လတ်တလောတွင် အကန့်အသတ်ဖြင့်သာ အသိအမှတ်ပြုခံရခြင်းနှင့် အကာအကွယ်ပေးခံရခြင်းဖြင့်သာ လုပ်ဆောင်နေရပြီး ပြည်ထောင်စုနိုင်ငံရေး ဆွေးနွေးပွဲ ပူးတွဲကော်မတီ လုပ်ငန်းစဉ်၏ အစိတ်အပိုင်းအဖြစ် ပညာရေးနှင့် ဘာသာစကားမူဝါဒများ ဆွေးနွေးတိုင်ပင်ရေးဆွဲ လုပ်ဆောင်ရာတွင် သူတို့နှင့် ညှိနှိုင်းတိုင်ပင်ရန်လိုသည်။

မွန်ပြည်နယ်တွင် မွန်အမျိုးသားပညာရေးကော်မတီ (MNEC) သည် MTB-MLE စနစ်များကို အားပေးသော၊ ရပ်ရွာအသိုင်းအဝန်း ထောက်ခံမှုကို လှုံ့ဆော်စည်းရုံးသော အဓိက အဖွဲ့အစည်းဖြစ်သည်။ ပဋိပက္ခကြောင့် အဆိုးဆုံး ထိခိုက်မှုခံရသော ဒေသများမှကလေးများ၏ လိုအပ်ချက်များကို ဖြည့်ဆည်းရန် MNEC ကို ၁၉၇၂ ခုနှစ်က စတင် တည်ထောင်ခဲ့သည်။ MNEC ၏ လုပ်ငန်းဆောင်ရွက်မှုစနစ်သည် လွတ်လပ်သော်လည်း ၎င်းသည် NMSP ၏ အစိတ်အပိုင်းဖြစ်ပြီး ပညာရေးဌာနအဖြစ် လုပ်ဆောင်သည်။ ၎င်းတို့၏ စီမံခန့်ခွဲမှုအောက်တွင် မွန်အမျိုးသား မူလတန်း၊ အလယ်တန်းနှင့် အထက်တန်းကျောင်းပေါင်း

၁၃၃ ကျောင်းရှိသည်။ နိုင်ငံတကာအသိုင်းအဝန်း၏ အကန့်အသတ်ရှိသော ထောက်ပံ့မှုဖြင့် MNEC သည် မြန်မာနိုင်ငံတွင် MTB-MLE စံပုံစံဖြစ်သော ပညာရေးစနစ်ကို ဖေါ်ထုတ်ထားသည်။ ပညာရေးမူဝါဒများနှင့် စနစ်များရေးဆွဲပြုစုရာတွင် အမျိုးသမီးများ၏ဦးဆောင်အခန်းကဏ္ဍသည်နှင့် ရပ်ရွာအသိုင်းအဝန်း၏ ထောက်ခံမှုတို့တွင် MNEC၏ အောင်မြင်မှုများအတွက် အရေးပါသည်။

# ၅.၁၀ ဒုက္ခသည်များ နေရပ်ပြန်ခြင်း၊ ပြန်လည်နေရာချထားခြင်းနှင့် ပြန်လည်ပေါင်းစည်းခြင်း

### *ကရင်နီဒုက္ခသည် ပြန်လည်နေရာချထားရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းအဖွဲ့*

ဒုက္ခသည်များ မိမိဆန္ဒအလျှောက် ပြန်သည်ဖြစ်စေ၊ ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံး (UNHCR) ၏ ကူညီပံ့ပိုးမှုဖြင့် ပြန်သည်ဖြစ်စေ စီစဉ်ရာတွင် ဂရုတစိုက် ထည့်သွင်းစဉ်းစားရမည့် ပြဿနာများစွာရှိသည်။ ကယားပြည်နယ်တဝန်းမှ နေရပ်ပြန်သူများနှင့် တွေ့ဆုံမေးမြန်းမှုများသည် အောက်ပါတို့ကို မီးမောင်းထိုးပြနေသည်။

- **ခွဲခြားခြင်း** - ယခင်က ဒုက္ခသည် ဖြစ်ဖူးကြောင်း ပွင့်ပွင့်လင်းလင်းပြောပါက ခွဲခြားဆက်ဆံခံရလိမ့်မည်ဟု ဒုက္ခသည်အများစုက ယူဆကာ မလုံမခြုံခံစားရသည်။ အများစုသည် ထိုအကြောင်းမပြောဘဲ အထီးကျန်ဖြစ်နေသည်။ ၎င်းတို့သည် ပုဂ္ဂလိကအတွေ့အကြုံနှင့် ဝမ်းနည်းကြေကွဲမှုများကို ပြန်ပြောလိုခြင်း မရှိကြပေ။ တွေ့ဆုံမေးမြန်းခဲ့သည့် နေရပ်ပြန်သူများတွင် လူမှုပြန်လည်ပေါင်းစည်းရေးကို ကူညီပံ့ပိုးသော လှုပ်ရှားမှုများ သို့မဟုတ် အဖွဲ့များကို မည်သူမျှ မသိရှိကြပေ။
- **မြေပိုင်ဆိုင်ခွင့်** - နေရပ်ပြန်သူအများစုသည် အိုးအိမ်အတွက် သို့မဟုတ် စိုက်ပျိုးရေးအတွက် မြေယာမရရှိပါ။ စိုက်ပျိုးမြေမရှိခြင်းသည် ပြန်လည်ပေါင်းစည်းခြင်း ရေရှည်တည်တံ့မှုကို တိုက်ရိုက်စိန်ခေါ်နေသောကြောင့် နေရပ်ပြန်သူများအတွက် စိုးရိမ်စရာ အကောင်းဆုံး ပြဿနာဖြစ်သည်။
- **နိုင်ငံသား အထောက်အထားစာရွက်စာတမ်းများ** - UNHCR ၏ ပြန်လည်ပို့ဆောင်မှုလုပ်ငန်းစဉ်မှ အထောက်အပံ့ရသော နေရပ်ပြန်သူများသည် ၎င်းတို့၏ နိုင်ငံသားကဒ်များ ပြန်လည်ရရှိရေးတွင် ပိုမိုချောမွေ့မြန်ဆန်သည်ဟု ဆိုသည်။ မိမိဘာသာ နေရပ်ပြန်သော သို့မဟုတ် အစိုးရစနစ်များတွင် အမည်စာရင်းနှင့် ပုဂ္ဂိုလ်ရေးအချက်အလက်မရှိသော နေရပ်ပြန်သူများသည် နိုင်ငံသားဖြစ်ကြောင်း သက်သေပြရေး ပြဿနာများကို ပိုမိုရင်ဆိုင်ကြရသည်။
- **ပညာရေး** - မူလတန်းနှင့် အလယ်တန်းကလေးများသည် အစိုးရကျောင်းများတွင် ပညာဆက်လက်သင်ကြားရန် စာရင်းသွင်းရာတွင် ပြဿနာ များများစားစား ရင်ဆိုင်ကြရပုံမရပေ။ သို့သော် အထက်တန်းအဆင့် ကျောင်းသား/ကျောင်းသူများစွာသည် ပြဿနာများကို ရင်ဆိုင်ကြရပြီး အချို့မှာ ထိုပြဿနာများကြောင့်ပင် ကျောင်းထွက်လိုက်ရပြီး ဖြစ်သည်။ သင်ရိုးညွှန်းတမ်း၊ ဝင်ခွင့်စစ်ဆေးခြင်းနှင့် ကျောင်းလခကွာဟမှုများနှင့် သက်ဆိုင်သော ပူပန်မှုများရှိသည်။
- **ကျန်းမာရေးစောင့်ရှောက်မှု**- တွေ့ဆုံမေးမြန်းခဲ့သော နေရပ်ပြန်သူအများစုသည် ကျန်းမာရေးစောင့်ရှောက်မှု အကန့်အသတ်ဖြင့်သာ ရရှိသော ကျေးလက်ဒေသများသို့ ပြန်ကြသည်။ ဆေးရုံ/ဆေးခန်းရှိလျှင်ပင် ဒုက္ခသည်စခန်းမှ ကျန်းမာရေးမှတ်တမ်းများကို ဝေးလံခေါင်သီသော ကျေးရွာများသို့ လွှဲပြောင်းပေးရန် ခက်ခဲသည်။
- **အသက်မွေးဝမ်းကျောင်း** - အသက်မွေးဝမ်းကျောင်း ပြန်လည်ထူထောင်ရေးအတွက် များပြားလှသော အခက်အခဲများတွင် စိုက်ပျိုးမြေမရှိခြင်း၊ နေ့စားလုပ်သားအဖြစ် လုပ်ကိုင်ရန်အခွင့်အလမ်းမရှိခြင်း၊ အသေးစား လုပ်ငန်းထူထောင်ရန် ငွေရင်းနှင့် ဈေးကွက်ရှာရန် ကျွမ်းကျင်မှု မရှိခြင်းတို့ပါဝင်သည်။

အထက်ပါ မီးမောင်းထိုးပြသော ပြဿနာများကို ဖြေရှင်းရန်ကြိုးစားရာတွင် အောက်ပါအခက်အခဲများရှိသည်။

- မြန်မာ့မြေယာဥပဒေများသည် ထုံးတမ်းစဉ်လာ မြေပိုင်ဆိုင်ခွင့်ကို ခွဲခြားဆက်ဆံပြီး နေရပ်စွန့်ခွာရသူများ၏ မြေပြန်ပေးခြင်း ပြဿနာများကို ဖြေရှင်းပေးခြင်းမရှိပေ။
- ပြည်ထောင်စုဖြစ်စေ ပြည်နယ်ဖြစ်စေ အစိုးရများတွင် နေရပ်ပြန်သူများ ပြန်လည်ပေါင်းစည်းရေးကို အထောက်အကူပြုသော ရှင်းလင်းသည့် မူဝါဒ သို့မဟုတ် အစီအစဉ်မရှိကြပေ။

- နေရပ်ပြန်သူများ၏ စိုးရိမ်ပူပန်မှုများနှင့်ပတ်သက်၍ ရပ်ရွာအသိုင်းအဝန်းက သိမြင်နားလည်မှု မရှိသလို အစိုးရဌာနများနှင့် အစိုးရမဟုတ်သော အဖွဲ့အစည်းများ (NGOs) ၏ ကြိုတင်ပြင်ဆင်မှုများတွင် ယေဘုယျအားဖြင့် ဒေသခံအသိုင်းအဝန်းများနှင့် ထိတွေ့ဆက်ဆံမှုမရှိပေ။

ထိုပြဿနာများကို ဖြေရှင်းရာတွင် စတင်လုပ်ဆောင်ရန် အောက်ပါအခွင့်အလမ်းများ ပါဝင်သည်ဟု KnRRRWG က ယုံကြည်သည်။

- UNHCR အကူအညီဖြင့်ဖြစ်စေ၊ ၎င်းတို့ဘာသာဖြစ်စေ ပြန်လာသူများကို ကူညီရန် ရှင်းလင်းသော မူဝါဒ၊ အစီအစဉ် ရေးဆွဲရန်အတွက် ရပ်ရွာအသိုင်းအဝန်း ခေါင်းဆောင်များအပါအဝင် အဓိက အကျိုးဆက်စပ်ပါဝင်သူများနှင့် ညှိနှိုင်းဆွေးနွေးရေးလုပ်ငန်းကို ပြည်နယ်အစိုးရက ဦးဆောင်နိုင်သည်။
- KnRRRWG က နေရပ်ပြန်သူများ၏ စိုးရိမ်ပူပန်မှုများနှင့်ပတ်သက်၍ အသိပညာပေးရေးနှင့် အုပ်စုလိုက်ပြန်လည်နေထိုင်အခြေချရန် အလားအလာရှိသော နေရာများမှ အိမ်ရှင်ရပ်ရွာအသိုင်းအဝန်းများနှင့် အသေးစား၊ အလတ်စားလုပ်ငန်းများအားပေးဖော်ဆောင်ရေးကို ထောက်ပံ့ကူညီခြင်းသွားမည်။
- နေရပ်ပြန်သူများ လူမှုပြန်လည်ပေါင်းစည်းရေးကို အားပေးဖော်ဆောင်ရန်အတွက် နေရပ်ပြန်သူများ တွေ့ကြုံခံစားခဲ့ရသည့် စိတ်ဒဏ်ရာများကို အစိုးရနှင့် လူမှုဖူလုံရေးဌာနများက တုန့်ပြန်လုပ်ဆောင်နိုင်ရန် သိရှိနားလည်ထားသင့်သည်။

# နောက်ဆက်တွဲ ၁
## ပြည်တွင်းနေရပ် စွန့်ခွာပုန်းရှောင်နေရသူ လူဦးရေ ခန့်မှန်းစာရင်း

| တိုင်းဒေသကြီး/ ပြည်နယ်၊ မြို့နယ် | ခန့်မှန်း IDP ဦးရေ (၂၀၁၂) | လွန်ခဲ့သော ၁၂ လအတွင်း ပဋိပက္ခကြောင့် အိုးအိမ်စွန့်ခွာရသူ | လွန်ခဲ့သော ၅ နှစ်အတွင်း ပဋိပက္ခကြောင့် အိုးအိမ်စွန့်ခွာရသူ | လွန်ခဲ့သော ၁၂ လအတွင်း သဘာဝဘေး ကြောင့်အိုးအိမ် စွန့်ခွာရသူ | လွန်ခဲ့သော ၅ နှစ်အတွင်း သဘာဝဘေး ကြောင့်အိုးအိမ် စွန့်ခွာရသူ | လွန်ခဲ့သော ၁၂ လအတွင်း ပြန်လာသူ အခြေချသူ | လွန်ခဲ့သော ၅ နှစ်အတွင်း ပြန်လာသူ အခြေချသူ | ခန့်မှန်း IDP ဦးရေ (၂၀၁၈) |
|---|---|---|---|---|---|---|---|---|
| **ရှမ်းပြည်နယ်** | **၆၄၉၀၀** | **မရနိုင်ပါ** | **၁၈၀** | **မရနိုင်ပါ** | **မရနိုင်ပါ** | **မရနိုင်ပါ** | **မရနိုင်ပါ** | **၅၈၀၀** |
| မိုင်းဆတ် | ၃၁၀၀၀ | မရနိုင်ပါ | မရနိုင်ပါ | မရနိုင်ပါ | မရနိုင်ပါ | မရနိုင်ပါ | မရနိုင်ပါ | ၂၆၅၀ |
| မိုင်းတုန် | ၃၀၀၀၀ | မရနိုင်ပါ | မရနိုင်ပါ | မရနိုင်ပါ | မရနိုင်ပါ | မရနိုင်ပါ | မရနိုင်ပါ | ၆၀၀ |
| မိုင်းပန် | ၃၉၀၀ | မရနိုင်ပါ | မရနိုင်ပါ | မရနိုင်ပါ | မရနိုင်ပါ | မရနိုင်ပါ | မရနိုင်ပါ | ၂၅၅၀ |
| မောက်မယ် | ၃၃၀၀ | မရနိုင်ပါ | ၁၈၀ | မရနိုင်ပါ | မရနိုင်ပါ | မရနိုင်ပါ | မရနိုင်ပါ | မရနိုင်ပါ |
| **ကယားပြည်နယ်** | **၃၄၆၀၀** | **၀** | **၁၈၀** | **၀** | **၁၅၈၀** | **၁၄၀** | **၉၇၁၀** | **၂၆၈၀၀** |
| ရှားတော | ၁၁၄၀ | မရနိုင်ပါ | ၀ | ၀ | ၀ | ၁၄၀ | ၉၈၀ | ၅၀၀ |
| လွိုင်ကော် | ၃၂၂၀ | မရနိုင်ပါ | မရနိုင်ပါ | မရနိုင်ပါ | မရနိုင်ပါ | မရနိုင်ပါ | ၁၁၇၀ | ၂၀၅၀ |
| ဒီမောဆို | ၉၃၅၀ | မရနိုင်ပါ | မရနိုင်ပါ | မရနိုင်ပါ | မရနိုင်ပါ | မရနိုင်ပါ | ၃၉၅၀ | ၅၄၀၀ |
| ဖရူဆို | ၅၈၈၀ | မရနိုင်ပါ | မရနိုင်ပါ | မရနိုင်ပါ | မရနိုင်ပါ | မရနိုင်ပါ | ၂၂၁၀ | ၃၈၉၀ |
| ဘောလခဲ | ၁၉၇၀ | မရနိုင်ပါ | ၀ | ၀ | ၀ | ၀ | ၃၅၀ | ၁၇၇၀ |
| ဖားဆောင်း | ၈၅၇၀ | မရနိုင်ပါ | ၀ | ၀ | ၁၆၈၀ | ၀ | ၃၀၀ | ၉၄၇၀ |
| မယ်စဲ့ | ၄၄၇၀ | မရနိုင်ပါ | ၀ | ၀ | ၀ | ၀ | ၇၅၀ | ၃၇၂၀ |
| **ပဲခူးတိုင်း ဒေသကြီး** | **၄၄၂၀၀** | **၀** | **၀** | **၂၈၀၀၀** | **၂၈၀၀၀** | **၂၈၀၀၀** | **၄၄၀၀၀** | **၂၂၂၀၀** |
| ကျောက်ကြီး | ၃၃၀၀၀ | မရနိုင်ပါ | ၀ | ၅၆၀၀ | ၅၆၀၀ | ၅၆၀၀ | ၁၆၅၀၀ | ၁၆၅၀၀ |
| ရွှေကျင် | ၁၁၂၀၀ | မရနိုင်ပါ | ၀ | ၂၂၄၀၀ | ၂၂၄၀၀ | ၂၂၄၀၀ | ၁၇၉၀၀ | ၅၇၀၀ |
| **ကရင်ပြည်နယ်** | **၈၉၁၅၀** | **၃၆၁၀** | **၁၁၀၀၀** | **၂၀၀၀** | **၃၅၀၀** | **၃၅၁၀** | **၅၅၃၀၀** | **၄၉၈၀၀** |
| သံတောင်ကြီး | ၁၆၀၀၀ | ၀ | ၀ | ၀ | ၀ | ၀ | ၆၇၀၀ | ၁၀၀၀၀ |
| ဖာပွန် | ၄၁၀၀၀ | ၃၄၁၀ | ၄၀၀၀ | ၅၀၀ | ၅၀၀ | ၁၈၀ | ၁၉၀၀၀ | ၂၄၀၀၀ |
| လှိုင်းဘွဲ | ၅၀၀၀ | ၂၀၀ | ၆၀၀၀ | ၁၅၀၀ | ၂၅၀၀ | ၁၀၀၀ | ၇၅၀၀ | ၆၀၀၀ |
| မြဝတီ | ၄၁၅၀ | ၀ | ၀ | ၀ | ၅၀၀ | ၇၅၀ | ၁၈၀၀ | ၁၀၀၀ |
| ကော့ကရိတ် | ၂၁၀၀ | ၀ | ၁၀၀၀ | ၀ | ၀ | ၂၀၀ | ၄၀၀၀ | ၉၀၀ |
| ကြာအင်းဆိပ်ကြီး | ၂၀၇၀၀ | ၀ | ၀ | ၀ | ၀ | ၁၂၀၀ | ၁၄၁၀၀ | ၇၉၀၀ |
| **မွန်ပြည်နယ်** | **၁၅၀၀၀** | **၀** | **၀** | **၁၀၀** | **၁၂၀၀** | **၂၀၀၀** | **၁၈၂၀၀** | **၁၈၀၀၀** |
| ရေး | ၁၅၀၀၀ | ၀ | ၀ | ၁၀၀ | ၁၂၀၀ | ၂၀၀၀ | ၁၈၂၀၀ | ၁၈၀၀၀ |
| **တနင်္သာရီ တိုင်းဒေသကြီး** | **၇၁၆၅၀** | **၀** | **၀** | **၄၅၀၀** | **၄၅၀၀** | **၄၀၆၀** | **၃၄၄၄၀** | **၃၉၉၀၀** |
| ရေဖြူ | ၂၃၅၀၀ | ၀ | ၀ | ၀ | ၀ | ၃၅၀ | ၈၇၀၀ | ၁၄၈၀၀ |
| ထားဝယ် | ၅၆၀၀ | ၀ | ၀ | ၀ | ၀ | ၂၈၀ | ၃၇၅၀ | ၂၅၀၀ |
| သရက်ချောင်း | ၄၁၀၀ | ၀ | ၀ | ၀ | ၀ | ၂၀၀ | ၂၂၂၀ | ၂၀၀၀ |
| ပုလော | ၁၄၅၄၀ | ၀ | ၀ | ၅၀၀ | ၅၀၀ | ၉၀၀ | ၇၇၈၀ | ၈၄၅၀ |
| မြိတ် | ၆၀၅၀ | ၀ | ၀ | ၀ | ၀ | ၅၀ | ၂၇၁၀ | ၃၅၅၀ |
| တနင်္သာရီ | ၁၄၆၄၀ | ၀ | ၀ | ၄၀၀၀ | ၄၀၀၀ | ၂၂၀၀ | ၇၁၄၀ | ၇၁၀၀ |
| ဘုတ်ပြင်း | ၃၂၂၀ | ၀ | ၀ | ၀ | ၀ | ၈၀ | ၁၉၂၀ | ၁၁၀၀ |
| **စုစုပေါင်း** | **၃၃၉၅၀၀** | **၃၆၁၀** | **၁၁၁၈၀** | **၃၄၈၀၀** | **၃၈၇၈၀** | **၃၇၇၁၀** | **၁၆၂၀၅၀** | **၁၆၂၅၀၀** |

# နောက်ဆက်တွဲ ၂
# အိမ်ထောင်စု စားနပ်ရိက္ခာဖူလုံမှုဆိုင်ရာ မေးခွန်းလွှာ

**အချက်အလက်ကောက်ခံသည့် အဖွဲ့အစည်း** **ကောက်ယူသည့်နေ့စွဲ**
**မြို့နယ်** **ကျေးရွာအုပ်စု**
**ရွာအမည်**

ကျနော်/မအမည်က _____________ ဖြစ်ပါတယ်။ ကျနော်/မက _________________ အဖွဲ့အစည်းမှာ အလုပ်လုပ်ပါတယ်။ ကျွန်နော်/မအနေနဲ့ သင့်မိသားစုရဲ့ အစားအစာရရှိနိုင်မှုနဲ့ အဟာရဓာတ်ဆိုင်ရာ အခြေအနေကို မေးခွန်းမေးချင်ပါတယ်။ သင့်ရဲ့ အမည်ကို ကျနော်/မတို့ သိစရာမလိုတဲ့ အပြင်သင်တဦးချင်း ဖြေကြားချက်တွေကိုလည်း လျှို့ဝှက်စွာ ထားရှိပေးပါမယ်။ သင်၏ ပါဝင်ဖြေကြားပေးခြင်းအတွက် အကူအညီပေးခြင်းနှင့်တော့ ဘာမှ မပတ်သက်ပါဘူး။ နောက်ပိုင်း အကူအညီရမယ်လိုလဲ ကတိမပေးပါဘူး။ ကျေးဇူးပြုပြီးတော့ ကျနော်/မတို့မေးခွန်းကို ပွင့်ပွင့်လင်းလင်း ဖြေစေချင်ပါတယ်။ ဒီတစ်ရက်အတွင်း မေးခွန်းတွေ ဖြေဖို့ အချိန်ပေးနိုင်မယ်လို့ထင်ပါတယ်။

**၁။ ဖြေဆိုသူ (အမျိုးသား၊ အမျိုးသမီး)**

☐ ၁။ အမျိုးသား ☐ ၂။ အမျိုးသမီး

**၂။ လွန်ခဲ့သော တပတ်အတွင်း သင့်အိမ်ထောင်စုတွင် အောက်ပါအစားအစာ အမျိုးမျိုးကို ရက်ပေါင်းမည်မျှ စားခဲ့ကြောင်းကို ပြောပြပါ။**

| ပါဝင်သည့် အစားအစာ | လွန်ခဲ့သော (၇) ရက် အတွင်း စားခဲ့သော ရက်ပေါင်း |
|---|---|
| **ဆန်နှင့် အခြားကောက်ပဲသီးနှံများ** (ဆန်၊ ခေါက်ဆွဲ၊ ဂျုံ၊ ပေါင်မုန့်၊ ပြောင်းဖူး အပါအဝင်ဖြစ်သည်) | |
| **သစ်ဥ သစ်ဖုများ** - သစ်ဥ သစ်ဖုများအပါအဝင် မျောက်ဥ၊ အာလူး၊ ကန်စွန်းဥအဖြူနှင့် ပိန်းဥ | |
| **ပဲခြမ်းများ** - ပဲအမျိုးမျိုးအပါအဝင် ပဲခြမ်းဝါ၊ ပဲနီကလေး၊ ပဲစေ့၊ မြေပဲ၊ ပဲပုပ်စေ့၊ ပဲနို့ရည်၊ ပဲပြား | |
| **နို့နှင့်နို့ထွက်ပစ္စည်းများ** - နွားနို့ (သို့) နို့မှုန့်၊ ဒိန်ချဉ် အပါအဝင်ဖြစ်သည် (နို့ဆီမပါ) | |
| **တိရစ္ဆာန်အသား** - လတ်ဆတ်သောအသား အပါအဝင် အမဲသား၊ အမဲပူး၊ ဝက်သား၊ ဆိတ်သား၊ ကြက်သား၊ဘဲသား၊ငှက်သား၊ ပိုးကောင်များ၊ ဖား၊ တောတိရစ္ဆာန်အသားများ | |
| **ငါး/အခွံမာရှိသောငါး** - (လတ်ဆတ်သော ငါးအပါအဝင် ငါးခြောက်၊ ငါးဆားနယ်၊ ငါးပူး၊ (သို့) အခွံမာရှိသောငါးများ) | |
| **တိရစ္ဆာန်ဝမ်းတွင်းသား** - (တိရစ္ဆာန်အသည်း၊ ကျောက်ကပ်၊ နှလုံး (သို့မဟုတ်) အခြားကလီစာများ | |
| **ဥအမျိုးမျိုး** | |
| **ဟင်းသီးဟင်းရွက် တစ်မျိုးမျိုး** | |
| **အဝါရောင်/လိမ္မော်ရောင် ဟင်းသီးဟင်းရွက်များ** - ( ရွှေဖရုံသီး၊ မုန်လာဥနီ၊ ငရုပ်ပွနီ၊ ကန်စွန်းဥ အဝါရောင် အပါအဝင်) | |
| **အစိမ်းရင့်ရောင်ဟင်းရွက်များ**- ကိုက်လန်ရွက်၊ရွှေဖရုံညွန့်သို့မဟုတ် အစိမ်းရင့်ရောင်ရှိသော အခြား ဟင်းရွက်များအပါအဝင်သစ်သီးတစ်မျိုးမျိုး | |

| | |
|---|---|
| **အဝါရောင်/လိမ္မော်ရောင်သစ်သီးများ** - သရက်သီး၊ သင်္ဘောသီးနှင့် အလားတူ သစ်သီးများ အပါအဝင်ဖြစ်သည် (လိမ္မော်သီးနှင့် ငှက်ပျောသီးများမပါ) | |
| **ဟင်းသီးဟင်းရွက်ဆီနှင့်တိရစ္ဆာန်အဆီများ** - စားဆီ၊ ထောပတ်ဆီနှင့် တိရစ္ဆာန်အဆီများအပါအဝင် | |
| **သကြား** - သကြား၊ ပျားရည်၊ ယို၊ ကိတ်မုန့်များ၊ အချိုရည်များနှင့် မုန့်ခြောက် အချိုများ၊ နို့ဆီ၊ ကော်ဖီ၊ တီးမစ်၊ကော်ဖီမစ်၊ မိုင်လိုနှင့် အိုဗာတင်းအပါအဝင် | |
| **ဟင်းခတ်အမွှေးအကြိုင်များ/ အဆာပလာများ**-ဆား၊ ငရုပ်သီး၊ လက်ဖက်၊ ရိုဒီအသားမှုန့်၊ ဟင်းချိုမှုန့်၊ ငါးပိ၊ ပုဇွန်ငါးပိ | |

**၃။ သင့်မိသားစုသောက်သုံးရေအတွက် အဓိက ဘယ်အရင်းအမြစ်ကနေရသလဲ? (တခုသာမှတ်ပါ)**

၁။ ☐ ကာကွယ်ထားသည့် ရေအရင်းအမြစ် (အဝီစိ၊ ကျောက်စီရေတွင်း၊ ခြံခတ်ထားသည့် ရေထွက်ပေါက်)
၂။ ☐ မကာကွယ်ထားသည့် ရေအရင်းအမြစ် (မြစ်ရေ၊ ကန်ရေ၊ သာမန်မြေတူးရေတွင်း)
၃။ ☐ မသိပါ

**၄။ သင့်မိသားစု ပုံမှန်ဘယ်လိုအိမ်သာမျိုးသုံးပါသလဲ? (တခုသာမှတ်ပါ)**

၁။ ☐ ရေသုံးအိမ်သာ
၂။ ☐ မြေတွင်းတူးရေမလိုအိမ်သာ
၃။ ☐ မြေတွင်းမတူးအိမ်သာ
၄။ ☐ အိမ်သာမရှိ
၅။ ☐ အခြား....................
၆။ ☐ မသိပါ။

**၅။ သင့်မိသားစုစိုက်ပျိုးရေးအတွက် သင်ဘယ်လိုစိုက်ပျိုးမြေမျိုးရှိသလဲ? (တကွက်သာမှတ်ပါ)**

၁။ လယ်ခြံမြေမရှိပါ
၂။ မီးဖိုချောင်အတွက် စားပင်ခြံငယ်သာရှိ
၃။ ၂ ဧကထက်ငယ်၍ ရေသွယ်မြောင်းမရှိပါ
၄။ ၂ ဧကထက်ငယ်၍ ရေသွယ်တူးမြောင်းရှိ
၅။ ၂ ဧကထက်ကျယ်၍ ရေသွယ်မြောင်းမရှိပါ
၆။ ၂ ဧကထက်ကျယ်၍ ရေသွယ်တူးမြောင်းရှိ

**၆။ သင့်အိမ်ထောင်စုတွင် ၆လ မှ ၅နှစ်ကြား ကလေးငယ် ဘယ်နှစ်ဦး ရှိပါသလဲ? (တကွက်သာမှတ်ပါ)**

(မှတ်ချက် - ၅နှစ်ပြည့်မွေးနေ့ ကျော်လွန်ပြီးသော ကလေးငယ်များကို မထည့်သွင်းပါနှင့်)

၁။ ☐ တယောက် သို့မဟုတ် တယောက်ထက်မက ရှိသည် (မေးခွန်း နံပါတ် ၇ သို့ဆက်သွားပါ)
၂။ ☐ တယောက်မှမရှိပါ (ဒီမေးခွန်းဟာ သင့်အတွက်နောက်ဆုံးမေးခွန်းဖြစ်ပါတယ်။ ဖြေကြားပေးတဲ့အတွက် ကျေးဇူးတင်ပါတယ်)

**၆ လ နှင့် ၅နှစ်ကြား ကလေးငယ်တဦးစီအတွက် အောက်တွင် ကျန်ရှိသော မေးခွန်းများကို ခွဲခြား၍ ဖြေကြားပေးပါ။ (မှတ်ချက် - ၅နှစ်ပြည့်မွေးနေ့ ကျော်လွန်ပြီးသော ကလေးငယ်များကို မထည့်သွင်းပါနှင့်)**

**၇။ ကလေးငယ်များ၏ လိင်**

| | | |
|---|---|---|
| ပထမကလေး | ၁။ ☐ ကျား | ၂။ ☐ မ |
| ဒုတိယကလေး | ၁။ ☐ ကျား | ၂။ ☐ မ |
| တတိယကလေး | ၁။ ☐ ကျား | ၂။ ☐ မ |
| စတုတ္ထကလေး | ၁။ ☐ ကျား | ၂။ ☐ မ |

**၈။ ကလေးငယ်များ၏ မွေးနေ့**

| | | | | |
|---|---|---|---|---|
| ပထမကလေး | - ခုနှစ်...................... | လ.......................... | ရက်.................... | ☐ မမှတ်မိပါ |
| ဒုတိယကလေး | - ခုနှစ်...................... | လ.......................... | ရက်.................... | ☐ မမှတ်မိပါ |
| တတိယကလေး | - ခုနှစ်...................... | လ.......................... | ရက်.................... | ☐ မမှတ်မိပါ |
| စတုတ္ထကလေး | - ခုနှစ်...................... | လ.......................... | ရက်.................... | ☐ မမှတ်မိပါ |

**၉။ ကလေးငယ်များ၏ ကိုယ်လေးချိန်**

ပထမကလေး .....................ကီလိုဂရမ် ☐ တိုင်းတာရန်မဖြစ်နိုင်ပါ
ဒုတိယကလေး .....................ကီလိုဂရမ် ☐ တိုင်းတာရန်မဖြစ်နိုင်ပါ
တတိယကလေး ...................ကီလိုဂရမ် ☐ တိုင်းတာရန်မဖြစ်နိုင်ပါ
စတုတ္ထကလေး .....................ကီလိုဂရမ် ☐ တိုင်းတာရန်မဖြစ်နိုင်ပါ

**၁၀။ ကလေးငယ်များ၏ အရပ်အမောင်း**

(မှတ်ချက် - ကလေးငယ်သည် ၂ နှစ် နှင့် ၅ နှစ်ကြား ဖြစ်ပါက မတ်တပ်ရပ်တိုင်း ရမည်ဖြစ်ပြီး ၂နှစ်အောက်ကလေးငယ်များကို လှဲလျောင်း၍ တိုင်းထွာရပါမည်)

ပထမကလေး - ..................... စင်တီမီတာ ☐ တိုင်းတာရန်မဖြစ်နိုင်ပါ
ဒုတိယကလေး - ..................... စင်တီမီတာ ☐ တိုင်းတာရန်မဖြစ်နိုင်ပါ
တတိယကလေး - ................... စင်တီမီတာ ☐ တိုင်းတာရန်မဖြစ်နိုင်ပါ
စတုတ္ထကလေး - ..................... စင်တီမီတာ ☐ တိုင်းတာရန်မဖြစ်နိုင်ပါ

**၁၁. ကလေးငယ်တဦးချင်းစီကို မိခင်နို့တခုထဲသာ တိုက်ကျွေးခဲ့တာ ဘယ်နှစ်လထိလဲ? (ရေ၊အရည်တမျိုးမျိုး သို့မဟုတ် အခြားအစား အစာမတိုက်ကျွေးခဲ့ပါ)**

ပထမကလေး ☐ ၁။ ၆လအောက် ☐ ၂။ ၆လထက်ကျော် ☐ ၃။ မသိပါ ☐ ၄။ မိခင်နို့တစ်မျိုးတည်းမတိုက်ဖူးပါ
ဒုတိယကလေး ☐ ၁။ ၆လအောက် ☐ ၂။ ၆လထက်ကျော် ☐ ၃။ မသိပါ ☐ ၄။ မိခင်နို့တစ်မျိုးတည်းမတိုက်ဖူးပါ
တတိယကလေး ☐ ၁။ ၆လအောက် ☐ ၂။ ၆လထက်ကျော် ☐ ၃။ မသိပါ ☐ ၄။ မိခင်နို့တစ်မျိုးတည်းမတိုက်ဖူးပါ
စတုတ္ထကလေး ☐ ၁။ ၆လအောက် ☐ ၂။ ၆လထက်ကျော် ☐ ၃။ မသိပါ ☐ ၄။ မိခင်နို့တစ်မျိုးတည်းမတိုက်ဖူးပါ

**၁၂။ Edema (Both feet): ဖေါရောင်ခြင်း (ခြေနှစ်ဖက်စလုံး)**

ပထမကလေး ☐ ၁။ ကျီးကန်းပါးစပ်နာ ဖြစ်ပါသည် ☐ ၂။ မဖြစ်ပါ
ဒုတိယကလေး ☐ ၁။ ကျီးကန်းပါးစပ်နာ ဖြစ်ပါသည် ☐ ၂။ မဖြစ်ပါ
တတိယကလေး ☐ ၁။ ကျီးကန်းပါးစပ်နာ ဖြစ်ပါသည် ☐ ၂။ မဖြစ်ပါ
စတုတ္ထကလေး ☐ ၁။ ကျီးကန်းပါးစပ်နာ ဖြစ်ပါသည် ☐ ၂။ မဖြစ်ပါ

**၁၃။ အရပ်အမြင့်အတွက်ကိုယ်အလေးချိန် z-score အမှတ် (ကမ္ဘာ့ကျန်းမာရေးအဖွဲ့ချုပ် WHO ဇယားပါ z-score အမှတ် နှင့် လွှဲပြောင်းပေးခြင်း ကို ကိုးကားရန်)**

ပထမကလေး ☐ ၁။ < -၃ ☐ ၂။ < - ၂ ☐ ၃။ -၂ ☐ ၄။ <-၁.၅ ☐ ၅။ > - ၁.၅ ☐ ၆။ မသိပါ
ဒုတိယကလေး ☐ ၁။ < -၃ ☐ ၂။ < - ၂ ☐ ၃။ -၂ ☐ ၄။ <-၁.၅ ☐ ၅။ > - ၁.၅ ☐ ၆။ မသိပါ
တတိယကလေး ☐ ၁။ < -၃ ☐ ၂။ < - ၂ ☐ ၃။ -၂ ☐ ၄။ <-၁.၅ ☐ ၅။ > - ၁.၅ ☐ ၆။ မသိပါ
စတုတ္ထကလေး ☐ ၁။ < -၃ ☐ ၂။ < - ၂ ☐ ၃။ -၂ ☐ ၄။ <-၁.၅ ☐ ၅။ > - ၁.၅ ☐ ၆။ မသိပါ

**၁၄။ လွှဲပြောင်းပေးသည့်နေရာ -**

ပထမကလေး ☐ ၁. ဆေးခန်း ☐ ၂. လွှဲပြောင်းပေးရန်မလိုပါ။
ဒုတိယကလေး ☐ ၁. ဆေးခန်း ☐ ၂. လွှဲပြောင်းပေးရန်မလိုပါ။
တတိယကလေး ☐ ၁. ဆေးခန်း ☐ ၂. လွှဲပြောင်းပေးရန်မလိုပါ။
စတုတ္ထကလေး ☐ ၁. ဆေးခန်း ☐ ၂. လွှဲပြောင်းပေးရန်မလိုပါ။

မှတ်ချက်။ အောက်ပါမေးခွန်းများသည် စခန်းများအတွက် ရည်ရွယ်သော ကနဦး မေးခွန်းပုံစံတွင် ထည့်သွင်းခဲ့သော်လည်း ပဋိပက္ခဒဏ်ခံရသော ရပ်ရွာဒေသများတွင် စစ်တမ်းကောက်ခံသော မေးခွန်းပုံစံများတွင် မပါဝင်ပါ။

လာမည့်နှစ်တွင် သင့်အိမ်ထောင်စုသည် မည်သည့်နေရာတွင် နေထိုင်ရန် စီစဉ်ထားပါသနည်း၊ အကွက် တစ်ကွက်တွင်သာ အမှတ်အသားပြုပါ။

(၁) ☐ လက်ရှိ IDP စခန်းနေရာတွင်နေထိုင်မည်။
(၂) ☐ မြန်မာပြည် မြို့တစ်မြို့သို့ ပြောင်းရွှေ့နေထိုင်မည်။
(၃) ☐ မြန်မာပြည် ရွာတစ်ရွာသို့ ပြောင်းရွှေ့နေထိုင်မည်။
(၄) ☐ ထိုင်းနိုင်ငံသို့ ပြောင်းရွှေ့နေထိုင်မည်။
(၅) ☐ အချို့ကလက်ရှိ IDP စခန်းနေရာတွင်နေထိုင်မည်။ အချို့က ထိုင်းနိုင်ငံသို့ ပြောင်းရွှေ့နေထိုင်မည်။
(၆) ☐ အချို့ကလက်ရှိ IDP စခန်းနေရာတွင်နေထိုင်မည်။ အချို့က မြန်မာနိုင်ငံသို့ ပြောင်းရွှေ့နေထိုင်မည်။
(၇) ☐ အချို့ကလက်ရှိ IDP စခန်းနေရာတွင် နေထိုင်မည်။ အချို့က ထိုင်းနိုင်ငံသို့၊ အချို့က မြန်မာနိုင်ငံသို့ပြောင်းရွှေ့နေထိုင်မည်။
(၈) ☐ မသိပါ
(၉) ☐ အခြား

လွန်ခဲ့သော လအတွက် သင့်အိမ်ထောင်စု ၏ အဓိက ဝင်ငွေရရှိသော လမ်းကြောင်းကိုဖော်ပြပါ။ အကွက် တစ်ကွက် တွင်သာ အမှတ်အသား ပြုပါ။

(၁) ☐ နေ့စားလုပ်အားခ (ကျွမ်းကျင်မှုမဲ့အလုပ်)
(၂) ☐ လစာရသောအလုပ်
(၃) ☐ စိုက်ပျိုးရေးထုတ်ကုန်ရောင်းချခြင်း
(၄) ☐ မွေးမြူရေးတိရစ္ဆာန် နှင့် ထုတ်ကုန်ရောင်းချခြင်း
(၅) ☐ အသေးစား လက်လီ အရောင်းအဝယ်
(၆) ☐ ငါးဖမ်းခြင်း/အမဲလိုက်ခြင်း
(၇) ☐ ထင်း/သစ်တောထွက်ကုန် ကောက်ယူခြင်း ။
(၈) ☐ အကူအညီ သို့မဟုတ် ငွေပို့ပေးခြင်း
(၉) ☐ လွန်ခဲ့သော လ ဝင်ငွေမရှိပါ။
(၁၀) ☐ မသိပါ

လွန်ခဲ့သောလတွင် အစားအစာနှင့် အခြားအခြေခံလိုအပ်ချက်များအတွက် သင်သုံးစွဲခဲ့သော အသုံးစရိတ်စုစုပေါင်းကို အချိုးကျ ခန့်မှန်းဖော်ပြပါ။ အသုံးစရိတ် ခေါင်းစဉ်အားလုံးကို သတ်မှတ်ပြီး ကျောက်တုံး ၁၀ တုံးကို အသုံးပြုပြီး အချိုးကျခန့်မှန်းပေးပါ။

| အသုံးစရိတ်များ | အသုံးစရိတ် ရာခိုင်နှုန်း |
|---|---|
| (၁) အသုံးစရိတ် လုံးဝ မရှိပါ | |
| (၂) အစားအစာ | |
| (၃) အဝတ်အစား/နေအိမ် | |
| (၄) အိမ်သုံးပစ္စည်းများ (ဥပမာ - ဆပ်ပြာ၊ ရေနံဆီ၊ ဖယောင်းတိုင်..အစရှိသည်တို့) | |
| (၅) ကျန်းမာရေး၊ ဆေးဝါး | |
| (၆) ပညာရေး | |
| (၇) သွားလာရေး | |
| (၈) လယ်ယာ/ စီးပွားရေးမြှုပ်နှံမှု | |
| (၉) အကြွေးပေးချေခြင်း | |
| (၁၀) အခြား (ဖော်ပြပါ) | |
| စုစုပေါင်း | ၁၀၀% |

# နောက်ဆက်တွဲ ၃
# ပြည်တွင်း နေရပ်စွန့်ခွာထွက်ပြေးမှု စစ်တမ်းလမ်းညွှန်များ

ရည်ရွယ်ချက်မှာ ပြည်တွင်းဒုက္ခသည်များ အတိုင်းအတာ၊ အရေအတွက်နှင့် အခြေခံအကြောင်းအရင်းများကို သိရှိရန် ဖြစ်သည်။ ကျေးဇူးပြု၍ မြို့နယ်တစ်မြို့နယ်ချင်းစီ၏ အရေအတွက်များကို အောက်တွင်ပေးထားသည့် ဇယားကွက်ထဲတွင် ဖြည့်စွက်ပေးပါ။ (ဥပမာ - တစ်မြို့နယ်လျှင် ဇယားတစ်ကွက်)

| | |
|---|---|
| မြို့နယ်အမည် (မြန်မာပြည်မြေပုံအရ) | ........................................................................... |
| အချက်အလက်ပေးသူ၏ နောက်ခံအကြောင်း | (၁)..................................................................... |
| | (၂)..................................................................... |
| | (၃)..................................................................... |

၁။ လွန်ခဲ့တဲ့ ၁၂ လ လအတွင်း လက်နက်ပဋိပက္ခဒဏ်ကြောင့် အိုးအိမ်စွန့်ပစ် ထွက်ပြေးရသူ ဒုက္ခသည်စုစုပေါင်း ဘယ်လောက်ရှိပါသလဲ?

၂။ လွန်ခဲ့တဲ့ ၅ နှစ် အတွင်း လက်နက်ပဋိပက္ခဒဏ်ကြောင့် အိုးအိမ်စွန့်ပစ်ထွက်ပြေးရသူ ဒုက္ခသည်စုစုပေါင်း ဘယ်လောက်ရှိပါသလဲ?

၃။ လွန်ခဲ့တဲ့ ၁၂ လ အတွင်း သဘာ၀ဘေးဒဏ်ကြောင့် အိုးအိမ်စွန့်ပစ်ထွက်ပြေးရသူ ဒုက္ခသည်စုစုပေါင်း ဘယ်လောက်ရှိပါသလဲ?

၄။ လွန်ခဲ့တဲ့ ၅ နှစ် အတွင်း သဘာ၀ဘေးဒဏ်ကြောင့် အိုးအိမ်စွန့်ပစ်ထွက်ပြေးရသူ ဒုက္ခသည်စုစုပေါင်း ဘယ်လောက်ရှိပါသလဲ?

၅။ လွန်ခဲ့တဲ့ ၁၂ လ အတွင်း အကြီးစား ဖွံ့ဖြိုးရေးစီမံကိန်းများကြောင့် အိုးအိမ်စွန့်ပစ်ထွက်ပြေးရသူ ဒုက္ခသည်စုစုပေါင်း ဘယ်လောက် ရှိပါသလဲ

၆။ လွန်ခဲ့တဲ့ ၅ နှစ် အတွင်း အကြီးစား ဖွံ့ဖြိုးရေးစီမံကိန်းများကြောင့် အိုးအိမ်စွန့်ပစ်ထွက်ပြေးရသူ ဒုက္ခသည်စုစုပေါင်း ဘယ်လောက်ရှိပါသလဲ

၇။ လွန်ခဲ့တဲ့ ၁၂ လ အတွင်း လုံခြုံဘေးကင်းစွာနဲ့ ဂုဏ်သိက္ခာရှိရှိ မိမိတို့ ရွာဟောင်းသို့ ဒါမှမဟုတ် တစ်နေရာရာမှာ ပြန်လည်အခြေချနေထိုင်ခဲ့တဲ့ ပြည်တွင်းဒုက္ခသည်ပေါင်း ဘယ်လောက်ရှိပါသလဲ?

၈။ လွန်ခဲ့တဲ့ ၅ နှစ် အတွင်း လုံခြုံဘေးကင်းစွာနဲ့ ဂုဏ်သိက္ခာရှိရှိ မိမိတို့ ရွာဟောင်းသို့ ဒါမှမဟုတ် တစ်နေရာရာမှာ ပြန်လည်အခြေချ နေထိုင်ခဲ့တဲ့ ပြည်တွင်းဒုက္ခသည်ပေါင်း ဘယ်လောက်ရှိပါသလဲ?

၉။ ဤမြို့နယ်အတွင်း အိုးအိမ်စွန့်ပစ်ထွက်ပြေးခံခဲ့ရပြီး ပြည်တွင်းတွင်သာ ကျန်နေကာ လုံခြုံဘေးကင်းစွာနဲ့ ဂုဏ်သိက္ခာရှိရှိ မိမိတို့ ရွာဟောင်းသို့ ဒါမှမဟုတ် တနေရာရာမှာ အခြေချနေထိုင်နိုင်ခြင်း မရှိတဲ့ ပြည်တွင်းဒုက္ခသည် ဦးရေ ဘယ်လောက် ရှိပါသလဲ?

| | ပထမ အချက် အလက်ပေးသူ၏ ခန့်မှန်းခြေ | ဒုတိယအချက် အလက် ပေးသူ၏ ခန့်မှန်းခြေ | တတိယ အချက် အလက် ပေးသူ၏ ခန့်မှန်းခြေ | ဖြစ်နိုင်ချေ အရှိဆုံး ခန ခန့်မှန်းချေ | ရှင်းလင်းချက် (ဥပမာ) အဓိကဖြစ်စဉ် အကြောင်း အရင်း |
|---|---|---|---|---|---|
| ၁။ လွန်ခဲ့သည့် ၁၂ လ အတွင်း ပဋိပက္ခကြောင့် အိုးအိမ် စွန့်ပစ်ထွက်ပြေးရသူ စုစုပေါင်း | | | | | |
| ၂။ လွန်ခဲ့သည့် ၅ နှစ် အတွင်း ပဋိပက္ခကြောင့် အိုးအိမ် စွန့်ပစ်ထွက်ပြေးရသူ စုစုပေါင်း | | | | | |
| ၃။ လွန်ခဲ့သည့် ၁၂ လ အတွင်း သဘာဝဘေးဒဏ် ကြောင့် အိုးအိမ်စွန့်ပစ်ထွက်ပြေးရသူ စုစုပေါင်း | | | | | |
| ၄။ လွန်ခဲ့သည့် ၅နှစ် အတွင်း သဘာဝဘေးဒဏ်ကြောင့် အိုးအိမ်စွန့်ပစ်ထွက်ပြေးရသူ စုစုပေါင်း | | | | | |
| ၅။ လွန်ခဲ့သည့် ၁၂ လ အတွင်း အကြီးစား စီမံကိန်းများ ကြောင့် အိုးအိမ်စွန့်ပစ် ထွက်ပြေးရသူ စုစုပေါင်း | | | | | |
| ၆။ လွန်ခဲ့သည့် ၅ နှစ် အတွင်း အကြီးစားစီမံကိန်းများ ကြောင့် အိုးအိမ်စွန့်ပစ်ထွက်ပြေးရသူ စုစုပေါင်း | | | | | |
| ၇။ လွန်ခဲ့သည့် ၁၂ လ အတွင်း မိမိရွာဟောင်း (သို့) တစ်နေရာရာတွင် ပြန်လည်အခြေချနေထိုင်နိုင်ခဲ့သူ စုစုပေါင်း | | | | | |
| ၈။ လွန်ခဲ့သည့် ၅ နှစ် အတွင်း မိမိရွာဟောင်း (သို့) တစ်နေရာရာတွင် ပြန်လည်အခြေချနေထိုင်နိုင်ခဲ့သူ စုစုပေါင်း | | | | | |
| ၉။ ယခုအချိန်ထိ အိုးအိမ်စွန့်ပစ်ထွက်ပြေးနေရပြီး ပြည်တွင်း ဒုက္ခသည်အဖြစ် ဆက်လက်နေထိုင် နေရသူ လူဦးရေ စုစုပေါင်း | | | | | |

**ကျေးဇူးတင်ပါတယ်။**

# နောက်ဆက်တွဲ ၄
# နေရပ်ပြန်လာသူ ဒုက္ခသည်များအား
# မေးခွန်းမေးမြန်းခြင်းဆိုင်ရာ လမ်းညွှန်များ

မင်္ဂလာပါ။ ကျနော်/ကျမ နာမည်က ---- ဖြစ်ပါတယ်။ ကျနော်/ကျမ က --- လို့ခေါ်တဲ့ အဖွဲ့အစည်းကပါ။ ကျနော်/ကျမတို့ အနေနဲ့ မိတ်ဆွေတို့ ခုလို ထိုင်းနိုင်ငံကနေပြန်လာပြီး ပြည်တွင်းမှာ ပြန်လည်ပေါင်းစည်းနေထိုင်နေတဲ့ အခြေအနေတွေနဲ့ ပတ်သက်ပြီး သဘောထားအမြင်တွေကို မှတ်တမ်းတင်ချင်တာဖြစ်ပါတယ်။ အခုရရှိလာတဲ့ ဖြေကြားချက် အချက်အလက်တွေကို စခန်းတွေမှာ ကျန်နေတဲ့ ဒုက္ခသည်တွေ၊ အကူအညီပေးနေတဲ့ အဖွဲ့အစည်းတွေ၊ ဒေသခံအာဏာပိုင်တွေကို ဝေမျှခြင်းအားဖြင့် မိတ်ဆွေတို့ရဲ့ အတွေ့အကြုံတွေကို အခြားသူတွေ လေ့လာနိုင်မှာဖြစ်ပါတယ်။ ခုလိုမေးမြန်းတာနဲ့ပတ်သက်ပြီး ကျနော်တို့ ဖက်ကနေ အကူအညီပေးဖို့ မေးမြန်းတာလဲ မဟုတ်ဘူး၊ နောက်အနာဂတ်မှာလဲ အကူအညီတွေရမယ်လို့ ဂတိမပေးပါဘူး။ ကျေးဇူးပြုပြီး အခြေအနေမှန်ကို ရိုးရိုးသားသားပဲ ဖြေပေးစေချင်ပါတယ်။ ခုလိုဖြေကြားဖို့အတွက် ဆန္ဒရှိပါရဲ့လား? အင်တာဗျူးလုပ်တဲ့အချိန်မှာ ဗီဒီယိုနဲ့ မှတ်တမ်းတင် ရင်ရောဆန္ဒရှိပါရဲ့လား?

ရွာအမည်၊ လတ်တီတွဒ် လောင်ဂျီတွဒ်များကို အင်တာဗျူးမစခင် ဗွီဒီယိုထဲတွင်ထည့်သွင်းပေးရန်

- **ကျေးဇူးပြုပြီး ကိုယ့်ကိုယ်ကို မိတ်ဆက်ပေးလို့ ရမလား?**
  (နောက်ဆက်တွဲ မေးခွန်းများအနေနဲ့ အရင်တုံးက ဘာအကြောင်းကြောင့် ထိုင်းနိုင်ငံဖက် ထွက်ပြေးခဲ့ရသလဲ၊ ဘယ်စခန်းမှာ ဘယ်လောက်ကြာကြာနေခဲ့သလဲ၊ ဘယ်အချိန်တုံးက ဒီဖက်ကို ပြန်လာခဲ့သလဲ စတာတွေပါနိုင်ပါတယ်)

- **ခုလို ပြည်တွင်းကို ပြန်လည်အခြေချနေထိုင်ရခြင်းရဲ့ အဓိက အကြောင်းအရင်းတွေက ဘာတွေလဲ?**
  (နောက်ဆက်တွဲ မေးခွန်းများအနေနဲ့ မိသားစုနှင့် ဆက်သွယ်မှုရှိခြင်း၊ သတင်းအချက်အလက် ရယူနိုင်ခြင်း၊ ငြိမ်းချမ်းရေးဖြစ်စဉ်၊ ဒုက္ခသည်စခန်းများတွင် အကူအညီလျော့ကျခြင်းများ စတာတွေနဲ့ ဆက်စပ်နိုင်ပါတယ်)

- **UNHCR ဒါမှမဟုတ် အစိုးရဆီကနေ မိတ်ဆွေတို့မပြန်ခင်၊ ပြန်လာတဲ့အချိန်အတောအတွင်း၊ ပြန်လာပြီး နောက်ပိုင်း အကူအညီတွေ ပေးခဲ့တာရှိလား?**
  (နောက်ဆက်တွဲ မေးခွန်းများအနေနဲ့ ရွေးချယ်စရာလမ်းကြောင်း နှင့်ပတ်သက်တဲ့ ဆွေးနွေးလမ်းညွှန်မှု၊ ပြန်လာရန်လျာထားသည့် ဒေသအတွင်း အခြေအနေများနှင့်ပတ်သက်သည့် သတင်းအချက်အလက်၊ သယ်ယူပို့ဆောင်ရေးဆိုင်ရာ အထောက်အပံ့ပေးခဲ့မှု၊ ပြန်လည်ပေါင်းစည်း နေထိုင်ရန်အတွက် ငွေကြေးထောက်ပံ့မှု၊ မှတ်ပုံတင်ရရန်အတွက် တရားဝင် ကူညီပံ့ပိုးမှု၊ အခြားအဖွဲ့အစည်း တစ်ခုခုသို့ လွှဲပြောင်းပေးခြင်း၊ စတာတွေနဲ့ ဆက်စပ်နိုင်ပါတယ်)

- **တိုင်းရင်းသား အာဏာပိုင်များ (ဥပမာ KNU, KNPP) ဆီကနေ မိတ်ဆွေတို့မပြန်ခင်၊ ပြန်လာတဲ့ အချိန်အတောအတွင်း၊ ပြန်လာပြီး နောက်ပိုင်း အကူအညီတွေ ပေးခဲ့တာရှိလား?**
- (နောက်ဆက်တွဲ မေးခွန်းများအနေနဲ့ ရွေးချယ်စရာလမ်းကြောင်းနှင့်ပတ်သက်တဲ့ ဆွေးနွေးလမ်းညွှန်မှု၊ ပြန်လာရန်လျာထားသည့် ဒေသအတွင်း အခြေအနေများနှင့်ပတ်သက်သည့် သတင်းအချက်အလက်၊ သယ်ယူပို့ဆောင်ရေးဆိုင်ရာ အထောက်အပံ့ပေးခဲ့မှု၊ ပြန်လည်ပေါင်းစည်းနေထိုင်ရန်အတွက် ငွေကြေးထောက်ပံ့မှု၊ မှတ်ပုံတင်ရရန်အတွက် တရားဝင် ကူညီပံ့ပိုးမှု၊အခြား အဖွဲ့အစည်းတစ်ခုခုသို့ လွှဲပြောင်းပေးခြင်း၊ စတာတွေနဲ့ ဆက်စပ်နိုင်ပါတယ်)


- **ဒီကိုအပြီးအပိုင်ပြန်မလာခင် မိတ်ဆွေရဲ့ အရင်ရွာဟောင်းကို ပြန်ဖူးပါလား သို့မဟုတ် မြန်မာပြည်တွင်း တစ်နေနေရာရာမှာ အခြေချနေထိုင်ခဲ့ဖူးသလား?**
  (နောက်ဆက်တွဲမေးခွန်းများအနေနဲ့ ပြန်မဲ့နေရာမှာ (သို့) ပြန်လည်အခြေချမဲ့နေရာမှာ နေထိုင်နေတဲ့ မိသားစုဝင် သို့မဟုတ် အခြားဆက်နွယ်မှုတခုခု၊ ဒီနေရာကို ရွေးချယ်ရခြင်းရဲ့ အကြောင်းအရင်းများ စတာတွေနဲ့ ဆက်စပ်နိုင်ပါတယ်)

- **ပြန်လာအခြေချနေထိုင်ပြီးကတည်းက ဘာတွေအဓိက စိတ်ခေါ်မှုတွေ အဟန့်အတားတွေနဲ့ ကြုံနေရလဲ?**
  (နောက်ဆက်တွဲ မေးခွန်းများအနေနဲ့ နေထိုင်ရာအိမ်၊ ကျန်းမာရေးစောင့်ရှောက်မှု၊ ပညာရေး၊ အစားအစာ လုံခြုံရေး၊ အသက်မွေးဝမ်းကျောင်း၊ နိုင်ငံသားဖြစ်မှု သို့မဟုတ် လူမှုရေးအရ အထီးကျန်ခြင်း စတာတွေနဲ့ ဆက်စပ်နိုင်ပါတယ်)

- **ပြန်လာအခြေချ နေထိုင်ပြီးကတည်းက ဘာတွေ အဓိကအောင်မြင်မှုတွေ ကျော်လွှားနိုင်မှုတွေ ရှိခဲ့သလဲ?**
  (နောက်ဆက်တွဲ မေးခွန်းများအနေနဲ့ နေထိုင်ရာအိမ်၊ ကျန်းမာရေးစောင့်ရှောက်မှု၊ ပညာရေး၊ အစားအစာလုံခြုံရေး၊ အသက်မွေးဝမ်းကျောင်း၊ နိုင်ငံသားဖြစ်မှု၊ မိသားစုဝင်များနှင့် ပြန်လည်ပေါင်းစည်း နေထိုင်နိုင်ခြင်း၊ လူမှုအသိုက်အဝန်းနှင့် ပေါင်းစည်းနေထိုင်မှု၊ လွတ်လွတ်လပ်လပ်သွားလာနိုင်ခြင်း စတာတွေနဲ့ ဆက်စပ်နိုင်ပါတယ်)

- **အခုလိုအပြောင်းအလဲတွေ ဖြစ်ရတဲ့အပေါ် ဒုက္ခသည်စခန်းမှာ ကျန်နေတဲ့ ဒုက္ခသည်တွေကို မျှဝေဖို့ ဘာသင်ခန်းစာတွေရှိလဲ?**
  (နောက်ဆက်တွဲမေးခွန်းများအနေနဲ့ သတင်းအချက်အလက် အရင်းအမြစ်၊ မိမိကိုယ်ကို ယုံကြည်အားထားခြင်း၊ မိသားစုနဲ့ ဒေသခံတို့ ကူညီပံ့ပိုးမှုအနေအထား၊ အာဏာပိုင်များနဲ့ ထိတွေ့ဆက်ဆံမှုများ စတာတွေနဲ့ ဆက်စပ်နိုင်ပါတယ်)

- **အာဏာပိုင်များနဲ့ အကူအညီပေးနေတဲ့ အဖွဲ့အစည်းတွေကို ဒီလို ပြန်လည်နေထိုင်ခြင်း၊ ပြန်လည်ပူးပေါင်းနေထိုင်ခြင်းတို့နဲ့ ပတ်သက်ပြီး ဒီထက်ပို ကူညီနိုင်အောင် မိတ်ဆွေအနေနဲ့ ဘာတွေ အကြံပေးချင်တာများရှိလဲ?**
  (နောက်ဆက်တွဲမေးခွန်းများအနေနဲ့ ပြင်ဆင်မှု စတင်ခဲ့တဲ့အချိန်ကာလ၊ ပြန်လာချိန်မှာ ကူညီဆောင်ရွက်ပေးမှု အခြေအနေ၊ ပြန်လည်အခြေချ နေထိုင်ရာမှာ ရေတိုစိန်ခေါ်မှု၊ ပြန်လည်ပူးပေါင်းနေထိုင်ရာတွင် ရေရှည်စိန်ခေါ်မှု စတာတွေနဲ့ ဆက်စပ်နိုင်ပါတယ်)



The Border Consortium

**နယ်စပ်အကူအညီပေးရေး ညွှန့်ပေါင်းအဖွဲ့ (TBC)**

TBC သည် အကျိုးအမြတ်မယူ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းတခုဖြစ်ပြီး၊ မြန်မာနိုင်ငံအတွင်း အိုးအိမ်စွန့်ပစ် ထွက်ပြေးရသူများ၊ ပဋိပက္ခဒဏ်သင့်သူများနှင့် မဟာမိတ်တည်ဆောက်ကာ လူသားချင်းစာနာမှု လိုအပ်ချက်များ ဖြည့်ဆည်းပေးရေး၊ ရပ်ရွာအခြေပြုသော ငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးရေးတို့အတွက် ဆောင်ရွက်လျက်ရှိသည်။

www.theborderconsortium.org